www.burmeseclassic.com



# ခေတ်တံခါး ခေတ်စကား

## ချစ်စံဝင်း

www.burmeseclassic.com

www.burmeseclassic.com

ဆရာချစ်စံဝင်း၏ ၁၁၉ အုပ်မြောက်စာအုပ်

# ချစ်စံဝင်း

# ခေတ်တံခါး၊ ခေတ်စကား

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**

၄၀၁၁၆၁၀၅၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၄၀၀၃၁၃၀၆၀၄

**ထုတ်ဝေသည့်ကာလ**

၂၀၀၆-ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်

**စောင်ရေ**

၁၀၀၀

**မျက်နှာဖုံးဒီဇိုင်း**

အုံ့ဘွယ် (စတား)

**စာအုပ်ချုပ်**

ကိုမြင့်

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

ရာပြည့်အော့ဖ်စက် (၀၅၉၀၁)

၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဒေါ်မော်မော်၊ ပန်းမျိုးတစ်ရာ စာပေ (၀၃၉၆၉)

ဘိုက်-၉၊ အခန်း ၂၀၃-၂၀၄၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး - ၉၀၀ ကျပ်**

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ၂၁ ရာစုနှင့် လုပ်ငန်းကိုင်ငန်း တိုးတက်ရေး | ၁ |
| ၂။ | အဆက်အသွယ်မပြတ်ပါစေနှင့် | ၁၉ |
| ၃။ | လူငယ်များ နောင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု | ၂၉ |
| ၄။ | အလုပ်သမား အလိုရှိသည်။ | ၃၃ |
| ၅။ | ၂၁ ရာစုသည် ဘူးသီးကြော်ရာစုလော | ၄၅ |
| ၆။ | တရုတ်ဘာသာနှင့် စကားသင်ထားမှ | ၅၃ |
| ၇။ | အသက် ၆၀ နောက်ပိုင်း အလုပ်လုပ်သင့်သလား | ၆၃ |
| ၈။ | အသက် ၆၀ နှင့် အဓိပ္ပာယ်ဖွင့်ဆိုစကား | ၇၁ |

ပန်းမျိုးတစ်ရာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၉။ | ၆၀ ရောက်မှာဖြင့် ကြောက်ပခုလေ | ၇၇ |
| ၁၀။ | အသက် ၇၀ ဤအရွယ်ကား | ၈၃ |
| ၁၁။ | ထိမ်းမြားခြင်းမှ ပြတ်စဲခြင်းသို့ | ၈၉ |
| ၁၂။ | AIDS အရင်းခံနေရသော ဤကမ္ဘာမြေ | ၉၇ |
| ၁၃။ | ဘ၀တက္ကသိုလ်ကျောင်းသားများ | ၁၀၇ |
| ၁၄။ | ဇာတ်နိမ့်ပြည်သူတို့၏ ခေါင်းဆောင် | ၁၂၃ |
| ၁၅။ | ရှေးဟောင်း အဆောက်အအုံများကို ဘယ်လိုသဘောထားမလဲ | ၁၃၉ |
| ၁၆။ | သောက်မလား၊ သေမလား | ၁၄၉ |
| ၁၇။ | မြို့ကြီးသားများ ကိုယ့်အမှိုက် ကိုယ်သိမ်း | ၁၇၁ |
| ၁၈။ | စည်းကမ်းရှိသော်လည်း စေတနာ မပါလျှင်မဟန် | ၁၇၉ |
| ၁၉။ | ယောက္ခမ | ၁၈၇ |




BURMESE CLASSIC .com

## အခန်း (၁)

## ၂၁ ရာစုနှင့် လုပ်ငန်းကိုင်ငန်း တိုးတက်ရေး

၂၁ ရာစုသို့ ဝင်ရောက်ခဲ့ပြီဖြစ်သည်။

၂၁ ရာစုတွင် ကိုယ်ပိုင်လုပ်ငန်းများကို သမရိုးကျအတိုင်း ဆက်လက်လုပ်ကိုင်နေလျှင်လည်း အောင်ပွဲဆက်ရမည်ဟု သင် ထင်နေပါသလား?။

ထိုသို့ ထင်နေလျှင် သင့်လုပ်ငန်းအရပ်ရပ်မှာ ကျဆုံးလိမ့်မည် ဖြစ်ပါ၏။

၂၁ ရာစုသည် သတင်းအချက်အလက် ခေတ်ဖြစ်၏။ ၂၁ ရာစုတွင် အသိပညာ ကြီးပွားရေး Knowledge Economy ပေါ်ပေါက်လာမည်ဖြစ်၏။ သတင်းအချက်အလက်ခေတ်တွင် တိုးတက်ကြီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာ ကိစ္စများအတွက် အဓိကအရာသည် မည်သည့် အခွင့်အလမ်းများ ဖြစ်လာမည်နည်း။

စက်မှုလက်မှုခေတ်တွင် အရင်း အနှီး၊ ကြိုးစားရှိသားမှု၊ ဝီရိယ လုံ့လနှင့် နည်းပညာ Technology တို့သည် ကြီးပွားရာကြီးပွားကြောင်းအတွက် အဓိကကျသော အချက်များ ဖြစ်ပါ၏။

သို့သော် ၂၁ ရာစု သတင်းအချက်အလက်ခေတ်တွင် ထိုအရာများသည် ဒီအတိုင်းတည်ရှိမနေတော့။

ကြီးပွားရေးလမ်းညွှန်ကျမ်းများ၏ အယူအဆရေးရာများသည် မည်မျှအထိ ပြောင်းလဲလာမည်နည်း?။ ကြီးပွားရေးလမ်းညွှန် ကျမ်းဟောင်းများသည် ဆက်လက် အသုံးဝင်နေဦးမည်လော? ကြီးပွားရေးလမ်းညွှန်ကျမ်းများကို မည်သို့မည်ပုံ ပြုပြင်ရေးသားကြရမည်နည်း။

ဤကိစ္စသည် အရေးကြီးသောကိစ္စ ဖြစ်ပါ၏။ ယနေ့ ကမ္ဘာကြီးပေါ်ရှိ တိုးတက်မှုတွင် ကြီးပွားရေးလမ်းညွှန်ကျမ်းများ၏ အသိဉာဏ်နှင့် အလင်းရောင်ပေးအပ်သော ခွန်အား၏ စွမ်းပကားသည် အလွန်မှကြီးမားလှပါ၏။ စက်မှုခေတ် ထွန်းကားလာခြင်း၊ လူငယ်များ စာပေလေ့လာလိုက်စားခြင်း၊ လုပ်ငန်း ခွင်သို့ လူငယ်များ စိတ်ဓာတ်ခွန်အားအပြည့်နှင့် ဝင်ရောက်လာကာ နိုင်ငံတိုးတက်လာခြင်း၊ ဘဝတိုးတက်လာခြင်း ကိစ္စများတွင် နိုင်ငံအသီးသီး၌ ကြီးပွားတိုးတက်ရေးဆိုင်ရာ စာပေများ





၏ လှုံ့ဆော်မှုစွမ်းအားသည် အရေးပါသော ကဏ္ဍမှ ပါဝင်ပါ၏။ ၂၁ ရာစုတွင် ကမ္ဘာကြီးသည် စက်မှုခေတ်မှ သတင်းအချက်အလက်ခေတ်သို့ ပြောင်းလဲလာခဲ့ရာ ယင်းဖြစ်ပေါ်တိုးတက်မှုနှင့်အညီ ကြီးပွားတိုးတက်ရေး၊ လုပ်ငန်းအောင်မြင်ရေး လုပ်နည်းလုပ်ဟန်များသည်လည်း ပြောင်းလာမည်ဖြစ်၏။

၂၁ ရာစုတွင် အသိပညာ Knowledge သည် အဓိကဖြစ်ပါ၏။ ထို့ကြောင့် ၂၁ ရာစုတွင် နည်းပညာ Technology စက်မှုပညာ Industry မျှဖြင့် တိုးတက်ကြီးပွားရန် မလုံလောက်တော့ဘဲ အသိပညာသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာသည်ကို သတိပြုရမည် ဖြစ်ပါ၏။ ထို့ကြောင့် အသိပညာကို အဆက်မပြတ် ရယူသူများ၊ အသုံးချသူများ၊ အသိပညာကို အဆက်မပြတ် တီထွင်ကြံဆနေသူများသာ အောင်ပွဲရ ပုဂ္ဂိုလ်များ ဖြစ်လာနိုင်၏။ ၂၁ ရာစုတွင် အသိပညာဖြင့် ကင်းလွတ်၍ မည်သူမျှ တိုးတက်ကြီးပွားခြင်းငှာ မစွမ်းဆောင်နိုင်ဆိုသည်မှာ အလွန်မှသေချာသော ကိစ္စဖြစ်ပါ၏။

ယနေ့ စက်မှုလက်မှုခေတ်တွင် အဆင့်မြင့်နည်းပညာ High-Tech သည် အလွန်မှ အရေးကြီးပါ၏။ အဆင့်မြင့်နည်းပညာ လက်ဝယ်ရရှိထားသည့်နိုင်ငံများ၊ ကုမ္ပဏီများ၊ အဆင့်မြင့် နည်းပညာအသစ်များကို



www.burmeseclassic.com

www.burmeseclassic.com



သုတေသန ပြုလုပ်တီထွင်သူများ၏ လက်ထဲတွင် အောင်ပွဲများ ရှိနေပါ၏။

၂၁ ရာစုတွင် အဆင့်မြင့် နည်းပညာကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင်

- သတင်းအချက်အလက်များကို စီမံစိစစ်ခြင်း
- သတင်း အချက်အလက်များကို ကျွမ်းကျင်စွာ ကိုင်တွယ်ခန့်ခွဲခြင်း
- သတင်းအချက်အလက်များကို ကျွမ်းကျင်စွာ ဖြန့်ဝေခြင်း

များကို အဆင့်မြင့်နည်းပညာ High-Tech ဟူ၍ ပြောင်းလဲခေါ်ဝေါ် အသိအမှတ်ပြု အသုံးချလာကြမည် ဖြစ်ပါ၏။

အရေးကြီးသော အချက်တစ်ခုမှာ- နည်းပညာ Technology သည် အသိပညာ Knowledge ကို ထုတ်လုပ်မပေးနိုင်ဟူသော ကိစ္စဖြစ်ပါ၏။

အသိပညာ Knowledge ဟူသည်မှာ လူသား၏ ဦးနှောက်စွမ်းအားကို အသုံးပြု၍ ရှာရှီးအတိုင်း ရရှိလာသော ကိစ္စဖြစ်၏။ အသိပညာသည် ကျွန်တော်တို့အား တီထွင်ကြံဆသည့်ကိစ္စ-

- ထိန်းချုပ်စောင့်စည်းရမည့်ကိစ္စ

များကို အကူအညီပေးပြီး နည်းပညာ၏ ရှေ့ဘက်တစ်လှမ်းကျော်အကွာတွင် အမြဲရပ်တည်နေပါ၏။





၂၁ ရာစုတွင် အသိပညာသည် နည်းပညာက ထုတ်လုပ်ပေးလိုက်သော သတင်းအချက်အလက် အမြောက်အများကို အကဲဖြတ်စိစစ်နေမည့် အရာဖြစ်၏။ နည်းပညာကြောင့် ဖြစ်ပေါ်လာသော သတင်းအချက်အလက်များထဲမှ မလိုအပ်သည်များကို ထုတ်ပယ်ခြင်း၊ ကျန်သတင်းများကို ပြန်လည်၍ အစီအစဉ်တကျ ပြုလုပ်ခြင်း၊ ဝေဖန်ဆုံးဖြတ်ခြင်း၊ တီထွင်ကြံဆခြင်း၊ အတွေ့အကြုံနှင့် အတွေးအခေါ်များ ထပ်မံဖြည့်စွက်ခြင်း ကိစ္စရပ်များကို လုပ်ဆောင်မည်ဖြစ်၏။ ထို့ကြောင့် လာမည့်ရာစုတွင် စဉ်းစားတွေးခေါ်မှုသည် အရေးကြီးလာသည်။

ကွန်ပျူတာများ အားကိုးဖြင့် စဉ်းစားတွေးခေါ်ရန် မလိုဟု ယုံကြည်သူများ ရှိပါသည်။ သူတို့ မိမိတို့တွင် သတင်းအချက်အလက် မြောက်မြားစွာ ထုတ်ပေးနိုင်သည့် နည်းပညာရှိသည်။ ထိုနည်းပညာက သတင်းအချက်အလက်များကို စာရင်းဇယားများ၊ အစီရင်ခံစာများအဖြစ် ထုတ်ပေးမည်။ ထို့နောက် မိမိတို့ကုမ္ပဏီများအတွင်း ဖြန့်ဝေမည်။ သို့မဟုတ် မိမိတို့ဖောက်သည်များထံမှ သတင်းအချက်အလက်များကို ရရှိမည်ဟုဆိုကြ၏။ မှန်ပါသည်။ သတင်းအချက်အလက် ထုတ်လုပ်ခြင်းနှင့် အစီအစဉ်ပြုလုပ်ခြင်း ကိစ္စများချည်းသာဟု ဆိုပါက စဉ်းစားတွေးခေါ်မှု မလိုဟု ထင်စရာရှိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း နည်းပညာ Technology နှင့် သတင်းအချက်အလက် Information ပေါင်းစပ်၍ အသိပညာ Knowledge ကို အခြေခံသော ကုန်ပစ္စည်းများကို တီထွင်ဖန်တီးရသော ကိစ္စတွင်ကား စဉ်းစားမှုနှင့် လူ၏ ဦးနှောက်သည် အရေးပါလာပါ၏။

အနာဂတ်တွင် အသိဉာဏ်ပေါ်တွင် အခြေခံသည့် ကုန်ပစ္စည်းများကို လူတို့က ပိုမိုအသုံးပြုလာကြမည်ဖြစ်၏။ ထိုပစ္စည်းများသည် ဈေးကွက်၌ တွင်ကျယ်နေမည်ဖြစ်၏။

ထို့ကြောင့် ၂၁ ရာစုတွင် သင်သည် အောင်ပွဲရယူလိုပါသလား၊ ၂၁ ရာစုတွင် ကြီးပွားတိုးတက်အောင်ပွဲရသူတစ်ဦး ဖြစ်လိုပါက–

သင်သည် သင့်ကိုယ်သင် (၁) နည်းပညာ၊ (၂) **သတင်းအချက်အလက်နှင့် (၃) စဉ်းစားတွေးခေါ်မှုရှိသည့် ဦးနှောက်တို့ စုစည်းပေါင်းစပ်ထားသော အထုပ်အထည်ကြီးဖြစ်အောင် ကြိုးစားမှ သင်သည် ၂၁ ရာစုတွင် အောင်ပွဲရမည်ဖြစ်၏။**

**သင်သည် ၂၁ ရာစုတွင် အောင်ပွဲရရှိလိုပါက အသိပညာပေါ် အခြေခံသော ဈေးကွက်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအဖြစ် သင့်ကိုယ်သင် ဖန်တီးရမည်ဖြစ်၏။**

၂၁ ရာစုတွင် ဤကမ္ဘာကြီးသည် ဝါယာများနှင့်





ရစ်ပတ်ထားသော ရွာကမ္ဘာကြီး ဖြစ်လာမည်။ ရွာကမ္ဘာတွင် အားလုံးက ချက်ချင်းသိ၊ ချက်ချင်းမြင်၊ ချက်ချင်းတတ်လာမည်ဖြစ်ရာ ၂၁ ရာစုတွင် မည်သူမဆို မရပ်မနား ဆန်းသစ်တီထွင်ခြင်းဖြင့်သာ ထိပ်ပိုင်းတွင် ရပ်တည်နေနိုင်မည်ဖြစ်၏။ အစဉ်အမြဲ ဆန်းသစ်တီထွင်နေမှုသည် ၂၁ ရာစုတွင် ထာဝရ ရှင်သန်နေမည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

၂၁ ရာစုတွင် ဘယ်ပစ္စည်းမှ ပြိုင်ဘက်ကင်းစွာဖြင့် ကာလတာရှည်စွာ ရပ်တည်နိုင်စေမည် မဟုတ်ပါ။ အသိဉာဏ်ကို အသုံးပြု၍ မရပ်မနား တီထွင် အမြဲတမ်း ဆန်းသစ်နေမှုသည်သာ ရှင်သန်မှုကို ပြုနိုင်မည့် တစ်ခုတည်းသော အရာဖြစ်၏။

အတုအပများကလဲ အလျှိုအလျှို ပေါ်လာကာ အလားတူ လိုက်လံလုပ်ဆောင်မှုများကလည်း တရစပ်ဖြစ်ပေါ်လျက် သင်၏ ပစ္စည်းသည် တီထွင်ပြီးမကြာမီပင် ခေတ်ကုန်သွားစေမည်ဖြစ်ရာ သင်သည် တရစပ်တီထွင်နေသမျှ ဘယ်သောအခါမှ ထိပ်တန်းတွင် ထာဝရ တည်မြဲနေမည်မဟုတ်သည့် ခေတ်သည် ၂၁ ရာစုပင် ဖြစ်ပါ၏။

အံ့မခန်း လုပ်ဆောင်ချက်များ ပေါ်များလာသည့် ၂၁ ရာစုတွင် သူ့ထက်ငါသာအောင် ပြုလုပ်ရန်မှာ [illegible]၍ တိုး၍ ခက်လာသော ကိစ္စဖြစ်၏။ ဥရောပမှ



www.burmeseclassic.com

www.burmeseclassic.com



အီလက်ထရောနစ် ကုမ္ပဏီကြီးတစ်ခုမှ ဥက္ကဋ္ဌတစ်ဦးသည် ကုန်စည်ပြပွဲတစ်ခုမှ ပြန်လာပြီးတိုင်း စိတ်ဆင်းရဲနေမည် ဖြစ်၏။ ဘာကြောင့် စိတ်ဆင်းရဲရပါသလဲဟု မေးပါက ပြိုင်ဘက် ကုမ္ပဏီများက ပို၍ ကောင်းမွန်သော ကွန်ပျူတာများကို ပြသလိုက်သောကြောင့် မဟုတ်ပါ။ ပြဿနာမှာ သူတို့ကုမ္ပဏီ၏ ကွန်ပျူတာများနှင့် အခြားကုမ္ပဏီမှ ပြသထားသော ကွန်ပျူတာများသည် တော်တော်ကြီးကို အတူတူလို ဖြစ်နေသောကြောင့် ဖြစ်ပါ၏။ ပြသထားသော ကွန်ပျူတာအားလုံးကလည်း အရည်အသွေးမြင့်မားကြသည်။ အားလုံးသည် အားထားဖွယ်ရာ ကောင်းမွန်သည်။ အားလုံး ခိုင်ခံ့ကြသည်။ တံဆိပ်များသာ မပါပါက ခွဲခြား၍ ရမည်ပင်မဟုတ်။ ဤကဲ့သို့သော ဈေးကွက်အမျိုးအစားတွင် ကုန်ပစ္စည်းများအား တရစပ် တီထွင်ကြံဆမှု မရှိသူ အားလုံးသည် အောက်တွင်သာ အမြဲရှိနေမည် ဖြစ်ပါ၏။

၂၁ ရာစုတွင် ပေါ်ပေါက်လာမည့် ကုန်ပစ္စည်းများဆိုသည်မှာ နည်းပညာနှင့် သတင်းအချက်အလက်များတွင် ဦးနှောက်စွမ်းအားကို ပေါင်းထည့်ပြီး ဖြစ်ပေါ်လာသော အသိပညာအပေါ် အခြေခံသည့် ကုန်ပစ္စည်းများ ဖြစ်ပါ၏။ ဥပမာ တင်ပြရသော် မိမိသည် ခရီးသွားရင်း ဟိုတယ် အများအပြားတွင် နေထိုင်ခဲ့သည်။ တစ်ခုနှင့်တစ်ခု မထူးခြားလှ။ အားလုံးပြည့်စုံသည်သာ





ဖြစ်၏။ သို့ရာတွင် ဟိုတယ်တစ်ခုက ပိုမိုထူးခြားစေရန် ကမ္ဘာတစ်ဝန်းရှိ ဧည့်သည်တို့၏ အကြိုက်များနှင့် တောင်းဆိုမှုများကို အခြေခံပြီး 'အသိပညာအပေါ် အခြေခံသည့် ကုန်ပစ္စည်း'တစ်ခု တီထွင်လိုက်သည်။ ထိုပစ္စည်းမှာ ယားယံမှုကို မဖြစ်စေသည့် ခေါင်းအုံးများဖြစ်သည် ဆိုကြပါစို့။ ယနေ့ထိုခေါင်းအုံးမျိုးကို ကန်တော်ကြီး ဟိုတယ်မှ စတင်တီထွင် အသုံးပြုသည့်နောက်တစ်နေ့တွင်ပင် ကမ္ဘာအရပ်ရပ်ရှိ မည်သည့်ဟိုတယ် အခန်းသို့ ဝင်လိုက်သည်ဖြစ်စေ အိပ်ရာပေါ်တွင် ထိုခေါင်းအုံးများကို တွေ့မြင်ရမည်ဖြစ်သည်။

အတုခိုးမှုသည် ဤမျှအထိ မြန်ဆန်လာမည်ဖြစ်၏။ များသောအားဖြင့် ကုန်ပဒေသာဆိုင်များ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ စသည်ဖြင့် မည်သည့်နေရာ၌မဆို ဧည့်သည်များ၏ တောင်းဆိုချက်များကို အမြဲ ဖြည့်ဆည်းပေးနေမည်ဖြစ်၏။ ဟိုတယ်တိုင်းက တည်းခိုသူတို့၏ တောင်းဆိုမှု သတင်းအချက်အလက်များကို အမိအရ ဆုပ်ကိုင်ပြီး တရစပ် စီစစ်ဆောင်ရွက်ခြင်းအားဖြင့် အခြားဟိုတယ်များကလဲ အလားတူ လိုက်လံဆောင်ရွက်ပေးနေရမည်ဖြစ်ရာ မလုပ်ဆောင်နိုင်သော ဟိုတယ်သည် ဘုန်းခနဲ ကျဆုံးသွားမည်ဖြစ်၏။ တစ်ဖန် အောင်မြင်ခြင်းသည် အတုအပများကိုလဲ မွေးထုတ်တတ်သည်ဖြစ်ရာ တီထွင်သူများသာ ထပ်မံ



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသစ်တီထွင်ရန် အမြဲလိုအပ်နေမည်ပင် ဖြစ်သည်။

၂၁ ရာစုတွင် 'ဖောက်သည်ကို အာရုံစိုက်ရေး'၊ 'ဈေးကွက်၏ တောင်းဆိုမှု' စသော အသုံးအနှုန်းများကို ကြိမ်ဖန်များစွာ ကြားနေရမည် ဖြစ်၏။

၂၁ ရာစုတွင် မြို့တစ်မြို့၌ သင့်ပစ္စည်းမှတစ်ပါး အခြားပစ္စည်းကို ပြောင်းလဲသုံးစွဲစရာ မရှိ၍ ဝယ်ယူရသည့် ကျဉ်းမြောင်းသော ဈေးကွက်ခေတ် ကုန်ဆုံးပေမည်ဖြစ်၏။ ဤခေတ်တွင် ကုမ္ပဏီများက ဈေးကွက်က အလိုရှိသော အရည်အသွေးမီ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဈေးကွက်က ပေးရန်ဆန္ဒရှိသည့် ဈေးနှုန်းဖြင့် ထုတ်လုပ်ပေးရမည်ဖြစ်သည်။ သူတို့မထုတ်လုပ်နိုင်ပါက ကမ္ဘာတစ်နေရာမှ တစ်ဦးဦးက ထုတ်ပေးလိမ့်မည်သာ ဖြစ်ပါ၏။ ဤသို့သော ကာလတွင် သင်သည် အောင်ပွဲ၌ မည်ကဲ့သို့ ရပ်တည်နေပါမည်နည်း?။

မျက်မှောက် စီးပွားရေးကမ္ဘာ၏ အခြားဝိသေသလက္ခဏာတစ်ရပ်မှာ **ပြိုင်ဆိုင်မှု** ဖြစ်သည်။ ပြင်းထန်သော မဆုံးနိုင်သည့် ပြိုင်ဆိုင်မှုဖြစ်သည်။ ဈေးကွက်က လိုအပ်သော ထိပ်တန်းအရည်အသွေးရှိသည့် ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်သို့ တတ်နိုင်သမျှ အမြန်ဆုံး အချိန်၊ ဖြစ်နိုင်သမျှ အချိုဆုံးဈေးနှုန်းဖြင့် ရရှိအောင် စွမ်းဆောင်နိုင်ရမည်။ ပြိုင်ဆိုင်မှုသည် ဤမျှသာ မဟုတ်သေး၊ လျင်မြန်သော ထိရောက်သော





နောက်ဆက်တွဲ လုပ်ဆောင်မှုသည်လည်း အရေးကြီးသည်။ ကုန်ပစ္စည်းတစ်ခု ချို့ယွင်းပျက်စီး၍ ချက်ချင်းပြုပြင်ခြင်း၊ အစားထိုးခြင်းတို့ ပြုလုပ်မပေးလျှင် သင့်အတွက် ပြဿနာပေါ်မည် ဖြစ်သည်။

အခြား ဝိသေသ လက္ခဏာတစ်ခုမှာ **ပြောင်းလဲမှု** ဖြစ်သည်။ အစဉ်အမြဲ၊ မရပ်မနား၊ ရုတ်တရက် ဖြစ်ပေါ်သော ပြောင်းလဲမှုဖြစ်သည်။ စီးပွားရေးလုပ်ငန်းကို ပြန်လည်တည်ဆောက်မှုသည် ပြီးဆုံးသည်ဟူ၍ မရှိ။ တီထွင်ဆန်းသစ်မှုဟူသမျှသည် ပြောင်းလဲနေသည်။

နောက် ဝိသေသ လက္ခဏာတစ်ရပ်မှာ **ကမ္ဘာ့ဈေးကွက်အတွင်း ဝင်ရောက်ရေး** ဖြစ်သည်။ ကမ္ဘာတစ်ဝန်း ခြေဆန့်ပါ။ ပြီးနောက် ပတ်ဝန်းကျင် အမျိုးမျိုးတွင် ဆောင်ရွက်လုပ်ကိုင်နေသော လုပ်ဖော်ကိုင်ဖက်များ၊ ဖောက်သည်များနှင့် ဆက်သွယ်ရန် အဆင်သင့်ဖြစ်နေပါစေ။ ယနေ့ကမ္ဘာတွင် မည်သူမျှ ပြည်တွင်းဈေးကွက်ဖြင့် တင်းတိမ်နေ၍ မရပါ။ ကမ္ဘာ့ဈေးကွက်ဆိုသည်ကလည်း ငြိမ်နေသော ဈေးကွက်မဟုတ်။ **ဈေးကွက်စီးပွားရေးသမားများသည် ပြောင်းလဲရာ၌ တော်ရမည်။ ပြောင်းလဲနေသော အခြေအနေ အရပ်ရပ်ကို အပန်းမကြီး၊ အားစိုက်မှုမရှိဘဲ အလွယ်တကူ ညှိနှိုင်းအဆင်ပြေ ဝင်ရောက်နိုင်တတ်ရမည်။ ၂၁ ရာစု၌ ပြောင်းလဲမှုကို အခွင့်အလမ်းတစ်ရပ်အဖြစ် မှတ်ယူထားရမည်**



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

၂၁ ရာစုရဲ့ အောင်မြင်သော စီးပွားရေးသမား တစ်ယောက် ဖြစ်လာအောင် သင် ဘာလုပ်ရမည်နည်း?။

**ပထမဦးစွာ သင့်ကိုယ်သင် ကုန်ပစ္စည်းတစ်ခု အဖြစ် သဘောထားပါ။** သတင်းအချက်အလက်နှင့် နည်းပညာကို သင့်ဦးနှောက် စွမ်းအားနှင့် ပေါင်းစပ်ထားပါ။ ဤအရာသည် ကုန်ဆုံးခဲ့သော ရာစုနှစ်များက ရှေ့တန်းမတင်ခဲ့သည့် အချက်အလက်တစ်ခု ဖြစ်ပါ၏။

**ဒုတိယအနေနှင့် ကုန်ပစ္စည်း တိုးတက်ဖွံ့ဖြိုးရေး အတွက် လုံးဝဥဿုံ တာဝန်ယူပါ။** ထိုကိစ္စကို သင့် အတွက် မည်သူကမျှ ပြုလုပ်ပေးလိမ့်မည် မဟုတ်။ အမြဲမပြတ် လေ့လာပြီးရင်း လေ့လာနေမည်။ လုပ်ငန်း တာဝန်တိုင်းသည် မိမိ ကုန်ပစ္စည်း အရည်အသွေး တိုးတက်စေမည့် နည်းပညာ၊ သတင်းအချက်အလက် နှင့် ကျွမ်းကျင်မှုတို့ကို ရရှိနိုင်မည့် အခွင့်အရေးဟု သဘောထားရမည်ဖြစ်၏။ ထို့ပြင် မိမိပတ်ဝန်းကျင်ရှိ လူများထံမှလည်း တတ်နိုင်သမျှ သင်ယူလေ့လာနေရ မည်ဖြစ်၏။

**တတိယအားဖြင့် ဈေးကွက်၏ တောင်းဆိုမှုနှင့် ဘယ်သောအခါမှ မျက်ခြည်မပြတ်ဘဲ ရှိနေရမည် ဖြစ်၏။** သင်သည် မည်မျှကြီးကျယ်သော ကုန်ပစ္စည်းများ ကို ထုတ်လုပ်နေပါစေ။ တစ်စုံတစ်ယောက်က မဝယ်





ယူပါက ရောင်းရလိမ့်မည် မဟုတ်။ သင့် ကုန်ပစ္စည်းကို ဈေးကွက် အများအပြားတွင် ရောင်းနိုင်အောင် ပြုလုပ်ရ မည် ဖြစ်ပါ၏။

**စတုတ္ထအားဖြင့် မူပိုင် အရည်အသွေးဖြစ်အောင် ပြုရမည်ဖြစ်သည်။** ၂၁ ရာစုတွင် နည်းပညာနှင့် သတင်းအချက်အလက် ပြည့်စုံရုံမျှနှင့် ဈေးကွက်တွင် ပြည့်ပြည့်ဝဝ ယှဉ်ပြိုင်နိုင်မည် မဟုတ်ပါ။ ဈေးကွက်က အခြားတစ်နေရာတွင် မရနိုင်သောအရာကို သင်က ပေးနိုင်ရမည်ဖြစ်၏။ ထို့ကြောင့် သင့်ထံတွင် သူများ ထက် သာလွန်သော ခွဲခြမ်းစိတ်ဖြာမှု အစွမ်းအစရှိရ မည်။ သင့်ထံတွင် အကြံဉာဏ်ကောင်း ရှိရမည်။ သင်သည် ဆက်ဆံရေး အကြီးအကျယ်ကောင်းသူ ဖြစ်ရမည်။ သင်သည် သာလွန်သော အရောင်းဈေးသည် ဖြစ်ရမည်။ သင့်သဘာဝကိုက လျှင်မြန်ထက်မြက် လိုက်လျောညီထွေ ရှိနေရမည်။ ထိုအရည်အသွေးများ ကို သင်သည် အစဉ်မပြတ် မွေးမြူနေရမည်။ လိုအပ် ပါက လေ့ကျင့်မှု၊ ကျွမ်းကျင်မှုတို့ကို ထပ်မံဖြည့်စွက် နေရမည်ဖြစ်၏။ သင် ဝင်ရောက်လိုသည့် ဈေးကွက် များအတွက် သင်၏ ပစ္စည်းကို သင် မူပိုင်အရည် အသွေးဖြစ်အောင် ပြုလုပ်နေရမည်ဖြစ်သည်။

**ပဉ္စမအချက်အနေနှင့် ဆန်းသစ်တီထွင်ရပါမည်။**



www.burmeseclassic.com

www.burmeseclassic.com



သင်၏ ကုန်ပစ္စည်းကို တကယ့်ကို ယှဉ်ပြိုင်ရည် ပြည့်ဝသည့် ကုန်ပစ္စည်းအဖြစ် ပြောင်းလဲလိုက်နိုင်ပြီ ဆိုကြပါစို့။ သင်၏ ဖောက်သည်များကလည်း ထို ပစ္စည်းကို အကောင်းဆုံးဟု ယူဆသည်။ ထိုအခါ တင်းတိမ်ရောင့်ရဲမနေပါနှင့်။ အောင်မြင်မှုသည် အတု အပများကိုလည်း မွေးဖွားစေသည်ဟု ထပ်တလဲလဲ ပြောခဲ့ရာ အတုအပသည် သင်၏ ဝေစုကို ခွဲယူသွား မည်မှာ သေချာပါ၏။ ခေတ်ကုန်သွားခြင်းဟူသည် လည်း ကုန်ပစ္စည်းများအတွက် အစဉ်အမြဲ ခြိမ်းခြောက်မှု တစ်ရပ်ဖြစ်သည်။ သင်သည် ဆန်းသစ်တီထွင်နေရ မည်။ သင်၏ ကုန်ပစ္စည်း တိုးတက်ကောင်းမွန်ရန် အတွက် သင်၏ ဦးနှောက်စွမ်းအားကို သုတေသနလုပ် ငန်းတွင် မြှုပ်နှံထားရမည်ဖြစ်၏။

လူသား၏ အရည်အချင်းများကို မည်သည့်အရာ ကမှ အစားမထိုးနိုင်ပါ။ ထိုအရည်အချင်းများတွင် ဦးနှောက်စွမ်းအားသည် အဓိကအခန်းမှ ပါဝင်သည်ကို မမေ့ပါနှင့်။ သို့ရာတွင် စိုက်ပျိုးရေးခေတ်ကာလကပင် ကျွန်တော်တို့ လက်ခံကျင့်သုံးခဲ့သော အောက်ဖော်ပြပါ တိုးတက်ကြီးပွားရေး နည်းလမ်းများကိုလည်း သင် မမေ့မပစ်ရန် လိုအပ်ပါသည်။ ထိုအရာများကား-

(၁) လေးစားမှု





သင်သည် ဈေးကွက်တွင်းသို့ ပြိုင်ဘက်ကင်း သော အရည်အသွေးနှင့် ကျွမ်းကျင်မှုကို တင်သွင်းနိုင် သဖြင့် လေးစားမှုနှင့် ထိုက်တန်ပါလိမ့်မည်။ ထို့အတူ အဆင့်တိုင်းရှိ သင်၏ လုပ်ဖော်ကိုင်ဖက် အားလုံးကို ထိုနည်းတူစွာ သင်က ပြန်လည်လေးစားရမည်။ သူတို့ အားလုံးတွင်လည်း တန်ဖိုးရှိသည့် စွမ်းဆောင်ချက် တစ်စုံတစ်ရာ ရှိကြသည်သာ ဖြစ်သည်။ ယခုအခါ ကုမ္ပဏီအများစုတွင် လက်ခံကျင့်သုံးနေသော အသင်း အဖွဲ့ဖြင့် လုပ်ဆောင်ခြင်း Team Work တွင် အပြန် အလှန် လေးစားမှုသည် အရေးပါလျက် ရှိသည်။ ၎င်းသည် အသင်းအဖွဲ့သားများ၏ တစ်ဦးကိုတစ်ဦး အပြန်အလှန် တာဝန်ယူမှုနှင့် သူတို့၏ စုပေါင်းအောင် မြင်မှုအတွက် အခြေခံဖြစ်သည်။

(၂) နှိမ့်ချမှု

နှိမ့်ချမှုသည် တန်ဖိုးရှိသော ပိုင်ဆိုင်မှုတစ်ရပ် ဖြစ်သည်။ ဖောက်သည်များ၏ လိုအင်ဆန္ဒကို နား ဆောင်နိုင်လောက်သည့် နှိမ့်ချမှုရှိရန် လိုအပ်သည်။ နှိမ့်ချမှုသည် အောင်မြင်မှုအတွက် အရေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၃) ဂုဏ်ယူမှု

ဂုဏ်ယူမှုသည်လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ သင့်ကိုယ်သင် ဂုဏ်ယူပါ။ သင် ထုတ်လုပ်သော ရလဒ်အတွက် ဂုဏ်ယူပါ။ သင်သည် ဂုဏ်သရေရှိပါစေ။ ဂုဏ်ယူမှုသည် နှိမ့်ချမှု၏ ဆန့်ကျင်ဘက် မဟုတ်ပေ။ စိတ်ကြီးဝင် မောက်မာခြင်းသည်သာ နှိမ့်ချမှု၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ဂုဏ်ယူမှုသည် သင်၏ ထူးချွန်မှု၊ သင်နှင့်အတူ လုပ်ကိုင်သူတို့၏ ထူးချွန်မှုကို လေးစားခြင်းသာ ဖြစ်သည်။ ထိုထူးချွန်မှုကို ရရှိသော အချိန်အခါသည် အောင်ပွဲခံသည့် အချိန်အခါသာ ဖြစ်သည်။

(၄) လုပ်ငန်းခွင်၌ စိတ်သုံးမျိုးသည်အစဉ်အမြဲ ထက်မြက်နေပါစေ။

ထိုစိတ်သုံးမျိုးမှာ-

(က) ချင့်ချိန်နှိုင်းဆစိတ်

(ခ) ဟာသစိတ်

(ဂ) မေတ္တာစိတ်တို့ဖြစ်သည်။ မေတ္တာစိတ်ဟူသည်မှာ သင့်အပေါ် အားထားသူအားလုံး၏ လိုအပ်ချက်များ၊ စိတ်ခံစားမှုများနှင့် ရည်မှန်းချက်များ အားသိနားလည်ပြီး ဆောင်ရွက်ပေးလိုစိတ်ရှိမှုဖြစ်သည်။





သင် အပေါ်အဝင် လူသားများ၏ အားနည်းချက်များကို လက်ခံနားလည်ခြင်း ဖြစ်သည်

ချင့်ချိန်နှိုင်းဆစိတ်ဟူသည်မှာ တစ်ခါတစ်ရံ အလုပ်တွင် သင်သည် လူများ၏ စွမ်းရည်နယ်နိမိတ်များကို ချဲ့ရသည့်အခါများ ရှိတတ်သည်။ ထိုအခြေအနေမျိုးကို မည်သည့်အခါ၌ လိုအပ်သည်။ မည်သည့်အခါ၌ မလိုအပ်သည်ကို ပြောနိုင်ခြင်းသည် ချင့်ချိန်နှိုင်းဆစိတ် ဖြစ်သည်။ အစွမ်းကုန် လုပ်ရသည့်အလုပ်မျိုး၊ ဖြည်းဖြည်းသက်သာ လုပ်ရသည့် အလုပ်မျိုးဟူ၍ ရှိသည်။ အရာရာ ကိစ္စကို အရေးအခင်း တစ်ရပ်ကဲ့သို့ ပြုမူဆောင်ရွက်တတ်သော လူများစွာ ရှိသည်။ သူတို့သည် သူတို့ကိုယ်တိုင်ကိုရော ပတ်ဝန်းကျင်ရှိ လူများကိုပါ အကြောင်းမဲ့ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်စေသည်။

ဟာသစိတ်သည် မေတ္တာစိတ်နှင့် ချင့်ချိန်နှိုင်းဆစိတ်မှာ ထွက်ပေါ်လာသည်။ သင်နှင့် သင့်ပတ်ဝန်းကျင်ရှိ လူများ မည်သည့်အခါတွင် ရယ်မောရန် လိုအပ်သည်ကိုသိရန် လိုအပ်သည်။ မှားယွင်းနိုင်သည့် ကိစ္စတိုင်းသည် မှားယွင်းသွားခဲ့ပြီဖြစ်ပြီး သင့်အနေနှင့် မည်သို့မျှ မတတ်နိုင်တော့သည့် ကိစ္စများတွင် ထပ်မံ၍ အဆုံးအရှုံး မခံပါနှင့်။ သင့်ကိုယ်သင် အလွန်အမင်း အလေးအနက်မထားရန် ဖြစ်သည်။

နောက်ဆုံးအချက် ပြောရသော် ၂၁ ရာစုတွင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကောင်း တစ်ယောက်ကောင်းထက် စုပေါင်းစိတ်ဓာတ်သည် ပို၍စွမ်းအားရှိသည်။ သင်၏ အသိပညာနှင့် ကျွမ်းကျင်မှုတို့ကို အခြားသူများအား လွှဲပြောင်းပေးပါ။ ဥပမာ သင်၏ လမ်းညွှန်မှုတို့ဖြင့် သူတို့အား စိတ်ဓာတ်တက်ကြွလာအောင် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါ၏။

ထို့ကြောင့် ၂၁ ရာစုတွင် ထိပ်တန်းသို့ ရောက်ရှိရေးအတွက် ကြီးပွားတိုးတက်ရေးဆိုင်ရာ အတွေးအခေါ်များသည် ခေတ်နှင့်အညီ ပြောင်းလဲမှုများ ရှိလာသည်ကို သင်လည်း လိုက်လံပြောင်းလဲပါမှ သင့်စီးပွားရေး၊ သင့်လုပ်ငန်းဆောင်တာနှင့် သင့်ကိုယ်ပိုင်လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း တင်ပြရပါသည်။



## အခန်း (၂)

## အဆက်အသွယ် မပြတ်ပါစေနှင့်

တီဗွီတွင် တစ်ခါကြော်ငြာလျှင် ဘယ်လောက်ပေးရသလဲ။ ကြော်ငြာတစ်ခါရိုက်လျှင် ဘယ်လောက်ရနိုင်လဲဟု မေးကြည့်တော့ ကြော်ငြာတစ်ခါရိုက်လျှင် ခရီးစရိတ်၊ အဝတ်အစား၊ မင်းသမီးစရိတ်၊ ကင်မရာစရိတ်နှင့် အချို့ ၁၅ သိန်းမှ သိန်း ၂၀ အထိ ကုန်သည်ဟုဆို၏။ ကြော်ငြာခကလည်း တစ်မိနစ်ကို သိန်းပေါင်းများစွာ ပေးရ၏။

ဘာကြောင့် ဒါလောက် ငွေကြေးအကုန်အကျခံနိုင်၍ ကြော်ငြာကြသနည်း။

ကြော်ငြာခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဖောက်သည်များနှင့် အဆက်အသွယ်မပြတ်စေရန် ထို



www.burmeseclassic.com

www.burmeseclassic.com



သို့ အဆက်အသွယ်မပြတ်မှ စားသုံးသူတို့က မိမိကုန်ပစ္စည်းကို မှတ်မိနေပြီး ဝယ်ယူသုံးစွဲရန်ဖြစ်သည်။

ဤကြော်ငြာမှု အတွေးအခေါ် (သို့မဟုတ်) အဆက်အသွယ်မပြတ် ထားရှိရေးသဘောထားကို ကျွန်တော့်ဘဝတွင်လည်း အသုံးပြုရန်လို၏။

တနည်းဆိုရသော် အဆက်အသွယ်မပြတ် ထားရှိရေး သဘောတရားကို ကျွန်တော်၏ ကိုယ်ရေးကိုယ်တာနှင့် အလုပ်ကဏ္ဍများတွင် အသုံးချရန်လိုသည်။

ကျွန်တော်သည် ဆက်သွယ်ရေးကိစ္စနှင့် ပတ်သက်လျှင် ညံ့သူဖြစ်သည်။ ကျွန်တော်သည် အလုပ်ကိုသာ ဖိလုပ်၍ အလုပ်ကိစ္စတစ်ခုကိုသာ စိတ်ဝင်စားပြီဟုဆိုပါက သားမေ့၊ မယားမေ့ ဖြစ်တတ်ပါ၏။ တစ်ခါကဆိုလျှင် ကျွန်တော်သည် သားငယ်အား အောင်ဆန်းအားကစားကွင်း၌ ထားခဲ့ပြီး ပြန်ကြိုရန် မေ့နေခဲ့၏။

ကျွန်တော်သည် သတိမေ့တတ်ပါသည်။ အထူးသဖြင့် လူများ၏ နာမည်၊ လိပ်စာများကိုမေ့၍ ထိုသူများနှင့် ပြန်တွေ့လျှင်ပင် လူကိုမမှတ်မိပါ။ ကျွန်တော်သည် ဖြစ်ရပ်များကိုသာ မှတ်မိတတ်သူ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် ထိပ်တန်းသို့မရောက်ဘဲ ရှိနေခြင်းဖြစ်၏။ သင်သည်ထိပ်တန်းသို့ရောက်လိုပါက မိတ်ဆွေများ အသိ သူငယ်ချင်းများနှင့် အဆက်အသွယ်မပြတ်ရန် ကြိုးစားပါ။ မေ့တတ်





ပါက စာနှင့်ရေးသား မှတ်နိုင်ပါ၏။ လူငယ်များ ယိုကိစ္စကို ပေါ့ပေါ့တန်တန် မထားသင့်ပါ။ စက်မှုထွန်းကားသော ယခုကာလတွင် အချို့သည် Net Working Contacts ဆက်သွယ်မှု ကွန်ယက်များကို ထားရှိအသုံးပြုလာကြ၏။ အသုံးပြုနိုင်က ဆက်သွယ်မှုကွန်ယက်များကို အသုံးပြုသင့်ပါသည်။

ယနေ့ကာလသည် သတင်းအချက်အလက်ခေတ် ဖြစ်ပါ၏။ သတင်းအချက်အလက်များကို အခြေခံ၍ ဖြစ်ပေါ်လာခြင်းဖြစ်ရာ ထိုလူကို သင်မနေနိုင်ပါက သတင်းအချက်အလက်ခေတ်တွင် သင်သည်လည်း လုံးဝအသုံးမဝင်သောဘဝသို့ ရောက်သွားမည် ဖြစ်ပါ၏။

သင်တော့မသိ ကျွန်တော်ကတော့ မိတ်ဆွေများ၏ အမည်ကတ်ပြားကို သိမ်းထားရုံဖြင့် မျက်နှာများကို မမှတ်မိသည်မှာ အမှန်ဖြစ်ပါ၏။ ကျွန်တော့်တွင် အမည်ကတ်ပြား တစ်ထောင်ကျော်ရှိသည်။ သို့သော် ထိုအထဲမှ လူ ၁၀၀ လောက်ကိုသာသိ၍ အချို့ကတ်ပြားများအပြားသည် ဘယ်သူဘယ်ဝါဆိုတာ မမှတ်မိပါ။

အိန္ဒိယက ကျွန်တော့်မိတ်ဆွေ နယူးဒေလီမှ အနုပ်ဆိုင်ပိုင်ရှင် မစ္စတာကွတ်ပတားနှင့် ကျွန်တော်ယနေ့တိုင် အဆက်အသွယ် ရှိပါသည်။ စာ ဖြင့်ဆက်သွယ် ရှိသော်လည်း မတွေ့တာ လေးနှစ်လောက်ရှိ၍



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို ကျွန်တော်သည် ယခုအခါ ပုံမဖော်နိုင်ဘဲ ရှိပါ၏။

ကျွန်တော့်ဘဝတွင် အကြီးဆုံးသော ဒုက္ခများမှာ လူများ၏နာမည်နှင့် မျက်နှာများကို သုံးလေးကြိမ်တွေ့ရုံဖြင့် မမှတ်မိခြင်းဖြစ်သည်။

ဤကိစ္စသည် 'ကွယ်လျှင်မေ့'သည့် သဘောဖြစ်ပါသည်။ မိမိကမေ့လျှင် သူကလည်း ဘယ်သတိရမည်နည်း။ သူက သတိမရလျှင် သင်နှင့်သူ အဆက်အသွယ်ပြတ်ပြီဖြစ်ရာ ဆက်သွယ်ပေါင်းစုံ လုပ်ဆောင်မှုအားလုံးဆုံးလျှင် နစ်နာမှုများစွာ ရှိနိုင်ပါသည်။

အချို့သည် မှတ်ဉာဏ်အလွန်ကောင်းကြပါသည်။ တစ်ခါတွေ့ဖူးသော မိတ်ဆွေများ၏ နာမည်ကို ချက်ချင်းဖော်ထုတ် နှုတ်ဆက်နိုင်ကြ၏။

ထိုသူများသည် လူမှုဆက်သွယ်ရေးနယ်ပယ်တွင် အောင်ပွဲရကြသူများ ဖြစ်၏။

ကျွန်တော်တို့သည်လည်း ထိုအသိဉာဏ်မျိုးပါမလာရုံဖြင့် လူ့ဘဝ အောင်ပွဲကို မစွန့်လွှတ်နိုင်ကြပါ။ သည်တော့ ဘာလုပ်ရမည်နည်း။

ကျွန်တော်တို့သည် မိတ်ဆွေများနှင့် အဆက်အသွယ် မပြတ်ရေး နည်းလမ်းများကို အသုံးပြုကြရမည်ဖြစ်၏။ ဘယ်လိုသုံးမည်နည်း။

လူတစ်ယောက်နှင့် မိတ်ဆွေဖြစ်ပြီးပြီဆိုသည်နှင့်





'ခင်ဗျားနဲ့ တွေ့ရတာဝမ်းသာပါတယ်'ဟု ဆိုသောစကားမျိုးကို ထိုနေ့တွင်ပင် သူ့ထံသို့ ရေးသားပေးပို့ပါ။ ထိုစာကိုလည်း ဖိုင်တွဲထားလိုက်ပါဟု အဆက်အသွယ်မပြတ် ရှိရေးသဘောတရား စာအုပ်များက ဆိုပါ၏။

ထို့အပြင် ရံဖန်ရံခါ တယ်လီဖုန်းဆက်ပါ။ သူစိတ်ဝင်စားသည့် အကြောင်းအရာများ၊ ဆောင်းပါးများကို တိုက်မှပေးပို့ပါ။ သူ့မွေးနေ့ သို့မဟုတ် သူ့ကလေးနှင့် သူ့ဇနီး၏ မွေးနေ့ကို မှတ်သားပြီး မွေးနေ့မတိုင်ခင် ကတ်ပြားလေး အမှတ်တရလက်ဆောင်လေးများ ပေးပို့ပါ။

လုပ်ငန်းတွင် ဖောက်သည်များနှင့် အဆက်အသွယ်မပြတ်ရေးသည် အရေးကြီးပါသည်။

စင်ကာပူ လေကြောင်းသည် ဧည့်ကြိုလေးများ၏ ဖော်ရွေမှုဖြင့် ဖောက်သည်များနှင့် အဆက်အသွယ်မပြတ်ရန် ကြိုးစားကြသည်။ အချို့ လေကြောင်းများက အကျွေးအမွေးဖြင့် ဖောက်သည်များ သူတို့ကို သတိရစေရန် ကြိုးစားထားကြ၏။ စီးပွားရေးလုပ်ငန်းတွင် တယ်လီဖုန်းနှင့် ဖက်(စ)ကို လှိုင်လှိုင် သုံးဖို့လိုပါသည်။ သို့မဟုတ် စည်းဝေးပွဲ များတွင် တွေ့ကြရမည်ဖြစ်၏။ သို့မဟုတ် လက်ဖက် ရည်ဆိုင်များ၊ ဟိုတယ်များတွင် တွေ့ဆုံစကားပြောပါ။



www.burmeseclassic.com

www.burmeseclassic.com



အဓိကမှာ မိတ်ဆွေများနှင့် အဆက်အသွယ် မပြတ်ရန် ကြိုးစားဖို့ ဖြစ်ပါ၏။

မိတ်ဆွေများသည် ကျွန်တော်တို့နှင့် အဆက်အသွယ် ပြတ်သွားပြီးလျှင် အခြားကျွန်တော်၏ အပြိုင်အဆိုင်များနှင့် သူတို့မိတ်ဆွေ ဖြစ်ကုန်ပါက ဒုက္ခရောက်ဖို့သာ ဖြစ်ပါ၏။

ကျွန်တော်တို့၏ မိတ်ဆွေများ၊ မိသားစုများနှင့် အဆက်အသွယ် ရှိရေးသည် ဗိုဗိုပြင်ပြင်ကို မဖြစ်မနေ လုပ်ဆောင်ရမည့်ကိစ္စဟု ကျွန်တော်သည် အလေးအနက်ထား ဖော်ထုတ်ပြောလိုပါ၏။

ဤကိစ္စကို ပုဂ္ဂိုလ်တစ်ဦးက မိတ်ဆွေများနှင့် အဆက်အသွယ်မပြတ်ရေးအတွက် ရင်နှင့်စွာနှင့် ပြောပါရစေဟုဆိုကာ သူ၏ဖြစ်ရပ်ကို အောက်ပါအတိုင်းပြောပြပါ၏။

သူ့တွင် ကောလိပ်တက်စဉ်က အခင်ဆုံး အချစ်ဆုံးသူငယ်ချင်းတစ်ယောက် ရှိခဲ့သည်။ နောက်ပိုင်းတွင် မိမိမှာ ကိုယ်ပိုင်ကိစ္စ တစ်ရပ်တွင် နစ်မြုပ်နေ၍ နှစ်အတော်ကြာ သူငယ်ချင်းနှင့် အဆက်အသွယ် မလုပ်ဖြစ်ဘဲ ပျက်ကွက်နေခဲ့၏။ သတင်းစာကို လှန်ကြည့်မိသောတစ်နေ့တွင် အမှတ်တမဲ့ နာရေးကြော်ငြာကို ဖတ်ကြည့်မိရာ မိမိ၏ အချစ်ဆုံး သူငယ်ချင်းနာမည်ကို တွေ့ရမှ

စမ်းကြည့်ရာ ရောဂါနှင့် ကွယ်လွန်ခဲ့ကြောင်း သိရသည်ဟုဆို၏။

အခြားပုဂ္ဂိုလ်တစ်ဦးက သူသည် သီလရှင်တစ်ဦးနှင့် သိရှိရင်းနှီးခွင့် ရခဲ့၏။ ထိုသို့သိရှိခဲ့ပြီးသည့်နောက် ယင်းပုဂ္ဂိုလ်သည် သီလရှင်ကြီးနှင့် စာရေးသားခြင်း၊ စာအုပ်များ အပြန်အလှန်ပေးပို့ခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးခြင်းတို့ စသည်ဖြင့် အဆက်အသွယ်ရှိခဲ့သော်လည်း နောက်ပိုင်းကာလတစ်ခုတွင် အလုပ်တာဝန်များလာ၍ ထိုသီလရှင်ကြီးနှင့် မဆက်သွယ်ဘဲရှိခဲ့ပြီး စာအဆက်အသွယ် ကျဲသွားခဲ့ရာ ပြန်၍ဆက်သွယ်သောအခါ သီလရှင်ကြီးမှာ ကင်ဆာရောဂါနှင့်ဆုံးနှင့်လေပြီဟု ဆိုပါ၏။ မသေမီက သီလရှင်ကြီးမှာ ထိုပုဂ္ဂိုလ်အား ဆက်သွယ်လိုကြောင်း၊ ထိုပုဂ္ဂိုလ် အလာကိုအတော်ကြာ စောင့်မျှော်နေကြောင်း သူ့မေးဖြစ်သူမှတဆင့် သိရလေရာ အဆက်အသွယ် မလုပ်မိသည့်အတွက် နောင်တတရား ရခဲ့ကြောင်း ပြောကြားခဲ့ပါ၏။

ပုဂ္ဂိုလ်တစ်ဦးက မိမိအဆက်အသွယ်ပြတ်မှုကြောင့် ဖြစ်ခဲ့ရသော ဆိုးဝါးသော ဖြစ်ရပ်တစ်ခုကို ပြန်ပြောရာတွင် အလုပ်ကိစ္စတစ်ခုနှင့် မိမိသည် အရေးကြီးသုတ်ပြာ ခရီးထွက်ခဲ့ရာ အမေထံ တယ်လီဖုန်းဆက်ရန် သတိရခဲ့သော်လည်း ဖုန်းမဆက်ဖြစ်ဘဲ ထွက်လာခဲ့၏။ ခရီးလမ်းတွင် အမေအား အိပ်ကော်မက်၍

www.burmeseclassic.com



တယ်လီဖုန်း ဆက်မည်စိတ်ကူးခဲ့သော်လည်း ဒုတိယအကြိမ် မေ့လျော့သွားပြန်ပြီး အမေ့ထံ ဖုန်းမဆက်ဖြစ်ဘဲ ရှိခဲ့ပြန်၏။ နောက်တစ်နေ့တွင်တော့ အမေသည် ထိုင်နေလျက်မှ သေဆုံးသွားကြောင်း တယ်လီဖုန်းမှ သတင်းရရှိလေရာ မိမိမှာ တမလွန်ဘဝသို့ ဖုန်းဆက်၍ မရတော့ဘဲ ရူးမတတ်ဖြစ်ခဲ့ရသည်ဟု ဆို၏။

မိမိ၏ ဆိုးဝါးနာကျင်စွာ ယင်းခံစားမှုများကို အကြောင်းပြု၍ ထိုပုဂ္ဂိုလ်က အဆက်အသွယ်မပြတ်ထားရှိရန် တိုက်တွန်းစာ ရေးခဲ့ဖူးပါ၏။

မိတ်ဆွေ၌လည်း အဆက်အသွယ်ပြတ်၍ ကြုံတွေ့နေရသော ဆုံးရှုံးမှုများ ရှိပါလိမ့်မည်။

ထိုသို့မဖြစ်စေရန် ကျွန်တော်တို့သည် ခရီးသွားခိုက်ဖြစ်စေ၊ အလုပ်လုပ်နေခိုက်ဖြစ်စေ၊ ဇနီးသည်နှင့်ဖြစ်စေ မိတ်ဆွေများနှင့်ဖြစ်စေ အဆက်အသွယ်မပြတ်ရှိစေရန် ဂရုစိုက်ဖို့ လိုပါ၏။ ဒီကိစ္စများကို ပြုလုပ်ရန် ဂရေဟာင်ဘဲလ်က လွန်ခဲ့သော နှစ်များစွာကပင် တယ်လီဖုန်းကို တီထွင်ထားခဲ့ပြီး၊ ယခုအခါ တယ်လီဖုန်းစနစ်များသည် ပိုကောင်း၍ ဖက်စ်များပင် ပေါ်ပြီဖြစ်ပါ၏။

အဆက်အသွယ်မပြတ် ထားရှိရေးကို အလေ့အထတစ်ရပ်အနေနှင့် အသုံးပြုပါ။

သင့်ဘဝတက်လမ်းအတွက် အကျိုးရှိပါမည်။





အချို့သော မတော်တဆကိစ္စများနှင့် နာကျင်ခံစားရမှုများကို အဆက်အသွယ်မပြတ်မှုက လွှဲဖယ်ပေးပါသည်။

အတွဲ (၆) အမှတ် ၁၂၊ ကြီးပွားရေးမဂ္ဂဇင်း

❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

# လူငယ်များ နောင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု

မကြာသေးမီးက ကျွန်တော်နှင့် သူငယ်ချင်းများသည် အိမ်မြေတန်ဖိုးများ တစ်စထက်တစ်စ တက်နေခြင်းကို ဆွေးနွေးနေကြသည်။ သူငယ်ချင်းတစ်ယောက်က သူ့အနေနှင့် အိမ်နှစ်လုံး ဝယ်ယူပြီး ရင်းနှီးမြှုပ်နှံခြင်း မပြုခဲ့ပါက သူနှင့် သူ့ဇနီး ဤကမ္ဘာလောကမှ ထွက်ခွာသွားချိန်တွင် သူ၏ သားနှင့်သမီးတို့သည် အိမ်များ ပိုင်ဆိုင်နိုင်တော့မည်မဟုတ်ကြောင်း ပြောသည်။

မှန်ပါသည်။ ယခုခေတ်တွင် အိမ်မြေများ၊ ပစ္စည်းများနှင့် အစစအရာရာမှာ ဈေးကြီးလွန်း၍ ငယ်ရွယ်သော အရာရှိများမှာ ချမ်းသာသော မိဘများမရှိလျှင် ဂေါက်အသင်းဝင် ဖြစ်ရန်ခက်ခဲကြောင်း တွေ့ရှိလာပေမည်။



www.burmeseclassic.com

www.burmeseclassic.com



အသစ်ဖွံ့စည်းသော အသင်းများတွင် အသင်းဝင်အဖြစ် ရင်းနှီးမြှုပ်နှံခြင်းက အကျိုးဖြစ်ထွန်းစေသည်။ ဂေါက်သီး မကစားသောကြောင့် ဂေါက်အသင်းဝင်အဖြစ် ရင်းနှီးမြှုပ်နှံဖို့ မသင့်ဟူသော စိတ်ကူးမျိုးတွင် မနစ်မွန်းမိပါစေနှင့်။ ဈေးနှုန်းများ နိမ့်စဉ်က ရင်းနှီးမြှုပ်နှံခဲ့သူများမှာ အလွယ်တကူ ပွပေါက်တိုးတော့သည်။

အိမ်မြေ အငှားချခြင်းများသည်လည်း အရင်းအနှီးကောင်းများ ဖြစ်နိုင်သည်။ ကျွန်တော်၏ သူငယ်ချင်းတစ်ယောက်မှာ အိမ်မြေ ငှားခြင်းမှ ငွေတိုးပွားအောင်လုပ်၍ ရမှန်း ငယ်စဉ်ကပင် သူ့ဖခင်၏ အတွေ့အကြုံများအရ သိခဲ့ရသည်။ သူ အမှုဆောင်အရာရှိ ဖြစ်သောအခါ သူတတ်နိုင်သည့် ဆိုင်ခန်းငယ်များကို ဝယ်၍ငှားထားခဲ့သည်။ ဈေးများ တက်လာသောအခါ ဆိုင်ခန်းများကိုရောင်းပြီး အမြတ်တချို့ကို လူနေအိမ်ခန်းများဝယ်ယူရင်းနှီးမြှုပ်နှံခဲ့သည်။

အသင်းအဖွဲ့များ၊ ရုံးခန်းနှင့် လူနေ အဆောက်အဦများတွင် အငယ်စား ရင်းနှီးမြှုပ်နှံမှုများမှ သင်သည်ပို၍ကြီးသော အိမ်ရာများတွင် ပြောင်းရွှေ့ရင်းနှီးနိုင်သည်။

အိမ်ရာများသည် အများအားဖြင့် ခိုင်မာသောအရင်းအနှီးများ ဖြစ်ကြသည်။ စင်ကာပူရှိ မိတ်ဆွေတစ်ယောက်သည် လွန်ခဲ့သော နှစ်အနည်းငယ်က ဘန်ဂ





လိုတစ်ခုကို ဒေါ်လာ ၇၀၀,၀၀၀ နီးပါးဖြင့် ဝယ်ခဲ့သည်။ ယခုထိုဘန်ဂလိုမှာ ဒေါ်လာသိန်းနှစ်ဆယ်တန်နေလေပြီ။

မြေဝယ်ခြင်းကလည်း အရင်းအနှီးကောင်းတစ်ခုဖြစ်သည်။ မိတ်ဆွေတစ်ယောက်က အိမ်ခန်းတစ်ခုကို ၁၅ သိန်းဖြင့် ကနဦးဝယ်သည်။ နောက် သိန်း ၂၀၀ ဖြင့် ရောင်းလိုက်ပြီး ထိုငွေဖြင့် မြေတစ်ကွက်ဝယ်ကာ ဘန်ဂလိုဆောက်သည်။ ယခု သူ့မြေမှာ သန်းပေါင်းများစွာ တန်နေမည်ကို ပြောရန်မလိုပါ။

နိုင်ငံခြားတွင် ရှယ်ယာများ ဝယ်ခြင်းကလည်း အကျိုးရှိသည်။ ဈေးကွက်ဈေးနှုန်းများကိုတော့ လေ့လာရန် အချိန်ယူရသည်။ တစ်ခါတရံ အစိုးရ ထိန်းချုပ်သည့် ကုမ္ပဏီများကို ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း စသောအခွင့်အရေးမျိုး ပေါ်လာတတ်သည်။ စင်ကာပူ ရုပ်မြင်သံကြားဆက်သွယ်ရေး ရှယ်ယာများကို ရောင်းချစဉ်က တချို့လူများသည် ဝယ်ပြီး မြန်မြန်ပြန်ရောင်းလိုက်ခြင်းဖြင့် အမြတ် တော်တော် ရလိုက်ကြသည်။

နိုင်ငံတကာတွင် ငွေကြေးဝယ်ယူခြင်းကလည်း အမြတ်အစွန်း ရနိုင်သည်။ အချို့လူများသည် စတောလင်ပေါင် အတက်အကျမှ သန်းချီ၍ မြတ်စွန်းကြသည်။

ရင်းနှီးမြှုပ်နှံမှုများမှ လူတိုင်း အမြတ်ရကြသည်မဟုတ်။ အိုးအိမ်များ၊ စတော့နှင့် ငွေကြေးများကိုဘယ်တော့ ရောင်းရဝယ်ရမည်ဆိုသည်က အမြတ် သို့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် အရှုံးစသော ကွာခြားမှုကိုလည်း ဖြစ်စေသည်။ သတင်းစာများဖတ်ခြင်း၊ ကျွမ်းကျင်သူများနှင့် တိုင်ပင်ခြင်း၊ ဖြစ်ရိုးဖြစ်စဉ်များကို လေ့လာခြင်းတို့က အထောက်အကူပြုသည်။

သင်၏ငွေကို ဘဏ်မှာ ထည့်ထားခြင်းက ဖြေးဖြေးနှေးနှေး စုဆောင်းခြင်းဖြစ်သော်လည်း စုငွေ တစ်ခုတည်းဖြင့် သင်မချမ်းသာနိုင်။ အိုးအိမ်များ မပိုင်ဆိုင်နိုင်ပါ။

လူငယ်စုံတွဲများအတွက် ယုံကြည်မှု၊ ဗဟုသုတနှင့် အမြတ်များ တိုးပွားလာသည့်အလျောက် စွန့်စားမှုလည်း ရှိမည်သာ။ ထိုသို့မဟုတ်ပါက လွဲသွားသော အခွင့်အရေးများကို အပြစ်တင်ခြင်းဖြင့် အဆုံးသတ်နေရမည်။

*(Young People Should invest for the future မှ)*

❒



## အခန်း (၄)

# အလုပ်သမားအလိုရှိသည် အလိုရှိသည် အလုပ်သမား

ကျွန်တော်သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၅၅၊ အင်းလျားမြိုင်လမ်းတွင် ASIA VILLA ဟူသော တည်းခိုခန်းလေးကို ဖွင့်ဖူး၏။

ကျွန်တော်တို့ တည်းခိုခန်းလေးသည် နိုင်ငံခြားသား တစ်ဦးကို ဒေါ်လာ ၂၀ မှ ၃၀ အတွင်းသာ ယူသဖြင့် ဈေးနှုန်းချိုသာသောကြောင့် တည်းခိုသည့်သူ မည်သူ သိပ်မပြတ်လှပါ။ ထို့ပြင် ခြံဝန်းကျယ်ခြင်း၊ ခြံရှေ့တွင် မြက်ခင်းပြင်လေးရှိခြင်း၊ ပတ်ဝန်းကျင် အနေအထား အေးချမ်းခြင်းကြောင့်လည်း လာရောက်တည်းခိုသောသူများ နှစ်သက်ကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအလုပ်တွင် ဟိုတယ် လုပ်ငန်းအနေနှင့် ပြဿနာ သိပ်ကြီးကြီးကျယ်ကျယ် မရှိလှသော်လည်း တကယ်တမ်း စိတ်အညစ်ရဆုံးသော ပြဿနာမှာ အလုပ်သမား ပြဿနာသာလျှင် ဖြစ်ပါ၏။ ကျွန်တော့်ထံတွင် အလုပ်လုပ်လိုပါသည်ဟု ဆက်သွယ်ထားသူ နှစ်ရာခန့်ရှိ၏။ ထိုသူတို့က ဘာရရလုပ်ပါမည်ဟုလည်း ဆိုကြ၏။

ကျွန်တော်သည် အလုပ်ခန့်ရန် လူ ၅၀၀ ခန့်ကိုလည်း တွေ့ဆုံမေးမြန်းဖူးပါ၏။ တွေ့ဆုံသောလူ ၅၀၀ ခန့်သည် သူတို့ အလုပ်တစ်ခုကို လုပ်ချင်နေတာ အမှန်ပင်ဖြစ်၏။ သို့သော် "ဘာလုပ်တတ်လဲ"ဟုမေးသောအခါ ရေရေရာရာ ဘာမှမဖြေနိုင်ဘဲရှိ၏။

"ဆရာဘာခိုင်းခိုင်း ကျွန်တော် လုပ်ပါမည်။ ကျွန်တော့်မှာ ကလေးငါးယောက်နှင့် ဒုက္ခရောက်နေလို့ပါ၊ ကျွန်တော် အခု တစ်ရက်နှစ်ရက်အတွင်း အလုပ်ကို မရရှိပါက အကြီးအကျယ် ဒုက္ခရောက်မည် ဖြစ်၍ ကူညီပါခင်ဗျာ"ဟု ဆို၏။

လူဆယ်ယောက် အလုပ်လာလျှောက်ရာတွင် ကိုးယောက်သည် အလုပ်မရှိ၍ ဒုက္ခရောက်နေ၍ အလုပ်လာလျှောက်ကြခြင်းဖြစ်၏။ ကျွန်တော်က ကျွန်တော်တို့ ကုမ္ပဏီသည် ကုန်သွယ်မှုလုပ်ငန်းများကို လုပ်ဆောင်မည်၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများလည်း



လုပ်ဆောင်မည်၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလည်း လုပ်မည်ဟု ရေးသားထားပါသည်။ ထိုလုပ်ငန်းထဲမှ ဘာအလုပ်ကို လုပ်တတ်သလဲ၊ ကျွန်တော် ခန့်ပါမည် သို့သော် ကျွန်တော်တို့ ကုမ္ပဏီတွင် ဒုက္ခသည်ကို ကူညီပါမည်၊ အလုပ်မရှိသူများအတွက် အလုပ်အကိုင် ရရှိစေရမည်ဟု ကုမ္ပဏီ၏ ရည်ရွယ်ချက်များတွင် မပါဝင်ပါ။ ထို့ကြောင့် ကျွန်တော်တို့ ကုမ္ပဏီ၏ ရည်ရွယ်ချက်ထဲမှ အလုပ်များအနက် ဘယ်အလုပ်ကို လုပ်တတ်လဲ၊ တတ်တဲ့ အလုပ်ကို ခန့်မည်ဟုဆိုတော့ "ဆရာ ဘာခိုင်းခိုင်း ရသည်"ဟုဆို၏။

ဒီတော့ ကျွန်တော်က "ခင်ဗျား လက်နှိပ်စက် ရိုက်တတ်လား"ဆိုတော့ မတတ်၊ ဒါဆို အင်္ဂလိပ်စကား ပြောတတ်လားဆိုတော့လည်း မပြောတတ်၊ ကဲ ဒါဆို ကားမောင်းတတ်လား၊ မီးပြင်တတ်လား၊ ထမင်းချက် တတ်လားဟုဆိုတော့ ဆယ်တန်းတော့ အောင်ထားသည်။ ဒါတွေတော့ မတတ်သေးဘဲရှိနေ၏။ ကျွန်တော်တို့ ကုမ္ပဏီတွင် လိုအပ်သော အလုပ်သမားတွေက အများကြီးဖြစ်၏။ ကျွန်တော်တို့အလုပ်တွင် အင်္ဂလိပ်စကားပြောတတ်သူ၊ တရုတ်လိုတတ်သူ၊ ဧည့်ကြိုလုပ်ငန်းလုပ်တတ်သူ၊ မြန်မာထမင်း ဟင်း ကောင်းကောင်းချက်တတ်သူ၊ ကားမောင်းတတ်သူ၊ အိပ်ရာခင်းတတ်သူ၊ အိမ်သာဆေးတတ်သူ၊ ရုံးစာရေးတတ်သူ၊ လက်နှိပ်စက်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်တတ်သူ၊ ကွန်ပျူတာကိုင်တတ်သူ၊ အဝတ်လျှော်တတ်သူ၊ စာပြင်တတ်သူ၊ ဘဏ်လုပ်ငန်း နားလည်သူ အနုပညာပစ္စည်း နားလည်သူ၊ သွင်းကုန်လုပ်ငန်း လုပ်တတ်သူ၊ ထုတ်ကုန်လုပ်ငန်း လုပ်တတ်သူ၊ သစ်နားလည်သူ၊ ဈေးဝယ်တတ်သူ၊ အရက်ကျွမ်းကျင်သူ၊ တံမြက်စည်းလှည်းတတ်သူ၊ ပန်းအလှပြင်တတ်သူ စသည်ဖြင့် လူများစွာ အလိုရှိနေ၏။

ကျွန်တော့်အား လူကောင်းရလျှင် စိတ်ချရတဲ့လူရှိရင်၊ မန်နေဂျာကောင်းကောင်းရှိရင်၊ ဒရိုင်ဘာကောင်းကောင်းရှိရင် ပြောပါဟု အကူအညီတောင်းထားသူများလည်း တစ်ပုံတစ်ပင် ဖြစ်ပါ၏။

အလုပ်လာလျှောက်သူတို့သည် ဆယ်တန်းအောင်ဘွဲ့ရပြီး အသက် ၃၀ ကျော်သော်လည်း လုပ်ငန်းတစ်ခုခုကို ကျွမ်းကျင်စွာ လုပ်နိုင်သူ အလွန်မှရှား၏။ ကျွန်တော်တို့သည် အလုပ်များကို ခန့်အပ်ရာတွင် အတန်းပညာ မည်မျှတတ်သည်ကို ထည့်သွင်း မစဉ်းစားဘဲ လုပ်ငန်းအတွေ့အကြုံကိုသာ အဓိကထား၍ စဉ်းစား၏။ ကျွန်တော်တို့သည် အလုပ်သမားတစ်ဦးအား မျိုးရိုး၊ ကျားမ စသည်တို့ကိုလည်း သိပ်အလေးအနက် မထားပါ။

ကျွန်တော်က အလုပ်လာလျှောက်တာတော့ ဟုတ်ပါပြီ။ ဘာလုပ်ချင်တာလဲဟုဆိုတော့ ဆရာခိုင်းတာ လုပ်ပါမည်ဟု ဆိုသူများပါ၏။





"ဟုတ်ပြီ ဒီလိုဆို၊ ခင်ဗျားကို စားပွဲထိုးခိုင်းမည် လုပ်တတ်သလားဆိုတော့" လုပ်ပါမည်ဟုဆို၏။ ဘယ်လိုလုပ်မလဲ နိုင်ငံခြားသားငါးယောက်က မနက်စာ စားမည်ဟု ဆိုပါသည်။ သူတို့က Continental Break Fast စားမယ်လို့ပြောတယ်၊ ခင်ဗျား စားပွဲဘယ်လိုခင်းမလဲ၊ ဇွန်းဘယ်လိုထားမလဲ ပါးစပ်နှင့်ပြင်ပြပါ ဟုဆိုတော့ မလုပ်တတ်တော့ပါ။

နောက်တစ်ဦးက ထမင်းချက် လျှောက်ထား၏။ ကျွန်တော်က မနက်ဖြန်တွင် နိုင်ငံခြားသားငါးယောက် ထမင်းစားမည်၊ နံနက်စာ၊ နေ့လယ်စာနှင့် ညစာပါ စားကြမည်၊ ဈေးဝယ်ဖို့အတွက် ပါးစပ်နှင့် စာရင်းလုပ်ပေးပါဟုဆိုတော့ မလုပ်တတ်ဘဲ ရှိပြန်၏။

ပီနန်တွင် ကျွန်တော့်မိတ်ဆွေတစ်ဦး အလုပ်ခန့်သည်ကို တွေ့ဖူးပါ၏။ အလုပ်သမားက စတိုင်နှင့် အလုပ်ရှင်အခန်းထဲသို့ ဝင်လာ၏။ ထို့နောက် သူတို့က ထိုက်သင့်သော လေးစားမှုကိုပြကာ ကျွန်တော် ဒါတွေ ဒါတွေ တတ်ပါသည်။ ကျွန်တော် လခ မလေးဒေါ်လာ ၅၀၀၀ လိုချင်ပါသည်။ ခန့်အပ်လိုပါက ကျွန်တော့်ထံ အကြောင်းကြားပါဟုဆိုကာ ပြန်သွားပါ၏။ ကျွန်တော့်မိတ်ဆွေက သူ့လျှောက်လွှာကို လေ့လာပြီး "ခင်ဗျား ဘာတဲ့နေ့ကတော့ ကျုပ် ကံကောင်းတဲ့နေ့ပဲဗျို့၊ လျှောက်လွှာထဲမှာ ရေးထားတဲ့အတိုင်းဆိုရင်တော့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ပွတာပဲ၊ ကျုပ် လုပ်ငန်းတစ်ခု ထပ်ပြီးတိုးချဲ့လို့ရပြီ”ဟု ဆိုပါသည်။

ကုမ္ပဏီတိုင်း၊ သူဌေးတိုင်း၊ လုပ်ငန်းဦးဆောင်သူတိုင်းသည် တစ်နေ့တစ်နေ့ သူတို့မျှော်လင့်နေကြသည်မှာ သူတို့အခန်းဝသို့ ဝင်မည့်သူများထဲတွင် ကျွေးဆပ်မည့်သူများ၊ လုပ်ငန်းဖက်စပ်လုပ်မည့်သူများနှင့် ငွေလာရောက်ချေးသူနှင့် ဟန်းတူထားကာ မျှော်လင့်နေသူတို့မှာ လုပ်ငန်းကျွမ်းကျင်သော၊ သစ္စာရှိသော အလုပ်သမားများသာ ဖြစ်ပါ၏။

ဘယ်လုပ်ငန်းရှင်ကမှ သူတစ်ဦးတစ်ယောက်တည်း ကုမ္ပဏီဖွင့်မရပါ၊ မန်နေဂျာမပါဘဲ လက်နှိပ်စက် စာရေးမရှိဘဲ ဘယ်လုပ်ငန်းကိုမှ လုပ်ဆောင်၍ မရပါ။

ကုမ္ပဏီပိုင်ရှင်များ၊ လုပ်ငန်းဦးဆောင်သူများသည် ကိုယ်ဝန်ဆောင် မိမိဇနီးထံမှ ကိုယ်လက်အင်္ဂါအပြည့်အစုံနှင့် ရင်သွေးငယ်တစ်ဦးအား နေ့စေ့လစေ့ရက်တွင် မွေးဖွားရန် အလိုရှိသည့်ဆန္ဒထက် မလျော့သောဆန္ဒဖြင့် လုပ်ငန်းကျွမ်းကျင်သူ မန်နေဂျာကောင်းတစ်ဦး သို့မဟုတ် အလုပ်သမားတစ်ဦး သို့မဟုတ် ညစောင့်တစ်ဦးကို အလိုရှိနေပါ၏။ အလုပ်လုပ်ချင်နေသူတွေလည်း အလွန်မှပေါပါ၏။ လုပ်ငန်းသစ်တီထွင်ထားကြသူများကလည်း မိမိတိုးချဲ့ထားသော လုပ်ငန်းများအတွက် အလုပ်သမားများကို အလိုရှိနေကြပါ၏။

သို့သော် အလုပ်လုပ်ချင်သူတို့ကလည်း အလုပ်မရရှိဘဲ အလုပ်ခန့်လိုသူတို့ကလည်း အလုပ်သမားမရရှိဘဲ အခက်အခဲတွေ့နေပါ၏။

ဤကိစ္စသည် ယနေ့ မြန်မာနိုင်ငံ၏ အရေးကြီးသော ပြဿနာတစ်ရပ်ပင်ဖြစ်၏။ နိုင်ငံအား ခေတ်မီတိုးတက်အောင် ပြုလုပ်ရာတွင် စနစ်တစ်ခုတည်းပြောင်းလဲ၍ မရပါ။ ထိုခေတ်စနစ်တွင် အသုံးပြုနိုင်သော အံဝင်သည့် အလုပ်သမားများလည်း အထူးလိုအပ်ပါ၏။

ထို့ကြောင့် အလုပ်လုပ်လိုသူတို့သည် အလုပ်လျှောက်မီ မိမိတို့ဘက်မှ အလုပ်တစ်ခုကို တတ်ကျွမ်းအောင် ပြုလုပ်ထားရှိဖို့ရာ တာဝန်ရှိ၏။ အမျိုးသမီးတစ်ဦးက “ဆရာရယ် ကျွန်မ အခက်အခဲရှိလွန်းလို့ပါ ဆယ်တန်းအောင်ထားပါတယ်၊ ရှိတဲ့အလုပ်ခန့်ပါ”ဟု ဆို၏။ သူ့ဖခင်က ကျွန်တော့်မိတ်ဆွေ အရာရှိကြီးတစ်ဦး ဖြစ်ပါ၏။ လွန်ခဲ့သော သုံးနှစ်ခန့်က ကွယ်လွန်သွားရာ မိသားစု စားဝတ်နေရေး အခက်အခဲရှိနေ၏။

ကျွန်တော်က “ညီမရယ် သန့်ရှင်းရေးတံမြက်စည်းလှဲတဲ့အလုပ်ပဲရှိတယ်”ဟု ပြောတော့ သူက “အဲဒီအလုပ်ပဲ လုပ်ပါ့မယ်”ဟုဆို၏။

ထို့ကြောင့် ကျွန်တော်က ကြက်မွေးတံမြက်စည်းတစ်ချောင်းနှင့် မတ်တပ်ရပ် မြက်စည်းတစ်ချောင်း




www.burmeseclassic.com

www.burmeseclassic.com



ဖုန်ဂေါ်ပြားတစ်ခုနှင့် အဝတ်စတစ်ခုကို ထုတ်ပေးရာ ဘယ်ဟာကို စကိုင်၍ ဘယ်တံမြက်စီးနှင့် စလှဲရမည်ကိုမသိဘဲ အဝတ်စကို ဘာကြောင့်ပေးထားမှန်း မသိရှိဘဲရှိပါ၏။

ပုဂ္ဂိုလ်တစ်ဦးက မိမိသည် ဟိုတယ်လုပ်ငန်းနှင့် ပတ်သက်၍ ကျွမ်းကျင်သည်။ အထူးသဖြင့် အခန်းသန့်ရှင်းရေး လုပ်ငန်းကို ထိပ်တန်းကျွမ်းကျင်သူဟု ဆိုသဖြင့် "ဒါဖြင့် အခန်းအတွင်း လေသန့်ရှင်းရေးအတွက် Air - Freshner သွားဝယ်ပါဟု ဆိုသောအခါ ဝယ်တော့ ဝယ်လာပါ၏။ သို့သော် သူဝယ်လာသော လေသန့်ဆေး ဘူးမှာ ဟိုတယ်အခန်းများတွင်သုံးသော လေသန့်ဘူး မဟုတ်ဘဲ အသုဘအခမ်းအနားများတွင် သုံးသော လေသန့်ဘူး ဖြစ်နေသောကြောင့် သုံးမရဘဲ ဖြစ်ခဲ့ရ၏။ ထို့ကြောင့် ယနေ့ စီးပွားရေးလုပ်ဆောင်ရာတွင် လုပ်ငန်းများသည် အသေးစိတ်၍လာသည်။ လုပ်ငန်းကျွမ်းကျင်မှု ကိစ္စသည် အထူးစကားပြော၍ လာပေရာ အလုပ်အကိုင်လိုသူတိုင်း အတတ်ပညာ တစ်ရပ်ကို အစမှအဆုံး တတ်ထားရန် လိုအပ်ပြီဖြစ်ပါ၏။

အဋ္ဌာရသ၊ သိပ္ပအပြား
အတတ်များကို၊ မှတ်သားသတိ
ပညာရှိတို့၊ တတ်သိအပ်စွ
ထိုသိပ္ပကို၊ နှံ့မျှလုံးစုံ





မတတ်တုံလည်း၊ တစ်စုံတစ်ခု
တတ်အောင်ပြု၍၊ လူမှုကုန်အောင်
တိုးပွားဆောင်လော့

ဟူသော လောကသာရ ဆုံးမစာအတိုင်း တစ်စုံတစ်ခုကိုကား တတ်အောင်ပြုရန်လိုအပ်၏။ လုပ်ငန်းတစ်စုံတစ်ရာ မတတ်ဘဲ ယနေ့ကာလတွင် အလုပ်မရနိုင်တော့ပြီဖြစ်၏။ အလုပ်ဆိုသည်မှာ ပန်းရံတတ်သလား၊ ပန်းပဲတတ်သလား၊ လျှပ်စစ်ပြင်တတ်လား၊ တီဗွီ၊ ဗွီဒီယိုပြင်တတ်လား၊ ရေဒီယိုပြင်တတ်လား၊ ထိုသူတို့အတွက် အလုပ်သည် အမြဲအဆင်သင့်ရှိ၏။ ကျွန်တော့်လုပ်ငန်းတွင် မကြာခဏ လျှပ်စစ်ပျက်ခြင်း၊ ရေခဲသေတ္တာနှင့် လေအေးစက်ပျက်ခြင်းတို့ဖြစ်ရာ လျှပ်စစ်ကျွမ်းကျင်သူတစ်ဦးသည် ကျွန်တော်တို့လို ကုမ္ပဏီဆယ်ခုလောက်နှင့် ဆက်ထားရုံဖြင့် တစ်လတွင် လေးငါးသောင်းလောက်ရမည်ဟု ခန့်မှန်းရပါ၏။

ယခုအခါ လုပ်ငန်းများသည် အပြိုင်ဖြစ်လာ၏။

လုပ်ငန်းများ အပြိုင်ဖြစ်လာသောအခါ မိမိတို့ကုမ္ပဏီမှ ခန့်ထားသော အလုပ်သမားညံ့ပါက အခြားကုမ္ပဏီများက မိမိတို့ကုမ္ပဏီကို ဖြတ်ကျော်၍ တက်သွားမည်ဖြစ်ပါ၏၊

ဗဟန်းမြို့နယ်တွင် ကျွန်တော်တို့လို ဟိုတယ်ပေါင်း နှစ်ဆယ်မှ သုံးဆယ်အထိရှိ၏။ နိုင်ငံခြားသားသည်တစ်ဦးက ဘယ်ဟိုတယ်မှ ဧည့်ကြိုကို မကြိုက်



www.burmeseclassic.com

www.burmeseclassic.com



၍ ဒီဟိုတယ်ပြောင်းလာတယ်၊ ဒီဟိုတယ်က စားပွဲထိုးညံ့၍ ဟိုဘက်ဟိုတယ်သို့ ဧည့်သည်ပြောင်းသွားသည်ဟူသော အဖြစ်မျိုးကို ငွေအရင်းအနှီး သိန်းပေါင်းများစွာရင်းနှီးထားသော ဘယ်လုပ်ငန်းပိုင်ရှင်တို့ကမှ သည်းခံကြမည်မဟုတ်ပါ။

ပုဂ္ဂလိက လုပ်ငန်းများသည် အစိုးရဌာနလုပ်ငန်းများနှင့် မတူကြပါ။ အပြိုင်အဆိုင် လုပ်နေကြခြင်းဖြစ်၏။

အသက်ဝင်နေသည့် အပြိုင်အဆိုင်လုပ်ငန်းများတွင် အလုပ်ဝင်ရောက် လုပ်ကိုင်လိုသူသည် ကျွန်တော့်ကို ခိုင်းချင်တာခိုင်းပါ၊ ကျွန်တော် ကြိုးစားပါမယ်၊ ကျွန်တော်က ဘယ်သူဘယ်ဝါသားပါဆိုရုံဖြင့် အလုပ်မရနိုင်ပါ။ ကျွန်တော်တို့ ကုမ္ပဏီတွင် ဒါရိုက်တာများနှင့် အစုရှယ်ယာဝင် ၁၈ ဦး ရှိကြပါ၏။ အားလုံးတွင် အရွယ်ရောက်နေကြသော သားသမီးများလည်း ရှိကြပါ၏။ ဒါရိုက်တာ အများစု သားသမီးတို့မှာ ဆယ်တန်းအောင်ပြီး ဘွဲ့ရပြီး နိုင်ငံခြားမှ ပြန်လာကြပြီးလည်း ဖြစ်ကြပါ၏။ သို့သော် ကျွန်တော်တို့ ဒါရိုက်တာများ အစုရှယ်ယာဝင်များသည် တစ်ဦးကမှ ကျွန်တော်တို့ လုပ်ငန်းထဲတွင် ကျွန်တော်တို့ သားသမီးများအား စာရေးသော်လည်းကောင်း၊ လက်ထောက်မန်နေဂျာသော်လည်းကောင်း မန်နေဂျာသော်လည်းကောင်း ခန့်ဖို့



အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် ဆယ်တန်းအောင်ထားပြီး ဖြစ်သော်လည်း လက်နှိပ်စက်မရိုက်တတ်ပါ၊ မဟာဝိဇ္ဇာဘွဲ့ရပြီးသော်လည်း မန်နေဂျာမလုပ်တတ်ပါ။ ဆိုလိုသည်မှာ လုပ်ငန်းမကျွမ်းကျင်ပါက ပုဂ္ဂလိက လုပ်ငန်းများတွင် သားသမီးနှင့် ဇနီးမယားကိုပင် အလုပ်ခန့်လေ့မရှိပါ။ ထို့ကြောင့် အလုပ်အကိုင်ရှာဖွေလိုသူများသည် ဤအချက်များကို အလေးအနက်ဂရုပြု၍ အလုပ်အကိုင်များကို ရှာဖွေကြရန် လိုအပ်ပါ၏။ အလုပ်ရှင်တိုင်းသည် လုပ်ငန်းကျွမ်းကျင်သော စိတ်ချရသော အလုပ်သမားများကို အရိပ်တကြည့်ကြည့်ရှိနေကြပါ၏။

မိမိသည် အလုပ်တစ်ခုကို တကယ်ကျွမ်းကျင်ပါက မည်သည့်အလုပ်သမားကမှ အလုပ်လျှောက်လွှာတင်ရန် မလိုပါ၊ အလုပ်ရှင်များက ထိုအလုပ်သမား၏ ရှေ့သို့လာ၍ ဒူးထောက်ကာ အလုပ်ကို လာရောက်ပေးအပ်မည့်အပြင် လုပ်ခကို အလုပ်ရှင်က ဘယ်၍ဘယ်ဟူမပြောဘဲ အလုပ်သမားတောင်းဆိုသော လုပ်ခကို အလုပ်ရှင်က ကြိုပေးထားရန် အသင့်ရှိနေမည်ကို အလုပ်ရှာဖွေသူတိုင်း သတိရှိစေရန် တင်ပြအပ်ပါ၏။

အမှတ် (၃)၊ အတွဲ (၃) ကြီးပွားရေးမဂ္ဂဇင်း၊ ၁၉၉၃

❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

# ၂၁ ရာစုသည် ဘုုးသီးကြော် ရာစုလော

ယခုအခါ ကမ္ဘာပေါ်တွင် တရုတ်ဘာသာစကားသည် အလွန်အရေးပါသော ဘာသာစကားကြီးတစ်ရပ်ဖြစ်လာ၏။ တရုတ်ဘာသာစကားသည် အင်္ဂလိပ်စာလို အရေးကြီးလာသော ဘာသာတစ်ရပ်ဖြစ်ပြီ။ ရာစုနှစ်များတွင် တရုတ်လို မတတ်ပါက လူရာမဝင်တော့မည့် ရာစုဖြစ်လာနိုင်၏။

ကမ္ဘာ့စီးပွားရေးကို လေ့လာပါက ရှေးအခါက တရုတ်သည် ထိပ်တန်းမှ ဖြစ်ခဲ့၏။ မာကိုပိုလို အစရှိသော ခရီးသည်များပင် တရုတ်ပြည်ကို ဦးတည်သွားခဲ့သည်။ တရုတ်ပြည်မှ ပိုးထည်နှင့် အရှေ့တိုင်းမှ ဟင်းခတ် အမွှေးအကြိုင်များ၊ ကျောက်မျက်နှင့် လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ခြောက်တို့သည် အနောက်ကမ္ဘာ၏ မက်မောစရာ ဖြစ်ခဲ့၏။

တရုတ်သည် ယဉ်ကျေးမှုအရလည်း အလွန်မှ ကြီးကျယ်လှပေရာ မွန်ဂိုတို့သည် တရုတ်များအား စစ်ရေးအရ အောင်နိုင်ခဲ့သော်လည်း ယဉ်ကျေးမှုအရမူ တရုတ်များအောက်သို့ ခေါင်းလျှိုဝင်ခဲ့ရ၏။ စက်မှု အရေးတော်ပုံကြီး ပေါ်ပေါက်လာသောအခါ ကမ္ဘာ့စီးပွားရေး ဗဟိုချက်မသည် ဥရောပနှင့် အမေရိကတိုက်သို့ ရွှေ့သွားခဲ့၏။ စက်မှုလုပ်ငန်းများကို အခြေခံ၍ ဥရောပနှင့် အမေရိကတိုက်သည် ချမ်းသာလာခဲ့၏။ ဥရောပတိုက်သားများ၊ အမေရိကတိုက်သားများသည် အလွန်ချမ်းသာလာရကား စီးပွားရေးလုပ်ငန်း အရပ်ရပ်ကို မလုပ်ကြတော့ဘဲ သူဌေးကြီးများအဖြစ် ဖိမ်ခံနေချိန်တွင် ဂျပန်ဦးဆောင်၍ အရှေ့တိုင်းသားတို့သည် ကျောက်သားအတိဖြစ်နေသော သူတို့နိုင်ငံကို ရွှေနိုင်ငံဖြစ်အောင် လုပ်ခဲ့၏။ ကိုရီးယားသည် ဝိရိယနှင့် လုံ့လကို အခြေခံ၍ နှစ်အနည်းငယ်အတွင်း ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ထိုအချိန်တွင် ထိုင်ဝမ်ကလည်း သူ့နည်းသူ့ဟန်ဖြင့် ကြိုးစားလာခဲ့၏။ ဟောင်ကောင်ကလည်း စီးပွားရေးတွင် ထိပ်တန်းသို့ တက်လာခဲ့၏။ အာရှ၏ ကျားများဟု အမည်ခံကာ ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်ဝမ်နှင့် စင်ကာပူတို့က ရှေ့သို့ ချီတက်တိုးထွက်





လာချိန်တွင် တရုတ်ပြည်မကြီးသည် ငေးငိုင်၍မနေတော့ဘဲ သူ၏ စီးပွားရေးကို အံ့မခန်းလောက်အောင် လုပ်ဆောင်၍ ရှေ့တန်းသို့ ထွက်လာခဲ့၏။ ယနေ့ တရုတ်ပြည်မကြီး အပါအဝင် အနိုင်နိုင်ငံရှိ တရုတ်သွေးပါသော တရုတ်လူမျိုးတို့၏ စီးပွားရေးသည် ကြောက်ခမန်းလိလိ ဖြစ်၏။

၂၁ ရာစုကို အာရှတိုက်သည် ပစိဖိတ် အနားသတ်နိုင်ငံများ၏ ရာစုဟု စီးပွားရေးပါရဂူများက ထုတ်ဖော်ပြောကြားလာခဲ့၏။ ပစိဖိတ်အနားသတ်နိုင်ငံများဆိုသည်မှာ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ၊ မလေး၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ နယူးဇီလန် အစရှိသော နိုင်ငံများဖြစ်ပါ၏။

ထိုနိုင်ငံများတွင် လူဦးရေအရ၊ နိုင်ငံအကျယ်အဝန်းအရ၊ စီးပွားရေး ပိုင်ဆိုင်မှုအရ ခွဲတမ်းချကြည့်ပါက ပစိဖိတ်၏ အနားသတ် နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုသည် တရုတ်လူမျိုးတို့၏ စီးပွားရေး တိုးတက်မှု ဖြစ်နေသည်ကို တွေ့ရ၏။ စင်ကာပူ၊ ဟောင်ကောင်၊ ထိုင်ဝမ်သည် တရုတ်လူမျိုးတို့၏ နိုင်ငံများသာဖြစ်၏။ အခြားနိုင်ငံများတွင်လည်း ယင်းနိုင်ငံဖွား တရုတ်အမျိုးသားများသည် စီးပွားရေးလုပ်ငန်း အများအပြားကို သူတို့လက်တွင်း၌ အမိအရ ဆုပ်ကိုင်ထားပြီး ဖြစ်ကြ၏။

www.burmeseclassic.com



ထိုင်းနိုင်ငံ၏ စီးပွားရေးကို ကြည့်ပါက ဟိုတယ်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ ဘဏ်လုပ်ငန်းကြီးများတွင် တရုတ်လူမျိုးများနှင့် တရုတ်သွေးပါသောသူများ ဖိဖိစီးစီး ကြီးစိုးထားသည်ကို တွေ့ရပါ၏။ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား အစရှိသော နိုင်ငံများတွင်လည်း တရုတ်တို့သည် စီးပွားရေးကို အကွက်အကွင်းကျကျ နေရာယူပြီးဖြစ်၏။ သြစတြေးလျနှင့် နယူးဇီလန်ကဲ့သို့ လူဖြူများ ကြီးစိုးသော နိုင်ငံတွင်လည်း တရုတ်မကင်းဘဲရှိ၏။ မလေးရှားနိုင်ငံတွင်လည်း မလေးနိုင်ငံဖွား တရုတ်အမျိုးသားများက မလေးရှား စီးပွားရေးကို ကြီးစိုးထားခြင်းဖြစ်၏။ တရုတ်အမျိုးသားတို့သည် တရုတ်စစ်စစ် အမည်ခံ၍လည်းကောင်း၊ သက်ဆိုင်ရာ နိုင်ငံသားများအဖြစ်လည်းကောင်း ဆိုလိုသည်မှာ မလေးနိုင်ငံတွင် မလေးနိုင်ငံဖွား တရုတ်အမျိုးသား၊ မြန်မာတွင် မြန်မာနိုင်ငံဖွား တရုတ်အမျိုးသား၊ ဖိလစ်ပိုင်နိုင်ငံတွင် ဖိလစ်ပိုင်နိုင်ငံဖွား တရုတ်အမျိုးသားအဖြစ်လည်းကောင်း နေထိုင်၍ စီးပွားရေးကို အဓိကထား လုပ်ဆောင်လျက်ရှိကြရာ ပစိဖိတ် အနားသတ်နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုသည် တရုတ်အမျိုးသားတို့၏ တိုးတက်မှုဟု ဆိုပါက ဘယ်လိုမှ မမှားနိုင်ပါ။ တရုတ်အမျိုးသားတို့သည် ဘာသာရေးအရ ရှေ့တန်းတင်မှု မရှိသောကြောင့်လည်း တရုတ်အမျိုး



သားတို့အား အခြားနိုင်ငံများက လက်ခံကြရာတွင် များစွာ ပဋိပက္ခ မရှိကြပေ။

တကယ်တော့ ကမ္ဘာပေါ်တွင်လည်း ကမ္ဘာ့လူဦးရေ၏ ငါးပုံသုံးပုံသည် တရုတ်လူမျိုးများသာဖြစ်၏။ ကျွန်တော်တို့သည် ကမ္ဘာကို ထွက်လာပါက အာရှတိုက်တစ်ခုလုံး၌ တရုတ်လူမျိုးကို မမြင်ချင်အဆုံးဖြစ်၏။ တရုတ်အမျိုးသားတို့နှင့် ကင်း၍မရပေ။

ဥပမာ– ကာလကတ္တားမြို့သည် လူဦးရေ အလွန်များပြား၍ လုံးလုံးလျားလျား အိန္ဒိယအမျိုးသားတို့ ကြီးစိုးသော မြို့ဖြစ်၏။ ဘယ်နေရာကိုကြည့်ကြည့် အိန္ဒိယအမျိုးသားများသာဖြစ်၏။ အိန္ဒိယနိုင်ငံ အိန္ဒိယမြို့ဖြစ်သော ကာလကတ္တားမြို့ပေါ်မှာပင်လျှင် ခေါက်ဆွဲရောင်းနေသော တရုတ်မိသားစုများ ရှိနေ၏။ ကုလားများကြားထဲတွင် ထိုတရုတ်မိသားစုသည် အဘယ်အချိန်က ရောက်၍ ဘယ်လိုအချိန်က နေရာယူထားကြသည်သော။

ထို့ကြောင့်လည်း ရှေးအခါက နပိုလီယံက 'တရုတ်နဂါးကြီး အိပ်မောကျနေသည်ကို မနှိုးပါနှင့်။ သူတို့ နိုးလာလျှင် ခက်လိမ့်မည်'ဟု အမြော်အမြင်ကြီးစွာဖြင့် ဆိုခဲ့ခြင်းဖြစ်၏။ ၂၁ ရာစုသည် တရုတ်နဂါးကြီး နိုးလာသော ရာစုဖြစ်၏။ ပစိဖိတ်အနားသတ်နိုင်ငံများ၏ ဖွံ့ဖြိုးမှု၊ သြဇာကြီးစိုးမှုသည် တရုတ်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားများနှင့် တရုတ်သွေးပါသူတို့၏ ဖွံ့ဖြိုးမှု၊ ဩဇာကြီးမှုဖြစ်၏။

ထို့ကြောင့် ကျွန်တော်တို့သည် ကမ္ဘာ့စီးပွားရေး လောကထဲသို့ ဝင်ရောက်မည်ဟုဆိုပါက တရုတ်စကား မပြောတတ်ဘဲ၊ တရုတ်စာမတတ်ဘဲ ဝင်ပါက လူရာ မဝင်သည့်ဘဝကို ဖြတ်သန်းရာရောက်တော့မည်ဖြစ်၏။ အာရှတွင် တရုတ်စာကို အလုအယက် သင်နေကြပြီ ဖြစ်၏။ စင်ကာပူမှ အလုပ်ခန့်ရန် အရည်အသွေးများ ထဲတွင် အင်္ဂလိပ်စကား သို့မဟုတ် တရုတ်စကားတတ် ရမည်ဟု ပါရှိ၏။ တရုတ်အမျိုးသားများသည် မိမိတို့ ကိုယ်၌က တရုတ်စကားတတ်ပြီး ဖြစ်ရကား ယင်းတို့ သည် အင်္ဂလိပ်စကားကိုလည်း သင်ကြားကာ ယင်း တို့နေထိုင်သည့် နိုင်ငံ၏စကားကိုလည်း တတ်ကျွမ်း ကြသောကြောင့် သုံးဘာသာတတ်သူများ ဖြစ်လာကြ၏။ ဆိုလိုသည်မှာ မလေးတွင်နေသော တရုတ်အမျိုးသား တစ်ဦးသည် တရုတ်လိုလည်း တတ်သည်။ အင်္ဂလိပ် စကားလည်းတတ်သည်။ မလေးလိုလည်း ပြောနိုင်သည်။ မြန်မာနိုင်ငံတွင်နေသော တရုတ်အမျိုးသားများသည် တရုတ်၊ အင်္ဂလိပ်၊ မြန်မာ သုံးမျိုးတတ်၏။

၂၁ ရာစုသည် ဘူးသီးကြော်ရာစု ဖြစ်သည်။ နိုင်ငံတကာတွင် တရုတ်စာဖြင့် ဆိုင်းဘုတ်များ၊ ကြော်ငြာများသည် ဘယ်နိုင်ငံတွင်မဆို မမြင်လို၍မရ။ ထိုသို့





ဆိုလျှင် ကျွန်တော်တို့လည်း တရုတ်စကား၊ တရုတ်စာ သင်ကြရမည်ဖြစ်၏။ တရုတ်စာမတတ်ပါက လူရာမဝင် သောခေတ်သို့ ရောက်လာပြီ မဟုတ်ပါလော။

မန္တလေးမြို့တွင် တရုတ်အမျိုးသားတို့ ကြီးစိုး နေရာယူလျက်ရှိသည်ဟု ဆိုကြ၏။ မန္တလေးမပြောပါနှင့် ကမ္ဘာတစ်ခုလုံးတွင် ဘယ်နေရာတွင် တရုတ်တို့ နေရာ မယူသောအရပ် ရှိပါသနည်း။ မရှိပါ။ ကမ္ဘာတွင်၊ အာရှတွင် တရုတ်အမျိုးသားများကို ယခုလို အငှားယာဉ် မောင်းသမားအဖြစ်၊ ဘိန်းစားအဖြစ်၊ ပြည့်တန်ဆာခေါင်း လုပ်စားသူများအဖြစ် တွေ့ရသလို ဘဏ်သူဌေးကြီး၊ ဟိုတယ်သူဌေးကြီး၊ အောင်မြင်သူနိုင်ငံရေး ခေါင်းဆောင် ကြီးများအဖြစ်လည်း အနိုင်နိုင်ငံတွင် တွေ့ရပါ၏။

တရုတ်လူမျိုးတို့သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထိုသို့ နေရာယူထားပြီး ဖြစ်သကဲ့သို့ ယခုရာစုတွင် တရုတ်ပြည်မကြီးကိုယ်တိုင်ကလည်း စီးပွားရေး ထိပ် တန်းဖြစ်အောင် ကြိုးစားခဲ့ရာ အောင်မြင်လာခဲ့၏။ ၁၉၈၁ ခုတွင် တရုတ်ပြည်မကြီး၏ ပို့ကုန်သည် ၂၀ ဘီလီယံသာ ရှိခဲ့၏။ သို့သော် ၁၉၉၂ ခုနှစ်တွင် တရုတ် ပြည်မကြီးမှ နိုင်ငံခြားသို့ ပို့ကုန်ပမာဏသည် ၈၅ ဘီလီယံ ဖြစ်ခဲ့၏။

တရုတ်နိုင်ငံသည် ကစ်ဆင်ဂျာ တရုတ်ပြည်သို့ ရောက်ခဲ့ပြီး သမ္မတကြီး နစ်ဆင်နှင့် ဆက်သွယ်မှုပြု



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှစ၍ သူ၏ နိုင်ငံခြားကုန်သွယ်ရေးကို တိုးမြှင့်ခဲ့ရာ တရုတ်နိုင်ငံမှ ဝါးနှင့်လုပ်ထားသော လက်မှုပစ္စည်း တစ်မျိုးတည်းက အမေရိကန်တွင် သန်းပေါင်းများစွာသော ဒေါ်လာ ဈေးကွက်ကို ဖန်တီးနိုင်ခဲ့၏။ အမေရိကန် နိုင်ငံသားတို့၏ ညှေ့ခန်းများတွင် တရုတ်အနုပညာ ပစ္စည်းတစ်ခုလောက်မှ မရှိလျှင် ခေတ်မမီသောဘဝသို့ ရောက်လာ၏။

ယနေ့ အနေအထားတွင် တရုတ်သွေးပါသူတို့သည် ကမ္ဘာ့စီးပွားရေးလောကကြီး၏ နှလုံးသည်းပွတ်ကို မိမိရရ ဆုပ်ကိုင်နေပြီ ဖြစ်ပါ၏။

မလေးရှားနိုင်ငံတွင် တရုတ်လူမျိုး ၃၀ ရာခိုင်နှုန်းကျော် ရှိသည်ဟု ဆိုသော်လည်း ထို ၃၀ ရာခိုင်နှုန်းသော လူဦးရေသည် မလေးရှား စီးပွားရေးလုပ်ငန်း တစ်ဝက်ကျော်ကို ထိန်းသိမ်းထားပါ၏။ ထို့ကြောင့် ၂၁ ရာစုသည် တရုတ်လူမျိုးတို့နှင့် တရုတ်သွေးပါသူတို့၏ ရာစုနှစ်ဟုပင် ကျွန်တော်တို့ ခေါ်ဆိုရတော့မည်လောဟု ဆိုသည့်အချက်ကို စဉ်းစားဖွယ်ရာဖြစ်လာပြီ ဖြစ်သည်။

❐



# အခန်း (၆)

## တရုတ်ဘာသာနှင့် စကားသင်ထားပါမှ

ကျွန်တော်တို့ ဈေးကွက်စီးပွားရေးစနစ်ကို စတင်ကျင့်သုံးလိုက်သောအခါ မြန်မာနိုင်ငံတွင် အင်္ဂလိပ်စာနှင့် စကား ပြောတတ်၊ ရေးတတ်၊ ဖတ်တတ်သူ အများအပြား လိုလာခဲ့သည်။ ထိုလိုအပ်ချက်ကို မြန်မာလူငယ်များသည် ပြောင်မြောက်စွာ ဖြည့်ဆည်းနိုင်ခဲ့၏။

ယနေ့ ပုဂံ၊ မန္တလေး၊ အင်းလေး စသော ဒေသများတွင် အင်္ဂလိပ်၊ ဂျာမန်နှင့် ဂျပန်စကားများကို သည်လည်ဝယ်ဝယ် ပြောဆို၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို လုပ်ဆောင်နေကြသော လူငယ်လူလတ်များစွာကို တွေ့နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် တစ်ခါက ကျောင်းအုပ်ဆရာမကြီးတစ်ဦးနှင့် တွေ့ဆုံရာတွင် မြန်မာလူငယ်များ အင်္ဂလိပ်စာ သင်ကြားတတ်မြောက်နိုင်မှု အခြေအနေကို မေးသောအခါ အသက် ၂၀ ဝန်းကျင်ရှိ မြန်မာလူငယ်များ အင်္ဂလိပ်စာကို တတ်မြောက်နေကြပြီဖြစ်ကြောင်း၊ အင်္ဂလိပ်ဘာသာ သင်ကြားမှုကို စိတ်ဝင်စားမှုလည်း ရှိကြောင်း ပြောပြပါ၏။ ထိုသတင်းစကားမှာ ဝမ်းသာစရာ အလွန်မှကောင်းပါသည်။

ယခုခေတ်ကာလတွင် အင်္ဂလိပ်စာသာမက တရုတ်စာကိုလည်း မြန်မာလူငယ်များ သင်ထားကြရမည်ဖြစ်ပါ၏။ ကျွန်တော်သည် မန္တလေးမြင်ဦးလွင်တို့တွင် တရုတ်စာ သင်ကြားသည့် လူငယ်များကို တွေ့ဖူးပါသည်။

မကြာမီ ကမ္ဘာ့ဈေးကွက်ကို တရုတ်က ဦးရေအရလည်းကောင်း၊ အခြားသော အကြောင်းရင်းများကို အခြေခံ၍လည်းကောင်း၊ စိုးမိုးမည့် အခြေအနေများရှိရာ ကျွန်တော်တို့သည် ကမ္ဘာနှင့် ရင်ဘောင်တန်းကာ စီးပွားရေးလုပ်ဆောင်မည်ဆိုပါက တရုတ်ဘာသာစကား သင်ထားမှ ဖြစ်မည်ဟု ဆိုချင်ပါ၏။

ကျွန်တော်တို့နိုင်ငံ အနေအထားအရ တရုတ်ပြည်နှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး တရုတ်-မြန်မာဆက်ဆံရေးသည် ရှည်လျားသော ဆက်ဆံမှုလည်း ရှိပြ





ဖြစ်သည်။ တရုတ်နှင့်မြန်မာသည် ဆွေမျိုးပေါက်ဖော်အဖြစ် ခံယူထားကြရာ တရုတ်စကားကို မြန်မာတို့ပြောဆိုတတ်ပါက ရေရှည်တွင် အလွန်မှ အကျိုးများနိုင်မည် ဖြစ်ပါ၏။

ယနေ့ ခေတ်စားနေသော တရုတ်ဘာသာစကားသည် 'ပူတောင်ဟွာ' (Putonghua)ဟု ဆိုကြ၏။ ပူတောင်ဟွာသည် တရုတ်ရုံးသုံး ဘာသာစကားလည်းဖြစ်သည်။

ထိုဘာသာစကားသည် တိုကျိုမှ နယူးယောက်အထိ လူကြိုက်များနေသော ဘာသာစကားဖြစ်၏။ ဤဘာသာစကားကို နားမလည်၊ မပြောတတ်၊ မဖတ်တတ်၊ မရေးတတ်လျှင် ကမ္ဘာတွင် မကြာခင် သင်ကျန်ရစ်ခဲ့တော့မည်ဟု ဟောကိန်းထုတ်လျက်ရှိပါ၏။ 'ပူတောင်ဟွာ'သည် ကမ္ဘာတွင် လေ့လာသင်ယူ ဆည်းပူးရမည့် ဘာသာစကား ဖြစ်လာခြင်း၏ အကြောင်းရင်းမှာ တရုတ်ပြည်မကြီးနှင့် လူဦးရေ သန်းပေါင်း ၁၂၀၀ ကျော်ရှိနေခြင်းနှင့် အမြတ်အစွန်း ကြီးမားသော ဈေးကွက်ကို တရုတ်က ကမ်းလှမ်းနေပြီး ကမ္ဘာတစ်ဝှမ်းမှ ရင်းနှီးမြှုပ်နှံမှုများစွာကို တရုတ်က ဆွဲဆောင်လျက်ရှိသောကြောင့်ဖြစ်၏။ ထိုင်ဝမ်၊ ဟောင်ကောင်နှင့် တရုတ်ပြည်မကြီးတို့ ပေါင်းစည်းမှု ပြုလုပ်၍ ၂၁ ရာစုတွင် စီးပွားရေးဈေးကွက်သည် အလွန်ကြီးမားသော ကမ္ဘာ့



www.burmeseclassic.com

www.burmeseclassic.com



ဈေးကွက်ကြီး ဖြစ်လာတော့မည်ဖြစ်သည်။

မဟာ တရုတ်ပြည်မကြီးနှင့် စီးပွားရေး ဆက်ဆံမှုများ လုပ်ကိုင်သောအခါ တရုတ်ဘာသာစကားကို တတ်ကျွမ်းသူများသည် အခွင့်အရေး နည်းမည်ဖြစ်သည်မှာ သေချာလှပါ၏။

တဖန် အရှိန်အဟုန်နှင့် တိုးတက်နေသော မဟာတရုတ်ပြည်မကြီးတွင် အလုပ်အကိုင်ရရှိရေး အခွင့်အလမ်း အများအပြား ပေါ်ထွက်လာနိုင်စရာရှိ၏။ ထိုအခွင့်အလမ်းကို တရုတ်စာပေ တတ်မြောက်သူများသာ နေရာဝင်ရောက်ယူနိုင်မည်ဖြစ်သည်။ ယခုလောလောဆယ်သည်ပင် ကမ္ဘာအနှံ့အပြားတွင် တရုတ်စာတတ်၊ ပေတတ်များကို အဆောတလျင် လိုအပ်နေပါ၏။

ထို့ကြောင့် ကမ္ဘာတွင် တရုတ်စာကို အလုအယက် သင်ကြားမှု ပြုလာသည်ကိုလည်း တွေ့ရပါသည်။

တရုတ်စာပေ တတ်မြောက်သူများမှာ ဟောင်ကောင်၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံများမှ တရုတ်လူမျိုးများသာမဟုတ်။ အမေရိကန်နှင့် ဥရောပမှ အနောက်တိုင်းသားများသည် 'ပူတောင်ဟွာ' စကားကို စင်ကာပူ တရုတ်များထက် ကျွမ်းကျင်လာကြသည်ကို တွေ့ရပါ၏။ ကျွန်တော်တို့ကဲ့သို့သော နယ်နိမိတ်ချင်းဆက်၍ ရှည်လျားသော သမိုင်းဆက်ဆံရေး ရှိသူတို့သည် တရုတ်စကားကို ပိုမိုတတ်ကျွမ်းသင့်သည်မှာ အမှန်ဖြစ်ပါသည်။

စင်ကာပူနှင့် မလေးရှား၊ တရုတ်များထက် 'ပူတောင်ဟွာ' စကားကို ပိုမိုပြောတတ်သော အမေရိကန်၊ အင်္ဂလိပ်နှင့် ဂျာမန်လူမျိုးများကို ခရီးသွားတိုင်း မကြာခဏ တွေ့ရပါ၏။

တရုတ်ဘာသာစကားကို လူတစ်ဦးချင်းက လေ့လာသင်ကြား တတ်မြောက်နေကြသည် မဟုတ်၊ နိုင်ငံအလိုက်၊ အဖွဲ့အစည်းအလိုက် တရုတ်စာပေကို သင်ကြားနေကြ၏။

တရုတ်စာပေ လေ့လာမှု အရေးပါလာမည်ဖြစ်ကြောင်းကို ကမ္ဘာအရပ်ရပ်တွင် ၁၉၉၀ ပြည့်နှစ်ကျော် ကာလမှစ၍ ရေးသားပြောဆိုမှုများ ရှိခဲ့၏။

အပြည်ပြည်ဆိုင်ရာ တရုတ် အပတ်စဉ်သတင်းလွှာ၏ မျက်နှာဖုံးဓာတ်လမ်း၌ တရုတ်ဘာသာစကား၏ တိုးတက်လာသော အရေးပါမှုအကြောင်း ရေးသားခဲ့သည်။ ယခုပင် ကမ္ဘာတွင် တရုတ်ဘာသာ သင်ကြားသည့် ကျူရှင်ခသည် တစ်နာရီလျှင် အမေရိကန်ဒေါ်လာ ၃၀၀ အထိ မြင့်မားနေသောကြောင့် အင်္ဂလိပ်စာအတွက် နှုန်းထားများထက်ပင် မြင့်မားနေသည်မှာ သေချာလှပါ၏။

ယခုအခါ တရုတ်လူမျိုးများရော၊ တရုတ်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သူများပါ သူတို့ကိုယ်သူတို့တရုတ်ဘာသာစကားနှင့် ကျွမ်းဝင်ထိတွေ့မှု ရှိစေရန် 'တိုင်ပေ' သို့ လာကြ၊ သို့မဟုတ် 'ပီကင်း' နှင့် ဟောင်ကောင် အစရှိသော တရုတ်မြို့ကြီးများသို့ သွားနေကြသည်။ စင်ကာပူ၊ မလေးနှင့် ထိုင်းနိုင်ငံတို့မှ ထိပ်တန်း မန်နေဂျာများသည် တရုတ်ဘာသာစကားကို လေ့လာသင်ယူရန် 'တိုင်ပေ' သို့ လအတန်ကြာ သွားရောက်လေ့လာခဲ့သူများ ရှိပါသည်။ 'ပူတောင်ဟွာ' စကား တော်တော်ကျွမ်းကျင်မှ ပြန်သွားခဲ့သည်။

ရာပေါင်းများစွာသော ဟောင်ကောင်နှင့် စင်ကာပူမှ တရုတ်များသည် အင်္ဂလိပ်စာနှင့် တရုတ်ဘာသာ နှစ်မျိုး ပြောတတ်အောင် ကြိုးစားနေကြ၏။ မိဘများက သူတို့၏ ရင်သွေးများ အနာဂတ်တွင် မျက်နှာမငယ်ရေး၊ အခွင့်အလမ်းများ ပွင့်ရေးအတွက် တရုတ်ဘာသာ သင်ကြားရေးကို အထူးအားပေးလျက် ရှိကြ၏။

တရုတ်စာပေ တတ်မြောက်ရန် သင်ယူနေကြသည့် ကျောင်းသားများသည် ဘွဲ့ရသည်နှင့် အလုပ်က သူတို့ကို စောင့်နေ၏။ ထိုလူငယ်များသည် ထိုသို့ ဝန်ထမ်းလုပ်ရန်ထက် အမြတ်အစွန်း ကြီးမားသော မဟာတရုတ်ဈေးကွက်ကြီးထဲတွင် တိုးဝင်ကြရန် ပို၍ စိတ်သန်ကြပါသည်။

ကမ္ဘာတွင် တရုတ်စကားပြန်အဖြစ် လုပ်ကိုင်





နိုင်သူ အကြီးအကျယ် လိုအပ်နေသည်။ မဟာတရုတ် ပြည်ကြီးနှင့် စီးပွားရေး လုပ်ကိုင်နေကြသော ဗီယက်နမ်၊ ကိုရီးယား၊ ဂျပန်နှင့် အခြားတိုင်းပြည်များမှ ကုမ္ပဏီ များက တရုတ်ဘာသာဖြင့် ကူညီဆက်သွယ်ပေးနိုင် မည့် အလုပ်သမားများအပေါ် ကုမ္ပဏီများက မှီခို နေကြရသည့် သဘောအထိ သက်ရောက်လာခဲ့ပါ၏။

အနာဂတ်တွင် တရုတ်ပြည်မကြီးမှ ခရီးသွား များ ကမ္ဘာကြီးပေါ်သို့ လျှံကျလာဖို့ရှိပေရာ တရုတ် ကမ္ဘာလှည့် ဧည့်သည်များကို ကြိုဆိုရန်လည်း အများ အပြား လိုအပ်လာမည် ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံတွင် ယခင် ပိတ်ပင်ထားခဲ့သော တရုတ်ဘာသာစကား သင်ကျောင်းများကို ပြန်လည် ဖွင့်လှစ်ပေးခဲ့သည်။ တရုတ်ပြည်မကြီးမှအပ တရုတ် စာပေတတ် လူဦးရေ အများဆုံး ဈေးကွက်ဖြစ်သည့် ဂျပန်နိုင်ငံသည်လည်း တရုတ်စာကို လေ့လာကြရန် လူထုကို အားပေးလျက်ရှိသည်။ 'အင်အိတ်ချ်ကေ' ကုမ္ပဏီက ရုပ်မြင်သံကြားမှ တရုတ်စကားပြောသင် ခန်းစာများကို ယခင်က တစ်ပတ်လျှင် ၂ ကြိမ် ရေဒီယို လွှင့်ထုတ်ပေးနေရာမှ ယခုအခါ တစ်ပတ်လျှင် လေးကြိမ် အထိတိုး၍ လွှင့်ထုတ်ပေးနေသည်။ တစ်ကယ်တမ်း တွင်မူ လူကြိုက်များမှု နှုန်းထားများအရကြည့်လျှင် တရုတ်စကားပြော အစီအစဉ်များက အင်္ဂလိပ်စကားပြော



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်များ၏ နောက် ဒုတိယမျှသာ လိုက်သော်လည်း ယခုအခါ တရုတ်ဘာသာ အစီအစဉ်များသည် အင်္ဂလိပ်ဘာသာ အစီအစဉ်များကို စတင်၍ အမီလိုက်ခဲ့ပြီဖြစ်၏။

အမေရိကန်ပြည်မှ 'ဗီအိုအေ' အစီအစဉ်ကလည်း အမေရိကန်ပြည်ရှိ တိုးပွားနေသည့် တရုတ်ဘာသာ နှားထောင်နေသူ လူဦးရေ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် အပတ်စဉ် တရုတ်ဘာသာ အစီအစဉ်ကို အချိန်တိုးမြှင့်ပေးခဲ့ရသည်။ ဟောင်ကောင် 'တီဗွီဘီ' ကုမ္ပဏီက 'ပုလဲ'ခေါ် အင်္ဂလိပ်ဘာသာ အစီအစဉ်၏ အကောင်းဆုံးအချိန်တွင် တရုတ်ဘာသာဖြင့် သတင်းများကို စတင်လွှင့်ပေးခဲ့သည်။ 'ဘီဘီစီ'ကလည်း တရုတ်ဘာသာဖြင့် သတင်းကြေငြာချက်ကို သုံးနာရီခွဲမှ လေးနာရီသို့ တိုးမြှင့်ခဲ့သည်။

ဟောင်ကောင် စတော့ရှယ်ယာ ရောင်းဝယ်ရေးဒိုင်က ၎င်း၏ အလုပ်သမားများအား သောကြာနေ့တိုင်း မွန်းလွဲပိုင်းတွင် 'ပူတောင်ဟွာ'ကို သူတို့၏ ရုံးသုံးဘာသာအဖြစ် ၂–နာရီကြာ အသုံးပြုရန် သတ်မှတ်ထားသည်။

မလေးရှားနိုင်ငံရှိ အချို့ တက္ကသိုလ်များက သူတို့၏ သင်ရိုးညွှန်းတမ်းတွင် တရုတ်ဘာသာရပ်ကို ထည့်သွင်းထားသည်။ မလေးရှား လေကြောင်းကုမ္ပဏီသည် သူတို့၏ တရုတ်ပြည်မကြီးနှင့် ခရီးစဉ်များတွင်





အမှုထမ်းရန် 'ပူတောင်ဟွာ' စကားပြောတတ်သည့် လေယာဉ်မယ် အများအပြားကို စုဆောင်းသိမ်းသွင်းခဲ့သည်။ စင်ကာပူနိုင်ငံသည် 'တရုတ်စကားပြောကြပါ' ဟူသော ကြွေးကြော်သံဖြင့် တရုတ်စကား ပိုမိုပြောကြားရန် လှုံ့ဆော်သော နိုင်ငံဖြစ်သည်။

တရုတ်ဘာသာ သင်ကြားရေး လေ့လာရေးသည် ကမ္ဘာတွင် လှိုင်းလုံးကြီးများ ကမ်းခြေသို့ လိမ့်လာသလို ဤဘာသာစကားကို သင်ကြားနေကြရာ ကျွန်တော်ဟို အနာဂတ် ကမ္ဘာ့စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကဏ္ဍများ၌ ဝင်ဆန့်လိုသည်ဟု ဆိုပါက ကျွန်တော်တို့၏ ကလေးများကို တရုတ်ဘာသာစကား စတင်လေ့လာသင်ကြားထားရမည် ဖြစ်ပါ၏။

ဘာသာစကားသည် လူကြီးဖြစ်မှသင်လျှင် အတော်အတန် အခက်အခဲရှိပါသည်။ ကလေး ဘဝတွင် ဘာသာစကား သင်ကြားမှုက ပို၍လွယ်ကူပါသည်။ ကျွန်တော်တို့သည် အင်္ဂလိပ်စာရော၊ တရုတ်စာကိုပါ သင်ကြရမည် ဖြစ်ပါ၏။ အချို့နိုင်ငံများသို့ သွားရောက်ရာတွင် အင်္ဂလိပ်လို တတ်ထားမှုမှာ ဘာမှအသုံးမကျဘဲ ရှိပါသည်။ မလွှဲမရှောင်သာ နှဖူးတွေ့ဒူးတွေ့ တွေ့ရဆုံရတော့မှ တရုတ်စာကို သင်ကြားရသည်ထက် ယခုအချိန်မှစ၍ တရုတ်စာကို မြန်မာလူငယ်များ၊ ကလေးများ စတင်သင်ကြား တတ်မြောက်ထားပါက ကမ္ဘာတွင်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တစ်ခုရဖို့ ဘယ်လိုမှ ခက်ခဲမည့်ကိစ္စ မဟုတ်ပါ။

ယခုပင်လျှင် စင်ကာပူသို့ အလုပ်သွားလုပ်ပါက တရုတ်စကား အနည်းငယ် တတ်ထားလျှင် အခွင့်အလမ်း ပို၍ရနေပါ၏။

ထို့ကြောင့် မိမိရင်သွေးအား ကြီးပွားတိုးတက်လိုသူ မိဘတိုင်း ကလေး၏ နောင်ရေးအတွက် 'ပူတောင်ဟွာ'ကို သင်ထားပါဟု အကြံပေးလိုပါ၏။

ဂ



## အခန်း (၇)

# အသက် ၆၀ နောက်ပိုင်း အလုပ်လုပ်သင့်သလား

တစ်ချိန်က လူများသည် အသက် ၄၅ နှစ် သို့မဟုတ် ၅၀ အရွယ်အထိ အလုပ်လုပ်ပြီး ပင်စင်ယူခြင်း ရခဲ့ပါသည်။

ကျွန်တော်သိသော တချို့လူများသည် ၄၅ နှစ်အရွယ်တွင် စစ်တပ်မှ အငြိမ်းစားယူပြီး အခြားလုပ်ငန်းများတွင် အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်သော်လည်း တာဝန်လျော့နည်းသည့် အလုပ်များကိုဖြစ်စေ ဆက်လက်လုပ်ကိုင်ကြသည်။ ၅၀ သို့မဟုတ် ၅၅ နှစ်အရွယ်တွင် အငြိမ်းစားယူရန် ရွေးချယ်သော အရပ်ဘက် အမှုထမ်းများလည်း ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆၅ နှစ်အထိ

ယခုခေတ်တွင် မြန်မာနိုင်ငံ၌ တရားဝင် အငြိမ်းစားယူသည့် အသက်အရွယ်သည် ၆၀ ဖြစ်ပါသည်။ သို့သော် အချို့နိုင်ငံများတွင် ပြည်သူ့ဝန်ထမ်း များကို ၆၅ နှစ်အထိ အငြိမ်းစား သက်တမ်းတိုးမြှင့်ပေးရန် အကြံကို တချို့က စိတ်ကူးနေကြသည်။

ကျွန်တော်တို့သည် ၆၀၊ ၆၅ နှစ် သို့မဟုတ် ၇၀ နောက်ပိုင်း အလုပ်လုပ်သင့်ကြပါသလား။ ကျွန်တော်တို့၏ မိဘများက ငယ်ရွယ်စဉ်မှာ အငြိမ်းစားယူပြီးနောက် ကျန်သောသက်တမ်းကို သားသမီးတို့ လုပ်စာလက်ဖြန့်တောင်းစားရခြင်း၊ ခရီးသွားခြင်း၊ မြေးထိန်းခြင်းတို့ဖြင့် ကုန်ဆုံးခဲ့ကြသည်။

လူများစွာတို့အတွက် ခေတ်အခါက ပြောင်းလဲခဲ့ပြီ ဖြစ်ပါသည်။ တချို့သော လူကြီးများက ၅၅ နှစ်အရွယ်တွင် အငြိမ်းစားယူရန် ဆန္ဒရှိနေကြစဉ် လူများစွာတို့ကလည်း အလုပ်လုပ်ရန် စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာပါ မဖြစ်နိုင်တော့သည်အထိ ဆက်လက်၍ လုပ်ကိုင်လိုကြသည်။

ထိုသို့ အဘယ်ကြောင့် ဖြစ်သနည်း။

တစ်ချက်မှာ လူများ၏ သက်တမ်းသည် ယခုအခါ ၅၀ သို့မဟုတ် ၆၀ ထက် ပိုရှည်သောကြောင့် ဖြစ်သည်။ ခေတ်မီဆေးဝါးများ၊ တိုးတက်လာသော လူနေမှု အဆင့်အတန်း စသည်တို့၏ ကျေးဇူးကြောင့် များစွာသော တိုင်းပြည်တို့တွင် လူများသည် ပျမ်းမျှအားဖြင့် အသက်အရွယ် ၇၀ ကျော်အထိ ကောင်းမွန်စွာ နေနိုင်ကြသည်။

တတ်နိုင်သောလူများက သေသည်အထိ ဆက်လက်၍ လုပ်ကိုင်လိုကြသည်။ အလုပ်ဟူ၍ အသက်မွေးမှုအတွက်ဖြစ်စေ၊ ဝါသနာတစ်ရပ်အနေနှင့်ဖြစ်စေ ပုံစံအမျိုးမျိုး ဖြစ်နိုင်သည်။

တနင်္ဂနွေနေ့တိုင်း လိုလိုပင် ကျွန်တော်တို့၏ ဓါက်ရိုက်အုပ်စုတွင် ၆၀ နှစ်အရွယ် လူကြီးတစ်ယောက်က လာ၍ ပူးပေါင်းသည်။ သူ့တွင် နုပျိုသော စိတ်ဓာတ်နှင့် ဘဝကို နှစ်ခြိုက်သော စိတ်ရှိသည်ဟု လူများက ပြောကြသည်။ သူက သူ့အသက်အရွယ်နှင့်နိုင်းစာလျှင် တက်ကြွလွန်းပြီး အလွန်သန်စွမ်းသည်။ ၃၀ ကျော် သို့မဟုတ် ၄၀ ကျော် အရွယ် လူများစွာတို့ထက် ဓါက်သီးကို ပို၍ ဝေးဝေးရိုက်နိုင်သည်။ သူ၏ ဓါက်သီးကို ရှာသောအခါတွင်လည်း မတ်စောက်သော ဆင်ခြေလျှောများကို မောဟိုက်ခြင်း သိပ်မရှိဘဲ တက်နိုင်ဆင်းနိုင်သည်။

သူသည် အစိုးရဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီးသောအခါ ကောလိပ်ကျောင်း တစ်ကျောင်းတွင် ကျောင်းအုပ်ဖြစ်လာခဲ့သည်။ နောက်ပိုင်းတွင် သူက ပုဂ္ဂလိက







www.burmeseclassic.com

www.burmeseclassic.com



ကဏ္ဍာနှင့် ဆက်သွယ်ပြီး တိုင်းပြည်အတော်များများတွင် စီမံကိန်းများ၌ အတိုင်ပင်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ ယနေ့အထိ သူက နာရီများစွာ အလုပ်လုပ်ပြီး သူ၏ လုပ်ငန်းနှင့် ဘဝကို နှစ်ခြိုက်လျက်ရှိသည်။

## ရေဂင်နှင့်ဂျော့ဘုရှ်

ယခင် အမေရိကန်သမ္မတများဖြစ်သော 'ရော်နယ်ရေဂင်'နှင့် 'ဂျော့ဘုရှ်'တို့ကိုလည်း ကြည့်ပါ။ သူတို့က လူများစွာတို့ အငြိမ်းစားယူကြမည့် အသက်အရွယ်တွင် ရာထူးယူလျက် ရှိသေးသည်။ တရုတ်ပြည်မကြီး၏ 'တိန့်ရှောင်ဖိန်'ကိုကော ကြည့်မည်လား။ သူသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် နိုင်ငံ၏ တံခါးဖွင့်ဝါဒကို လမ်းညွှန်မှုပေးစဉ်အခါက အသက် ၇၀ အရွယ် ရှိနေပေပြီ။

ယခု အသက် ၉၀ ကျော်အရွယ် လူရွှင်တော်မင်းသား 'ဂျော့ဘန်းစ်'ကို ကြည့်ပါဦး။

ဝန်ကြီးချုပ် 'လီကွမ်းယု'က ၇၀ကျော်။ ၁၉၅၀ ကျော်နှစ်များက စင်ကာပူနိုင်ငံ၏ ဝန်ကြီးချုပ်၊ ထို့နောက် အသက် ၇၀ အရွယ်တွင် ပြင်သစ်နိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး ဖြစ်ခဲ့သူ 'ဒေးဗစ်မာရှယ်'သည် ယခု အသက် ၈၀ ကျော် အရွယ်တွင် ဥပဒေဆိုင်ရာ လုပ်ငန်းတစ်ခု၏ အတိုင်ပင်ခံအဖြစ် လုပ်ကိုင်လျက်ရှိ





သည်။

## မုဆိုးမဂျက်ကီ

အမေရိကန်သမ္မတ 'ဂျွန်ကနေဒီ'၏ လုပကျော့ရှင်းသော မုဆိုးမ 'ဂျက်ကလင်းကနေဒီ'သည် မကြာမီက ကင်ဆာရောဂါဖြင့် သေဆုံးသည်အထိ စာအုပ်တိုက်၌ အယ်ဒီတာအဖြစ် အလုပ်လုပ်ခဲ့သည်။

'မေဗစ်လင်ဂရင်' ဆိုသူသည် အသက် ၆၀ ကျော် အရွယ်တွင် လမ်းလျှောက်အသင်းသို့ မဝင်ခင်က အဆုတ်ရောင်ရောဂါ ခံစားနေရသည့်အတွက် 'ပင်နီစလင်'ဆေးများ ထိုးနေရသည်။ အသက် ၇၀ တွင် မာရသွန်ပြေးပွဲ၌ စတင်ပါဝင်သည်။ ၈၅ နှစ်အရွယ်တွင် သူမ၏ ၆၂ ကြိမ်မြောက် မာရသွန်ပြေးပွဲကို ပြေးခဲ့ပြီး ၂၆ မိုင်ခရီးကို ၄ နာရီ ၃၃ မိနစ်ဖြင့် ပြေးနိုင်ခဲ့သည်။

အသက် ၅၅ နှစ်အရွယ်တွင် အငြိမ်းစားယူပြီး ဘဝကို နှစ်ခြိုက်ခံစားရန် ကြိုးစားသော လူများအတွက်ကော မည်သို့နည်း။ အချို့လူများသည် သူတို့၏ ပင်စင်ငွေဖြင့် ဘဝကို မည်ကဲ့သို့ နှစ်ခြိုက်ခံစားရန် သိကြသည်မှာ ထင်ရှားပါသည်။ သို့ရာတွင် အချို့လူများမှာ အငြိမ်းစားဘဝကို ကျင့်သားမရဘဲ ညှိုးလျှော်လုံးပါး၍ အငြိမ်းစားယူပြီး မကြာမီ သေဆုံးကုန်ကြသည်။

လုပ်ငန်းခွင်ဘဝကို အောက်မေ့တသကြသည့်

www.burmeseclassic.com



လူနှစ်ယောက်ကို ကျွန်တော် သိခဲ့ပါသည်။ တစ်ယောက်မှာ ကျောင်းဆရာဖြစ်ခဲ့ပြီး ကျောင်းသားများအား စာသင်ကြားခြင်းကို အောက်မေ့တသသည်။ သူက ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ သွက်လက်ဖျတ်လတ်မှု မရှိတော့ဘဲ မကြာမီ သေဆုံးသွားခဲ့ပါသည်။ နောက်တစ်ယောက်မှာ ကျောင်းအုပ်ကြီးတစ်ယောက် ဖြစ်ခဲ့ပြီး 'များပြားလွန်းသော အားလပ်ချိန်များ'ကို အဆင်ပြေအောင် မညှိနိုင်းဘဲ ကျန်းမာရေး ချို့ယွင်းပျက်စီးလာခဲ့သည်။

## သက်ကြီးဝါကြီး အတိုင်ပင်ခံ

သက်ကြီးဝါကြီး နိုင်ငံသားများသည် လူ့အဖွဲ့အစည်းတွင် ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်လုပ်ဆောင်ရပါဦးမည်။ နှစ်သုံးဆယ် ကျော်သူတို့၏ အတွေ့အကြုံများနှင့် ဆန္ဒရှိပါက အချိန်ပြည့် သို့မဟုတ် အနည်းဆုံး အချိန်ပိုင်း အလုပ်လုပ်နိုင်ပါသေးသည်။ သူတို့သည် အတိုင်ပင်ခံများ ဖြစ်နိုင်ကြသည်။

သူတို့၏ အတွေ့အကြုံများအပေါ် စာပေသင်ကြားနိုင်သည်။ သို့မဟုတ် ကျောင်းသုံးစာအုပ်များ ရေးနိုင်သည်။ သူတို့သည် ရပ်ကွက် သက်သာချောင်ချိရေး အဖွဲ့အစည်းများတွင် အကြံပေးပုဂ္ဂိုလ်များအဖြစ်သော်လည်းကောင်း၊ ကုမ္ပဏီများတွင် ငယ်ရွယ်သော အလုပ်



သမားများအတွက် နည်းပေးလမ်းပြအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင် နိုင်ပါသည်။

## အကောင်းဆုံးအရွယ်မှ ကျော်လွန်မှု မရှိတတ်

တချို့ အလုပ်ရှင်များက သက်ကြီး၊ ဝါကြီး အလုပ်သမားများသည် "အကောင်းဆုံးအရွယ်ကို ကျော်လွန်ခဲ့ပြီ"ဟုထင်ကာ အလုပ်တွင် ဆက်လက်ခန့်ထားခြင်း သို့မဟုတ် ထပ်မံအလုပ်ခန့်ခြင်းတို့ မပြုလုပ်လိုကြ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် 'ပုံသေကားကျနိုင်လွန်း'လိမ့်မည် ထင်၍တည်း။ သူတို့က ခေတ်မီကျွမ်းကျင်မှုများရှိသော ပို၍ငယ်သော လူများကို တစ်ဝက်လောက်မျှသော လစာဖြင့် သိမ်းသွင်းရန် ပိုလိုလားကြသည်။ ရလဒ်အနေနှင့်ကား ထိုပို၍ငယ်သော အလုပ်သမားအချို့က အမှားများ ပြုလုပ်မိပြီး ကုမ္ပဏီအတွက် ငွေအများအပြား ထိခိုက်နစ်နာစေသည်။

ထိုကုမ္ပဏီများအတွက် ကျွန်တော်၏ အကြံပြုချက်မှာ သူတို့သည် သက်ကြီးဝါကြီး နိုင်ငံသားများဆီတွင်ရှိသော ဘဝ တစ်သက်တာ အတွေ့အကြုံများကို အလဟဿ မဖြစ်စေသင့်ပါ။ စောစီးစွာ အငြိမ်းစားယူရန် အလေးအနက် တွေးတောနေကြသူများအတွက် အကြံပေးချက်ကား သင်တို့အတွက် ထိုက်တန်သည့် အားလပ်မှုကို ခေတ္တယူပါလေ။ သို့ရာတွင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့အတွက် သင်၏ အောင်မြင်မှုများ၊ မှားယွင်းမှုများကို လေ့လာဆည်းပူးနိုင်ရန် အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်း ဖြစ်စေ အလုပ်သို့ ပြန်လာပါ။

ကျောင်းသုံး စာအုပ်များမှ မဟုတ်ဘဲ အစစ်အမှန်ဘဝ၏ အတွေ့အကြုံများမှလာသော ကျွမ်းကျင်မှုများစွာ ကျွန်တော်တို့တွင် ရှိသင့်ကြသည် မဟုတ်ပါလော။

□



## အခန်း (၈)

# အသက် ၆၀ နှင့် အဓိပ္ပာယ်ဖွင့်ဆိုစကား

အသက် ၆၀ သို့မဟုတ် အနှစ် ၆၀ စာပေနှင့် အနုပညာသည်များ ဘဝအဓိပ္ပာယ် ဖွင့်ဆိုမယ်လို့ သတင်းဖတ်ရပါတယ်။ အသက် ၆၀ ပြည့် အခမ်းအနား ကျင်းပမယ်။ စာအုပ်ထုတ်မယ်။ ဒီ အစီအစဉ်ကို ဆရာ သူရဇော်နဲ့ ဆရာစိုးမြင့်ထယ်တို့က တွေးမိကြတယ်လို့ သိရပါတယ်။ ပြီးတော့ ကိုချစ်စံ (ချစ်စံဝင်း)ဆီ မြားဦးလှည့်ကြတယ်။

ကိုသူရဇော်ဆိုတာ ကျွန်တော်နှင့် ဆိုးတိုင်ပင် ကောင်းတိုင်ပင်။ သူများအလုပ်ကို အလကားလုပ်တယ်။ သူ့လိုပဲ တိုင်းရင်းမေ ခင်(ခင်သန်းဌေး)ကလဲ ဇနီးပီသ ပါတယ်။ စာပေကိစ္စတွေ သာရေးနာရေးကိစ္စတွေ အိတ်စိုက်ဆောင်ရွက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကလောက် အလုပ်များတဲ့ ဆရာသူရဇော်တို့ ဇနီးမောင်နှံ၊ သူတို့ထက်ပိုပြီး အလုပ်များတဲ့ ဆရာချစ်စံဝင်းတို့ ဇနီးမောင်နှံနဲ့ ပေါင်းမိပြီ။ ဆရာချစ်စံဝင်းတို့ ဇနီးမောင်နှံက သူတကာမလုပ်နိုင်တဲ့၊ စက်ဆုပ်ရွံရှာဖွယ်လို့ ထင်ထားကြတဲ့ အနာကြီးရောဂါ ကွယ်ပျောက်ရေးကို စွမ်းစွမ်းတမံ လုပ်နေကြတယ်။ အားလုံး အသိပါပဲ။

အနာကြီးရောဂါသည်တွေနဲ့ စားအတူ နေအတူ စည်းရုံးလှုံ့ဆော်တယ်။ အံ့ရတဲ့ ဇနီးမောင်နှံပါပဲ။ ဆရာချစ်စံဝင်းက သာသနာပြုလုပ်ငန်းတွေလည်း လုပ်သေးတယ်။ စာလဲ ရေးနိုင်ပါ့။ ကျွန်တော် မနာလိုဘူး။

ခု သူတို့ ဇနီးမောင်နှံ နှစ်တွဲပူးပေါင်းပြီး အသက် ၆၀ ပြည့်တဲ့ စာပေ၊ ကဗျာ၊ ဂီတ၊ ပန်းချီ ကာတွန်းပညာရှင်များ အမှတ်တရစာအုပ် ထုတ်ဝေမယ်။ ကောင်းပါ့ဗျာ။

နှစ်ပေါင်း ၆၀။ လူ့ဘဝကို အတော်ကြာ နေခဲ့ရပါလားလို့ တွေးမိတယ်။ ပြန်ပြီး ငဲ့စောင်းကြည့်လိုက်တော့ နှစ်ပေါင်း ၆၀ ဆိုတာကို သမင်လည်ပြန်ကြည့်ကြမဲ့ အနုပညာရှင် အကျော်အမော်တွေပါပဲ။

သူတို့ ဖြစ်သန်းလာတဲ့ ခေတ်စနစ်တွေ၊ အယူအဆတွေ၊ အတွေးအခေါ်တွေ၊ စာပေရေးရာ၊ ဘာသာရေးရာ၊ ပညာရေးရာ၊ ရေးရာအစုံစုံကို အနုပညာရှင်တွေ





ပီပီ ကြည့်တတ် မြင်တတ်တဲ့ ပုဂ္ဂိုလ်တွေပါပဲ။ ကောင်းမှကောင်း။ သူတို့ ဘယ်လိုဖြတ်သန်းခဲ့လဲ။ ရေစီးလား၊ ရေဆန်လား၊ ဗေဒါလား၊ ရေလား၊ ယမ်ငွေ့လား၊ ပန်းမွှေ့ယာလား၊ သဒ္ဒါလား၊ တဏှာလား။ ဘဝအမောတွေ၊ ဘဝအပြောတွေကို ကြားရမြင်ရမှာမို့ ဝမ်းသာနေတယ်။

လောကကို ဘယ်လိုကြည့်လို့ ဘယ်လိုမြင်မလဲ။ သည်အရွယ်တွေ ရောက်တော့ ဓမ္မနဲ့ ရောထွေးလာပြီ၊ အချိုအခါးကို နားလည်လာပြီ၊ ကိုယ့်ရှေ့မှာသွားနှင့်ကြပြီ။

စကားစပ်မိလို့ ပြောရရင် ၂၀၀၀ ပြည့်နှစ်ဟာ အနုပညာရှင် ကြယ်ပွင့်တွေ ဝေရာမှ ကြွေနေပြီ။ မနေ့တစ်နေ့က စန္ဒရားလှထွဋ်၊ ရုပ်ရှင်မင်းသားမြတ်လေး။ ဩော် သင်္ခါရတွေပါပဲ။ အစဉ်ထာဝရဆိုတာ ဘုရားဟောနှင့် ဆန့်ကျင်တယ်။ ဖြစ်ပျက်၊ အနိစ္စတဲ့။

ဒါပေမဲ့ လူဆိုတာ ခက်တယ်။ အတ္တကို သိလျက်နှင့် ဝိဘက်ကြမ္မာ ငင်တတ်တယ်။ အနတ္တကို မသိကျိုးကျွံပြုတယ်။ ပုထုဇဉ်ကိုး၊ အပြစ်မတင်ပါဘူး။

ဆရာမြသန်းတင့် စကားနဲ့ပြောရရင် ဓားတောင်ကိုကျော်ပြီး မီးပင်လယ်ကို ဖြတ်ကြည့်ချင်တယ်။ သောကနှင့် မောဟကြားမှာ လောဘစကားတွေပြောပြီး လောကကို ရယ်မောပစ်ချင်တဲ့ လူတွေချည်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီထဲမှာ သူတော်စင်တွေ မပါပါဘူး။

အနုပညာရှင်တွေရဲ့ နှစ်ပေါင်း (၆၀)၊ မြင်ချင်စမ်းပါဘိ။ ဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေးရဲ့ နှစ်ပေါင်း ၆၀ ကို သတိရနေမိတယ်။ ဆရာမကြီးရဲ့ အရေးအသားတွေကို ပြန်စဉ်းစားနေမိတယ်။ သြော် နှစ်ပေါင်း ၆၀။

ဗမာ့ခေတ်ဦးအုန်းခင်ရဲ့ ဇရာဘဝကို ပြေးမြင်မိတယ်။ တာယာဆိုင်လေးရဲ့ အခန်းကျဉ်းလေးထဲမှာ ကွပ်ပျစ်လေးတစ်ခု၊ ပက်လက်ကုလားထိုင်ဟောင်းလေးတစ်လုံး၊ တပည့်တစ်ဦးနဲ့ တွေ့ခဲ့ရတဲ့ ရက်ပေါင်းများစွာကို ပြန်တွေးမိတယ်။ သြော် နှစ်ပေါင်း ၆၀၊ အနုပညာသည်တွေရဲ့ နှစ်ပေါင်း ၆၀၊ လောကအမြင်၊ ဘဝအမြင်၊ ဒဿနအမြင်တွေ၊ သန့်ရှင်းသော ဖြောင့်မတ်သော မလိမ်မညာသော မုသားကင်းသော ဘဝနှင့် အနုပညာ၊ အနုပညာနှင့်ဘဝ၊ လုံးထွေးသတ်ပုတ်နေကြသော ဘဝဆည်းဆာအစ နှစ်ပေါင်း ၆၀။

ဘဝအမိပ္ပာယ်ကို ဘယ်လိုဖွင့်ဆိုကြမှာလဲ။ စာပေ၊ ကဗျာ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း ပညာရှင်များထက် သဘင်ပညာရှင်များကိုပါ ထည့်သွင်းလိုက်လျှင် ပိုပြီးမပြည့်စုံပေဘူးလားလို့ တွေးနေမိတယ်။

ကျွန်တော်ကတော့ သူတို့ပွဲမှာ မပါနိုင်တော့ဘူး။ အသက် ၆၀ ကျော်သွားပြီ။ ဘဝအမောတွေနဲ့ ရန်ကန်လှုပ်ရှားဆဲပါပဲ။ 'ရွှေဖြူ'တဲ့၊ ရွှေဆိုလို့ မှုးလို့ရှုစရာ





ဆောင် မရှိဘူး။ ကံကောင်းလို့ မသေ သံချောင်းတို့အမေ ဖြစ်ခဲ့တယ်။

အသက် ၆၀၊ အနှစ် ၆၀၊ စာပေနှင့် အနုပညာရှင်များ ဘာကိုပြောမလဲ၊ သိချင်လိုက်သည့်ဖြစ်ခြင်း။

သတင်းစုံ၊ ၁၄–၃– ၂၀၀၀၊ ရွှေဖြူးလွင်သစ္စာ

❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

# ဖိဝ ရောက်မှဖြင့် ကြောက်တယ်ပ ခုလေ

ကျွန်တော့်အသက် ဖိဝ ကျော်ခဲ့ပါပြီ။ ၂၀၀၀ ပြည့်နှစ်မှာ အသက် ဖိဝ ပြည့်သူ စာပေ၊ ဂီတ၊ အနုပညာရှင်တွေ လူ့ဘဝအဓိပ္ပာယ်ကို ဖွင့်ဆိုကြရအောင် ဆိုပြီ. ဆရာသူရဇော်က စတင်လှုံ့ဆော်ခဲ့ပါတယ်။ ဒီတော့ အသက် ဖိဝ အတွေ့အကြုံအရ ဘဝဆိုတာကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ရမလဲဆိုပြီး ကိုယ့်ဘဝ အသက် ဖိဝ ခရီး နဖူးပေါ်လက်တင်ပြီး စဉ်းစားတော့ ငယ်ငယ်က ဆင်းရဲပင်ပန်းခဲ့တာတွေကို သတိရတယ်။ အမေ့ကို သတိရတယ်။ နောက်တော့ အားနဲ့မာန်နဲ့ ကြိုးစားခဲ့တာတွေလဲရှိတယ်။ ထင်ပေါ်ကျော်ကြားချင်တာ၊ ပိုက်ဆံတွေရယူလိုတာ၊ ကြွယ်ဝချမ်းသာချင်တာတွေလဲ ရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မနာလိုတာ၊ ဝန်တိုတာတွေလဲ ရှိခဲ့တယ်။ စိတ်ယုတ်၊ စိတ်ညံ့တွေလဲ ရှိခဲ့တယ်။ ပေဖြစ်တုန်းက အထုခံထားရပြီး ဘူဖြစ်တဲ့အခါ မထုရလို့ မခံမရပ်နိုင်ဖြစ်ရတာတွေ၊ လက်စားမချေရတာတွေလဲ ရှိပါတယ်။ ဘဝမှာ သံယောဇဉ်တွေကလဲ များလှပါလား။

အသက် ၆၀ ရှိပြီဆိုပေမယ့်လဲ ကျွန်တော်တို့က ကိုယ့်ကိုယ်ကိုယ် အသက် ၄၀ လောက်ပဲ ရှိသေးတယ်လို့ထင်ပြီး ပျော်နေတာတွေလဲ ရှိပါသေးတယ်။ မလွှဲသာမရှောင်သာ အသက် ၆၀ ရောက်လာပြီဆိုတော့ မိမိဘဝ လက်ကျန် အချိန်ဇယားကို တွက်ကြည့်တော့ တကယ်လို့ ဘဝသက်တမ်းက အသက် ၇၀ ပဲရှိမယ်ဆိုရင် ကျွန်တော့်ဘဝ လက်ကျန်အချိန်က ၁၀ နှစ်၊ ဒါမှမဟုတ်ရင် လပေါင်း ၁၂၀၊ ဒါမှမဟုတ်လို့ ရက်နဲ့ တွက်ရင်တော့ ၃၆၅၀ ရက်ပဲ ကျန်တော့တာကိုး။ လူတိုင်းလဲ မိမိဘဝ လက်ကျန်အချိန်ကို သိရှိပြင်ဆင်ဖို့ သတိရှိဖို့ ဘဝလက်ကျန် အချိန်ဇယားကို တင်ပြလိုက် ရပါတယ်။

ဘဝလက်ကျန် အချိန်ဇယားကို ဆွဲကြည့်တော့မှ အို… ဘဝမှာ ဘာမှလဲ ဖြစ်ဖြစ်မြောက်မြောက် မလုပ်ရသေးဘဲ သေရတော့မယ့်အချိန်ကလဲ ၃၆၅၀ ရက်ပဲ ကျန်တော့ပါလား။ ဆယ်စုနှစ် တစ်ခုဆိုတာကလဲ ဘာမှမဟုတ်။ ဟိုလှည့် ဒီလှည့်နဲ့ ကုန်ခဲ့တာချည်းပဲ မဟုတ်လား။





ဒီဘဝ လက်ကျန်အချိန်မှာ ဘာများရော လုပ်နိုင်မှာလဲ။ အများကို ကူညီဖို့နေနေသာသာ မိမိဘဝ ရပ်တည်ဖို့ နေ့စဉ် မနက်စောစောထပြီး စာရေးရတာလဲ လက်တွေမှာ ကျွဲပခုံးထနေပြီ မဟုတ်ပါလား။ အသက် ၇၀ အထိမှ မရှည်ဘဲ ဒီကြားထဲ သေသွားနိုင်တာမျိုးကလဲ ရှိနေသေးတယ်။

သေခြင်းတရားနဲ့ အသက် ၆၀ ပြည့် သံဝေဂကို ရရှိနေချိန်မှာ သွေးသောက်မဂ္ဂဇင်း တစ်အုပ်ထဲက ဆရာသခင်ါရဲ့ ငါတစ်ယောက်တည်းကျန်တော့တယ်ဆိုတဲ့ ဆောင်းပါးကို ဖတ်မိပြန်ပါတယ်။ ဆရာက အဲဒီဆောင်းပါးကို တေးထပ်ကလေးတစ်ပုဒ်နဲ့ စဖွင့်ထားပါတယ်။ ဘယ်သူ ဘယ်ဝါရေးခဲ့တဲ့ တေးထပ်လို့တော့ ဆရာက ဖော်ပြမထားပါဘူး။ အဲဒီတေးထပ်မှာကတော့

အသက်အရွယ် ၆၀ ကျမှဖြင့်
ကြောက်တယ်ပ ခုလေ
နောက်ဆွယ်က သူမွေတယ်
ပူပါစေ ဆပ္ပား။
သောကြာနေ့ ၆ ပါတာ
ကြောက်လိုက်တာ လမ်းမျှမသွား
ဆတ်သားခြောက်ငါးခြောက်ဟာကို
နောက်တစ်ခါ မစား
ခြောက်ကိုသာဆိုတာများ



www.burmeseclassic.com

www.burmeseclassic.com



စကားမှ မဆောင်
ခြောက်စထောင် ယာဉ်ရထား
ဘုရင်မခြား စီးဝံ့ပါပေါင်
ခြောက်ဆိုလို့ တစ်မျိုးရှောင်တယ်
ပုဆိုးတောင် အဆင်ခြောက်ရင်ဖြင့်
ယဉ်သလောက် ဘယ်လိုယဉ်
ဖုန်းဖြင့် မဆင်
သိကြားမင်း ခြောက်နယ်ခွင်ကို
မရောက်ချင်ပြီဘူးပ လေး...။

လို့ ရေးထားပါတယ်။

ဆရာသခ်ါရဲ့ တေးထပ်ကိုဖတ်ပြီး ကျွန်တော်လဲ ၆၀ ကို ကြောက်ရမှန်းသိလာတယ်။ ဆတ်သားခြောက်လဲ မစားရဲ။ ခြောက်စထောင်လဲ မစီးဝံ့။ အဆင်ခြောက်တဲ့ ပုဆိုးတောင် မဝတ်ရဲဘဲ သိကြားမင်း ခြောက်နယ်ခွင်ကိုတောင် မရောက်ချင်တာ အမှန်ပင် ဖြစ်ပါတော့တယ်။

ဘဝအဓိပ္ပာယ်ကို ဖွေရှာရင်း ဘဝလက်ကျန်အချိန်လဲ ဘယ်လောက်မှ မရှိတော့တဲ့အဖြစ်မှာ ကျွန်တော်လဲ သေရမှာကြောက်လာတယ်။ သေမှာကိုကြောက်တာက တစ်မျိုး၊ သေခါနီး ခံစားရမှာကိုကြောက်တာက တစ်ဖုံ၊ မိမိ မကြာမီ သေရတော့မယ်ဆိုတာကို သိရတဲ့အခါ ဖြစ်ပေါ်လာမယ့် စိတ်ချောက်





ချားမှုတွေ ရင်ဆိုင်ဖို့ဆိုတာ ခက်မယ်ဆိုတာလဲ တွေးနေမိပါတယ်။

ဟော ပြောရင်းဆိုရင်း တွေးတောရင်းပဲ တစ်နေ့တာအချိန်ကလဲ ကုန်တော့မယ်။ အလင်းရောင်တွေ ကွယ်ပျောက်ပြီး ညအမှောင်ဟာ တစ်စတစ်စ ဝင်လာပြီ။ သေခြင်းတရားဆိုတာဟာလဲ ဘဝအမှောင်ကြီး ကျသွားတာမျိုးပဲ ဖြစ်မှာပါ။

ညအမှောင် ဝင်လာပြီဆိုတော့ ဒီညကို ဖြတ်ကျော်ဖို့ အိပ်စက်ရဦးမှာပါတကား။ အဲသလို အိပ်နေရင်း တစ်ချိန်ချိန်မှာ ကျွန်တော့်ကိုယ် ကျွန်တော်ပင် မသိလိုက်ဘဲ သေခြင်းတရား ဝင်ရောက်ခဲ့ရင်ဖြင့် ကျွန်တော့်ဘဝမှာ အဓိပ္ပာယ်အပြည့်စုံဆုံး အဲဒီအရာဟာ အလိုအပ်ဆုံးလို့ ဆိုရမှာပါပဲ ခင်ဗျား။

ပြည်မြန်မာ (၄-၈-၂၀၀၀)

❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

# အသက် ခုနစ်ဆယ် ဂျဲအရွယ်ကား

တစ်လောက မန္တလေးသွားတော့ အမရပူရ မဟာဂန္ဓာရုံ ကျောင်းတော်ကြီးသို့ ရောက်ခဲ့ပါတယ်။ မဟာဂန္ဓာရုံသို့ မရောက်တာလဲကြာတော့ ကျောင်းဝင်း အတွင်းလည်း လှည့်ကြည့်၊ သတင်းများလဲ မေးရပါ တယ်။ ဆရာတော် အရှင်ဇနကာဘိဝံသ ပျံလွန်တော်မူပြီး အဲ့နောက်ပိုင်း ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသက နာယကချုပ် ဆရာတော်တာဝန်ကိုယူတယ်။ ဆရာတော် အရှင်မဟိန္ဒလည်း ကျန်းမာစွာ သီတင်းသုံးလျက်ရှိတယ်။ ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသကတော့ တစ်လောက စင်ကာပူကို ဆေးကုသွားတဲ့အကြောင်းနဲ့ ကျောင်းတော် ကြီးဟာ သာသာယာယာနဲ့ စည်ပင်ဖြိုးပွားလျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း မဟာဂန္ဓာရုံမှာ သီတင်းသုံးနေတဲ့ သံဃာတော်ဟာလည်း အပါး ၁၂၀၀ ကျော် ရှိကြောင်း သိရပါတယ်။ ဝမ်းသာအားရစရာပါပဲ။

မဟာဂန္ဓာရုံကို ရောက်တော့ ကျေးဇူးရှင် ဆရာတော်ကြီး အရှင်ဇနကာဘိဝံသကို သတိရပြီး လွမ်းမောရပါသေးတယ်။ ဆရာတော်ကြီးရဲ့ သာသနာရေးရာဆောင်ရွက်ချက်တွေ၊ စာပေရေးရာ ဆောင်ရွက်ချက်တွေ၊ အနာဂတ် သာသနာရေးအတွက် ဆရာတော်ကြီး ကြိုတင်ပေးကြောင်း မိန့်မှာခဲ့တဲ့ အကြောင်းအရာတွေကိုလည်း သတိရမိပါတယ်။

တောင်သမံကိုလည်းရောက်၊ တောင်လေးလုံးကိုလည်းဝင်၊ တောင်မင်းကြီးဘုရားကိုလည်း ဖူးပြီးချိန်မှာတော့ မမျှော်လင့်ဘဲ မြန်မာမှု ဒီဇိုင်းပညာရှင် ဆရာကြီး ဦးအေးမြင့် (မောင်အေးမြင့်)နဲ့လည်း တွေ့ရပါတယ်။ ဆရာကြီး ဦးအေးမြင့်က မဟာဂန္ဓာရုံကျောင်းတော်ကြီးရဲ့ မြောက်ဘက်က ကပ်ရပ်ခြံတစ်ခြံမှာ သစ်သားအိမ် လှလှလေးတစ်လုံးနဲ့ မဟာဂန္ဓာရုံရိပ်ကို ခိုလှုံနေပါတယ်။ တကယ်တော့ စာပေအနုပညာရှင်အများအပြားမှာ ဆရာကြီးဦးအေးမြင့်လို မဟာဂန္ဓာရုံ အရိပ်ကို ခိုလှုံပြီး တောင်သမံမှာနေလိုတဲ့ စိတ်ကူးစိတ်သန်းတွေ ကိုယ်စီကိုယ်ငှ ရှိကြသူတွေချည်းပါပဲ။ ဒါပေမယ့် ဆရာကြီး ဦးအေးမြင့်သည်သာ ဒီဆန္ဒကို





[illegible]ကောင်အထည်ဖော်နိုင်တာလို့ ဆိုရပါမယ်။ ဆရာကြီးရဲ့အိမ်က ညောင်ခန်းခေါင်းရင်း ပြတင်းပေါက်ကို [illegible]င့်လိုက်ရင် တောင်သမံလေဟာ တစ်ခါတည်း တိုးဝင်[illegible]တာပါ။ ဆရာကြီး အိမ်ခေါင်းရင်းကနေ တောင်သမံ[illegible]ပြင်ကို အထင်းသား မြင်နေရပါတယ်။ တောင်သမံရဲ့ အရှေ့ဘက် တောတန်းတောအုပ်အကြားက ပေါ်ထွက်[illegible]တာက ကျောက်တော်ကြီးဘုရား၊ ဆရာကြီးရဲ့ [illegible]မ်ရှေ့တည့်တည့်ကို မျှော်မှန်းကြည့်လိုက်ရင် ပုထိုး[illegible]တော်ကြီးနဲ့ ရွှေဂူကြီးဘုရား၊ အရှေ့မြောက်ဘက်မှာတော့ [illegible]ရပူရမြို့ ထောင့်စေတီများနဲ့ ဒီနေရာမျိုးမှာ တောင်[illegible]ဆရာတော်ကြီးရဲ့အရိပ်ကို ခိုလှုံပြီးနေရတာ ကုသိုလ်[illegible] ထူးလိုက်တာလို့တွေးပြီး ကျွန်တော်တောင် ဆရာ[illegible]ကို မနာလိုဖြစ်မိပါသေးတယ်။

ဆရာကြီး ဦးအေးမြင့်ဟာ အသက် ၇၀ မျှ [illegible]ပြီဖြစ်ပေမယ့် မိမိရဲ့ မြန်မာမှု ဒီဇိုင်းပညာလေ့လာ[illegible]င်နုံးကို ရေးကထက်ပိုပြီး စွဲစွဲလမ်းလမ်း စိုက်လိုက်[illegible]တ် သုတေသန ပြုနေပါတယ်။ ဆရာကြီးရဲ့ [illegible]မှာတော့ နိုင်ငံတကာက မြန်မာ့အနုပညာကို [illegible]သနပြု ရေးထားချက်စာအုပ်တွေ၊ မြန်မာမှုဒီဇိုင်း[illegible] စုံနေတာပါပဲ။ ကျွန်တော်လဲ အသက် ၇၀ကျော် [illegible]ညာရှင်ကြီးတစ်ဦးဆီမှာ အခုလို ခွန်အားတွေ [illegible]င့်အမျှ ဘယ်ကများ ပွားနေပါလိမ့်လို့ စဉ်းစားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်း ဆရာကြီးကိုမေးတော့ ဆရာကြီးက သူ့အလုပ်စားပွဲမှာ အသေအချာရေးပြီး ကပ်ထားတဲ့ စာအချို့ကို ပြပါတယ်။

စာကတော့–

အသက်ခုနစ်ဆယ်
ဤအရွယ်ကား
သွယ်သွယ် ရှင်လူ
ပင်စင် ယူ၏
ကိုယ်မှု ထိုမ
ခွင့်မရ၍
နေ့ည မအား
အလုပ်များကို
မနားမနေ
လုပ်နိုင်စေဖို့ ဆိုတဲ့ စာပုဒ်လေးပါပဲ။

ဒီစာဟာ မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ ကိုယ်တိုင်ရေးသားတော်မူခဲ့တဲ့ စာဖြစ်ပါတယ်။ ဆရာတော်ကြီးဟာ အသက် ၇၀ ရောက်တဲ့တိုင် အနားမယူနိုင်ဘဲ နေ့မအား ညမအား အလုပ်များကို မနားမနေ လုပ်ဆောင်တော်မူခဲ့ပါတယ်။ ဆရာတော်ကြီးက သူ့ရဲ့စာမှာ အလုပ်က အနားယူတာကို အများနားလည်လွယ်တဲ့ စကားနဲ့ ပင်စင်ယူ၏လို့ ရေးထားပါတယ်။





ဆရာကြီးဦးအေးမြင့်က "ကျွန်တော့် အသက်အရွယ်နဲ့ဆို ပင်ပန်းလို့ နားချင်တာတို့၊ နေမကောင်းလို့ အခွေလေး အိပ်နေချင်တာတို့ ဆိုတာတွေ ရှိတာပေါ့။ ဒါပေမယ့် အပျင်းစိတ်ကလေးတွေ ဘယ်လို ဘယ်နေရာကပဲ ဝင်လာ ဝင်လာ၊ ကျေးဇူးရှင်ဆရာတော်ကြီး အရှင်ဇနကာဘိဝံသရဲ့စာကို တစ်ကြိမ်ရွတ်ဆိုပြီး အားမာန်တွေကို မွေးရတယ်။ ဆရာတော်ကြီးရဲ့ ဒီစာပုဒ်ဟာ ကျွန်တော့်အတွက်လည်း ခွန်အား၊ မြန်မာတွေရဲ့ ခွန်အားဖြစ်ပါတယ်လို့ ဆရာကြီးက ဆိုပါတယ်။ အဲဒီအခါမှာတော့ ဆရာကြီးဦးအေးမြင့်ဟာ တောင်သမံအရိပ်မှာ အားမာန်စိတ်တွေနဲ့ ခိုလှုံနေတာပါလားလို့ သိလိုက်ရပါတယ်။

ဆရာကြီး ဦးအေးမြင့်ရဲ့ဧည့်ခန်းမှာ မြန်မာမှုပစ္စည်းမျိုးစုံ၊ မြန်မာမှုဒီဇိုင်းမျိုးစုံကို တွေ့ရပါတယ်။ ကူးယူရေးဆွဲချက်တွေ မြန်မာအနုပညာ မြန်မာဒီဇိုင်းအကြောင်း ရေး..သားထားတဲ့ အင်္ဂလိပ်စာအုပ် မြန်မာစာအုပ်တွေကလဲ ပုံနေတာပဲ။ ရေးလက်စ ဆွဲလက်စ ပန်းချီတွေ ဒီဇိုင်းတွေကိုလဲ တွေ့ရပါတယ်။ ဆရာကြီး ဦးအေးမြင့်က မြန်မာတို့ရဲ့ ပန်းဆယ်မျိုးဟာ ဒီဇိုင်းပညာနဲ့ အမြဲယှဉ်တွဲနေတာလို့ ပြောလေ့ရှိပါတယ်။ ပန်းဆယ်မျိုးဟာ ဒီဇိုင်းပညာနဲ့ ယှဉ်တွဲနေသလို ဆရာကြီး ဦးအေးမြင့်နဲ့ ခွဲမရတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဆရာကြီး ဦးအေးမြင့်ရဲ့ဘဝမှာ ကျေးဇူးရှင် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာ ဘိဝံသရဲ့ အားမာန်စာပုဒ်ကလဲ အတူရောက်ရှိနေပါပြီ

အသက်ခုနစ်ဆယ်
ဤအရွယ်ကား
သွယ်သွယ်ရှင်လှ
ပင်စင် ယူ၏
ကိုယ်မှု ထိုမှု
ခွင့်မရ၍
နေ့ညမအား
အလုပ်များကို
မနားမနေ
လုပ်နိုင်စေဖို့

မြန်မာမှု ဒီဇိုင်းပညာရှင် ဆရာကြီး ဦးအေးမြ (မောင်အေးမြင့်) အသက်ရာကျော်ရှည်ပါစေ။ မြန်မာမှု ဒီဇိုင်း အနုပညာဖွံ့ဖြိုးတိုးတက်၍ အထွတ်အထိ ရောက်ပါစေ။

သတင်းစုံ၊ အတွဲ (၅)၊ အမှတ် (၃၇)၊ ၁၈-၆-၂၀

❒



## အခန်း (၁၁)

## ထိမ်းမြားခြင်းမှ ပြတ်စဲခြင်းသို့

တစ်ခါက အင်္ဂလိပ် ဘုန်းတော်ကြီးတစ်ပါးက ပြုရန် စုဝေးရောက်ရှိသူများအား အိမ်ထောင်ရေးနှင့် သက်သော အခြေအနေ ငါးရပ်အကြောင်း ပြောပြ သည်။ ထိုအကြောင်းအရာ ငါးရပ်မှာ-

(၁) စေ့စပ်ကြောင်းလမ်းခြင်း၊
(၂) လက်ထပ်ထိမ်းမြားခြင်း၊
(၃) ဂရုစိုက် အလိုလိုက်ခြင်း၊
(၄) ငြီးငွေ့ခြင်းနှင့်
(၅) နာကျင်ခံစားရခြင်းတို့ဖြစ်သည်။

သူက ဇနီးမောင်နှံ များစွာတို့ ဖြတ်သန်းကြရ ပျော်ရွှင်မှုမှ ခါးသီးမှုသို့၊ လက်ထပ်ခြင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းခြင်းသို့ စသည့် အဆင့်များကို ပြောဆိုခြင်းဖြစ်သည်။ တချို့ အလွန်ချစ်ကြသော လင်မယားစုံတွဲတို့မှာ ကွာရှင်းပြတ်စဲပြီးနောက် ခါးသီးသော ရန်သူကြီးများ ဖြစ်သွားကြသည်ကို မြင်ရသည်မှာ ဝမ်းနည်းဖွယ် ဖြစ်ပါသည်။

ပီတိသောမနဿနှင့် ပြည့်စုံသော အဆင့်သုံးဆင့်ကို ကျော်လွန်ပြီးနောက် အိမ်ထောင်ရေးများ ပြိုကွဲရခြင်းမှာ ထင်ရှားသော အကြောင်းချင်းရာ အများအပြား ရှိပါသည်။

## စိတ်ကစားမှု

ထိုအကြောင်းများအနက် တစ်ခုမှာ စိတ်ကစားမှု ဖြစ်ပါသည်။ များသောအားဖြင့် ထိုသို့ဖြစ်ရခြင်းသည် ယောကျ်ားများ ဖြစ်ကြသော်လည်း တချို့ မိန်းမများမှာလည်း အပြစ်ရှိကြပါသည်။

တချို့သော စိတ်ကစားမှုများမှာ ရုံးတွင် အချိန်ကြာမြင့်စွာ အလုပ်လုပ်ရခြင်းမှ စတင်သည်။ ကျွန်တော်၏ မိတ်ဆွေ အိမ်ထောင်သည်တစ်ယောက်နှင့် သူ၏ လုပ်ဖော်ကိုင်ဖက် အမျိုးသမီးတို့ ရက်သတ္တပတ် အတော်ကြာ မိုးချုပ်သည်အထိ အလုပ်လုပ်ကြရာမှ အတူတကွ ညစာစားခြင်းများ မကြာခဏ ပြုလုပ်ခဲ့ပြီးနောက် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ကူးယဉ်ကမ္ဘာထဲအထိ





ပတ်သက်မှု ရှိသွားတော့သည်။

နောက် မိတ်ဆွေတစ်ယောက် ရုံးက လက်အောက်ငယ်သား အမျိုးသမီးတစ်ယောက်အပေါ် ဂရုတစိုက်ရှိမှုကိုပြသည်။ ထိုအမျိုးသမီးတွင် အိမ်ထောင်ရေးပြဿနာများ ရှိနေသဖြင့် သူက အချိန်အတော်ကြာ နှစ်သိမ့်ခြင်း၊ အကြံဉာဏ်ကောင်းပေးခြင်းတို့ ပြုလုပ်သည်။

ထိုသို့ ပြုလုပ်ပြောဆိုရင်း သူတို့နှစ်ယောက်သည် ပြဿနာအသစ်ကို စတင်မိကြတော့သည်။

## စိတ်ဝင်စားမှု ပျောက်ဆုံးခြင်း

အိမ်ထောင်ရှင်များ တစ်ဦးအပေါ်တစ်ဦး စိတ်ဝင်စားမှု ပျောက်ဆုံးသွားသောအခါလည်း စိတ်ကစားမှုများ ဖြစ်ပွားရသည်။ ကျွန်တော်၏ အမျိုးသမီး မိတ်ဆွေတစ်ယောက်က သားတစ်ယောက်မွေးပြီးနောက် သူမ၏ အသွင်အပြင်ကို ဂရုမစိုက်တော့။

ယောကျ်ားက ပို၍ သေးသွယ်သော မိန်းမများကို မျက်စိကျစ ပြုလာသည်။ သူ့ဇနီးသည် ယခင်က သေးသွယ်ပြီး လှပကာ စိတ်ဝင်စားစရာကောင်းသောကြောင့် သူက လက်ထပ်ခဲ့ခြင်းဖြစ်သည်။

ယခု သူမ၏ ဝဖြိုးသော ခန္ဓာကိုယ်နှင့် မသပ်ရပ်သော အဝတ်အစားတို့ကြောင့် စိတ်ကုန်လာပြီး

www.burmeseclassic.com



လူမှုရေး ပွဲလမ်းများသို့ ခေါ်မသွားတော့ချေ။

သူက ပြောသည်မှာ သူ့မိန်းမသည် သူလက်ထပ်ယူခဲ့သော မိန်းမ မဟုတ်တော့ ဟူသတည်း။

တချို့ အိမ်ထောင်များမှာ မယားကို အမျိုးမျိုး နှိပ်စက်သော လင်ယောကျ်ားများကြောင့် ကွဲကြခြင်း ဖြစ်သည်။ အရက်သောက်ခြင်း နှင့် လောင်းကစားမှုတို့ကို အလွန်အကျွံ ပြုလုပ်သော ယောကျ်ားများကိုလည်း မခံမရပ်နိုင်သော မိန်းမများက ကွာရှင်းကြသည်။

## အသာစီး အနိုင်ယူသော ယောက္ခမ

အိမ်ထောင်တစ်ခု ပျက်ရပုံမှာကား မိန်းမဖြစ်သူက အသာစီး အနိုင်ယူတတ်သော ယောက္ခမနှင့် အမိုးတစ်ခုတည်းအောက်မှာ တစ်ရက်မျှပိုပြီး အတူမနေလိုဟု ငြင်းဆန်ပြီး ယောကျ်ားဖြစ်သူက မုဆိုးမိခင်နှင့် တစ်အိမ်တည်းနေရေးကိုသာ ဇွတ်ပြောသောကြောင့် ဖြစ်သည်။

အချို့ ဇနီးမောင်နှံများ ကွဲကွာကြသည်မှာ ဖိမဆက်ဆံရေးတွင် ဆက်လက်၍ သဟဇာတဖြစ်မှု မရှိတော့သောကြောင့်ဟု ပြောကြသည်။

မကြာခဏလည်း စေ့စပ်ကြေအေး၍ မရသော သဘောကွဲလွဲမှုများကြောင့်ဖြစ်သည်။ အချို့ မိန်းမများက ပိုင်ဆိုင်လိုစိတ် များလွန်းပြီး သူတို့ခင်ပွန်းများကို အခြားယောကျ်ား သူငယ်ချင်းများနှင့် ပေါင်းသင်းခွင့်





ပေးချင်ကြ။

အချို့ဇနီးများကမူ တစ်နေကုန် အိမ်ထဲအောင်း နေ၍သော်လည်းကောင်း၊ အိမ်မှုဗာဟီရများ လုပ်ကိုင် နေ၍သော်လည်းကောင်း၊ ငြီးငွေ့ပြီး ယောကျ်ားများ အလုပ်မှ နွမ်းနယ်ကာ ပြန်လာကြသောအခါ ခြုံသံပါ အောင် ငြီးငြူကြတော့သည်။

## ဖုတ်လေသည့်ငပိ

တချို့ယောကျ်ားများက သူတို့၏ မိန်းမများကို ဖုတ်လေသည့်ငပိကဲ့သို့ သဘောထားကြသည်။ သူတို့က ကြာမြင့်စွာ အလုပ်လုပ်ပြီး မိန်းမနှင့် ကလေးများအတွက် အချိန်သိပ်ပေးလေ့ မရှိကြ။ ညစာ မစားဖြစ်လျှင်လည်း အိမ်ကို ဖုန်း မဆက်ကြ။ နှစ်ပတ်လည်နေ့များ၊ မွေးနေ့များကို မေ့ထားကြသည်။ သူတို့၏ မိန်းမများကိုလည်း အိမ်စေကဲ့သို့ သဘောထားကြသည်။ မြည်တွန်တောက်တီးခံရပါက ဒေါသထွက်သေးသည်။

အချို့ ငယ်ရွယ်သော မောင်နှံများမှာ ကလေးများကြောင့်ဖြစ်စေ၊ အလုပ်အကိုင်ကြောင့်ဖြစ်စေ၊ တိုးပွားလာသော မိသားစုအတွက် ငွေမရှိ၍ဖြစ်စေ၊ ပင်ပန်းကျပ်တည်းပြီး အမြဲတမ်း ရန်ဖြစ်ကြတော့သည်။

ဇနီးမောင်နှံတို့သည် လက်ထပ်ပြီး ပျော်ရွှင်စွာ နေထိုင်နိုင်ရန် ဘာလုပ်သင့်ကြပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်သော မောင်နှံတို့သည် ကလေးကို ချက်ချင်းမယူမီ နှစ်အနည်းငယ် အိမ်ထောင်ရေးသုခကို ခံစားသင့်ပါသည်။ လက်ထပ်ပြီး ပထမနှစ် သို့မဟုတ် ဒုတိယနှစ်တွင် ကလေးယူခြင်းက အိမ်ထောင်သည် ဘဝနှင့် အလုပ်အကိုင်များကို နိုင်နင်းအောင် ဖြေရှင်းနေကြရသည့် မောင်နှံအတွက် ကသီလင်တ ဖြစ်စေနိုင်ပါသည်။

### လင်မယား ဆက်ဆံရေး အချဉ်ပေါက်

နားလည်မှုနှင့် ဂရုစိုက်မှုတို့လည်း ပို၍ များများ ရှိသင့်ပါသည်။ နှစ်ဦးစလုံး တစ်ဦးကိုတစ်ဦး ပို၍ သည်းခံနိုင်ကြလျှင် အကူအညီရမည်ဖြစ်သည်။ အပြင်းအထန် ရန်ဖြစ်မှုများနှင့် နင်ဘဲငဆ အပြန်အလှန် ပြောဆိုခြင်းများသည် ဆက်ဆံရေးကို အချဉ်ပေါက်စေမည်သာ ဖြစ်သည်။

တစ်ယောက်က စိတ်ဆိုးသောအခါ နောက်တစ်ယောက်က မီးကို မီးနှင့်ငြိမ်းသတ်ခြင်းမှာ အရာမရောက်ပါချေ။ ကျွန်တော့်အသိ သက်ကြီးရွယ်အို စုံတွဲတွင် သမားရိုးကျ ဒဿနတစ်ခု ရှိပါသည်။ မိန်းမက မြည်တွန်တောက်တီးနေလျှင် သူက မိန်းမအသံပြာပြီး သူ့ပါးစပ်ပိတ်သွားသည်အထိ ယောကျ်ားက ငြိမ်နေလိုက်ခြင်းဖြစ်ပါသည်။



### ဆုံစည်းမှု အစီအစဉ်

အချို့ မောင်နှံများက ဘာရင်ဂျီ ဘုရားကျောင်းများမှ စီစဉ်ဆောင်ရွက်ပေးသော 'အိမ်ထောင်ရေးဆုံစည်းမှုအစဉ်' Marriage Encounter Programs များကို တက်ရောက်လေ့လာကြသည်။ ထိုအစီအစဉ်များက နှစ်အတန်ကြာ လက်ထပ်ပြီးသော စုံတွဲများကို သူတို့၏ "နာမ်ပိုင်းဆိုင်ရာ သိမ်မွေ့နူးညံ့သော အချစ် Spiritual Love" ကို ပြန်လည်ရှာဖွေ တွေ့ရှိအောင် ကူညီသည်။ ထိုအစီအစဉ်ထဲတွင် တစ်ယောက်ကို တစ်ယောက် ရည်းစားစာများ ရေးခြင်းဖြင့် ကျွန်တော်တို့၏ အချစ်ကို ပြန်လည်မီးမွှေးသည့်သဘော ပြုလုပ်စေသည်။ ကျွန်တော်တို့ကို ဆွဲဆောင်ခဲ့သော အရာများအကြောင်း၊ တစ်ယောက်ကိုတစ်ယောက် ကြိုက်နှစ်သက်သည့် အချက်များ၊ မကြိုက်သည့် အချက်များအကြောင်း ရေးကြရသည်။

၎င်းသည် အိမ်ထောင်ရေးသုခ ကြွယ်ဝစေသည့် အစီအစဉ်ဖြစ်သည်။ အိမ်ထောင်ရေး ဆုံစည်းမှု အစီအစဉ်ကို စုံတွဲတိုင်း ပြုလုပ်သင့်သည်။ ထိုအစီအစဉ်များကို တက်ရန် သင့်တွင် ပြဿနာတစ်ခုခု ရှိစရာမလိုပါ။ ပျော်ရွှင်နေသော စုံတွဲများပင်လျှင် သူတို့၏ အိမ်ထောင်ရေးကို ဒီထက်ပိုပြီး ပြန်လည်နုပျိုလာစေရန် တက်ရောက်ကြပါသည်။ ထိုကဲ့သို့သော အစီအစဉ်



www.burmeseclassic.com

www.burmeseclassic.com



မျိုးကို မြို့ကြီးပြကြီးများတွင် ဖွင့်လှစ်သင့်ပါသည်။

ပြဿနာဖြစ်မှုကို ရှောင်ကြဉ်ရန် ပုဂ္ဂိုလ်တစ်ဦးက သူ၏ဇနီးမဟုတ်သော အခြားမိန်းမတစ်ယောက်နှင့် ဘယ်သောအခါမှ နှစ်ဦးတည်း ရှိနေမှုကို မပြုလုပ်ပါ။ မိန်းမတစ်ယောက်နှင့် တွေ့ဆုံရန် ရှိလာလျှင် သူက အခြားတစ်ယောက်ကို အမြဲခေါ်ထားသည်။ သူက ထူးကဲစွာ သတိထားခြင်းဖြစ်သည်။ အကယ်၍ကျွန်တော်တို့ သူ၏ နမူနာအတိုင်း လိုက်နာကြပါက အိမ်ထောင်ရေး ပြဿနာများ ပိုနည်းလာကောင်း နည်းလာပါလိမ့်မည်။

❒



## အခန်း (၁၂)

# အေအိုင်ဒီအက်စ် ပိုင်းရံခံနေရသော ဤကမ္ဘာမြေ

"အဲလစ်ဇဘက် လစ်ဖ်တေလာ" ပါဝင်သည်။ ကျော်ကြားသည့် နာမည်ကြီး သရုပ်ဆောင်များဖြစ်သော 'ကယ်ရီဘားနက်'၊ 'ပေါ်လာအဗ္ဗဒူ'၊ 'ဆင်ဒီကရောဖို့'၊ 'ကိတ်ဂျက်ဆင်'၊ 'ဂျူးရေးဗားစ်'၊ 'ဘယ်ရီမင်နီလို'၊ 'အယ်လ်တန်ဂျွန်'၊ 'ဒပ်စတင်ဟော့ဖ်မင်း'နှင့် 'ဟပ်ဟိုဂင်' တို့လည်း ပါဝင်ကြသည်။

သူတို့အားလုံးသည် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျရောက်သော 'ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့'နှင့် အံကိုက်၍ တင်ဆက်သည့် '၉၃ ၏ အလှင်းရောင်သစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတွင်’ အမည်ရှိ ရုပ်သံ အစီအစဉ်တစ်ခုတွင် ပါဝင်ခဲ့ကြခြင်းဖြစ်သည်။ သူတို့က သေစေနိုင်သည့် ကြောက်စရာ ရောဂါဆိုးတစ်ခုဖြစ်သော အေအိုင်ဒီအက်စ် AIDS ခေါ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါအတွက် ပညာပေးရေးနှင့် ကာကွယ်မှုပေးရေးတို့ကို ထောက်ခံပြောဆို လှုပ်ရှားကြခြင်းဖြစ်သည်။

သူတို့က မွန်မြတ်သော အလုပ်တစ်ခုကို လုပ်ကိုင်နေကြခြင်းမှာ သူတို့၏ အသိများ အေအိုင်ဒီအက်စ်ရောဂါဖြင့် သေဆုံးခဲ့ကြခြင်းအတွက်ကြောင့် တစ်ကြောင်း (ဥပမာ ရော့ဟတ်ဆင်)၊ သို့မဟုတ် ယင်းတို့၏ အသိုင်းအဝိုင်းများထဲတွင် အေအိုင်ဒီအက်စ်ရောဂါကို ဖြစ်စေတတ်သော ‘အိပ်ချ်အိုင်ဗွီ’ ဗိုင်းရပ်စ်ပိုး စွဲကပ်နေသူများ ရှိနေကြသောကြောင့် တစ်ကြောင်းဖြစ်သည်။ နောက်တစ်ကြောင်းမှာလည်း ထိုရောဂါက တစ်ကမ္ဘာလုံးသို့ အလွန်လျင်မြန်စွာ ကူးစက်ပျံ့နှံ့နေကာ ယခုရာစုတွင် အသက်လာရှင်ကြရသော လူများသည် အေအိုင်ဒီအက်စ် ရောဂါနှင့် ပတ်သက်၍ ပိုပြီး စိုးရိမ်မကင်း ဖြစ်နေကြသောကြောင့်လည်း ဖြစ်ပါ၏။

## လူဦးရေသန်းတစ်ဝက် သေဆုံးပြီ

ယခုအခါ လူဦးရေ သန်းတစ်ဝက်ခန့်သည် အေအိုင်ဒီအက်စ်ရောဂါဖြင့် သေဆုံးခဲ့ကြပြီးဖြစ်သည်။





ကမ္ဘာ့ကျန်းမာရေး အသင်းကြီးကလည်း လောလောဆယ် ကမ္ဘာအနှံ့အပြားတွင် လူဦးရေ ၁၃ သန်းမှ ၁၄ သန်းအထိ အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်ပိုး စွဲကပ်ခြင်းခံနေရသည်ဟု ခန့်မှန်းထားသည်။ ထိုကိန်းဂဏန်းက ခရစ်နှစ် ၂၀၀၀ တွင် သန်း ၄၀ အထိ တက်ကောင်း တက်လာသည်ဖြစ်သည်။ တစ်ချို့ဟောကိန်းများက သန်း ၁၂၀ အထိ ခန့်မှန်းကြသည်။

အေအိုင်ဒီအက်စ် ရောဂါပိုးသည် အာဖရိကတိုက်တွင် စတင်ပေါ်ပေါက်ခဲ့သော်လည်း ရောဂါ၏ စိုးရိမ်ရမှု ဗဟိုအချက်က အာရှတိုက်သို့ လျင်မြန်စွာ ရွှေ့ပြောင်းလာခဲ့သည်။ ခရစ်နှစ် ၂၀၀၀ တွင် ကမ္ဘာပေါ်ရှိ အိပ်ချ်အိုင်ဗီ ရောဂါပိုး ကူးစက်မှုများအားလုံး၏ ၅၀ ရာခိုင်နှုန်းကျော်သည် အာရှတိုက်တွင် ဖြစ်ပွားလိမ့်မည်ဟု အဆိုပြုကြသည်။ ဤအဖြစ်က အာရှတိုက်၏ အဟုန်ထိုး တက်နေသော စီးပွားရေးများကို အကြီးအကျယ် ပျက်စီးစေနိုင်သည်။

## ဆယ်ကျော်သက်များအတွင်း

ကမ္ဘာအနှံ့အပြားတွင် အိပ်ချ်အိုင်ဗွီပိုး စွဲကပ်ခြင်းခံနေရသည့် ၅၀ ရာခိုင်နှုန်းခန့်မှာ အမျိုးသမီးများဖြစ်ကြသည်။ ရောဂါစွဲကပ်သော ဆယ်ကျော်သက်များ၏ အရေအတွက်မှာလည်း ကြောက်ခမန်းလိလိ



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်နေသည်။ အမေရိကန်ပြည်တွင် လိင်ဆက်ဆံရာမှ ကူးစက်သော ရောဂါများ စွဲကပ်သော လူဦးရေ ၁၂ သန်းထဲတွင် ရာပေါင်း၊ ထောင်ပေါင်းများစွာသော ဆယ်ကျော်သက်များ ပါဝင်နေသည်။ သူတို့တွင် အိပ်ချ် အိုင်ဗွီပိုး စွဲကပ်နေကြသည်။

## ကူးစက်ပုံ ကူးစက်နည်း

အိပ်ချ်အိုင်ဗွီပိုးက ခန္ဓာကိုယ် အဖွဲ့အစည်းထဲသို့ သွေး၊ သုတ်ရည်၊ မိန်းမကိုယ်မှ ထွက်သော အရည်များနှင့် နို့ရည်စသော လူ့ခန္ဓာကိုယ်မှာထွက်သော အရည်လေးမျိုးမှတစ်ဆင့် ဝင်ရောက်သည်။ တစ်ချို့လူများက အိပ်ချ်အိုင်ဗွီပိုးနှင့် ညစ်ညမ်းနေသော သွေးသွင်းခြင်းကို ခံယူ မိရာမှ ကံမကောင်းဖြစ်ကြရသည်။ အခြား ၂၀ ရာခိုင်နှုန်းက ဆေးဝါးသုံးစွဲရာ၌ ဆေးထိုးအပ်များမှ တစ်ဆင့် ဗိုင်းရပ်ပိုးကို ရရှိကြသည်။ တစ်ချို့က အကာအကွယ်မဲ့ လိင်ဆက်ဆံမှုမှ ရောဂါစွဲကပ်သည်။ တစ်ချို့ကလေးများမှာမူ မိခင်၏ ဝမ်းဗိုက်အတွင်း ရှိဆဲမှာပင် ကူးစက်ခြင်း ခံကြရသည်။

အိမ်ထောင်ရေးတွင်လည်း ထိုရောဂါက စိတ်မ... ရပါ။ ရုပ်မြင်သံကြား အစီအစဉ်တွင်ပါသော အမျိုးသမီးတစ်ယောက်မှာ သူမတွင် ဗိုင်းရပ်စ်ပိုးတွေ့ရှိရပြီး သားနှစ်ယောက်အနက် တစ်ယောက်ကို စွဲကပ်...





ကြောင်း ထုတ်ဖော်ပြောကြား၏။ သူမ၏ ခင်ပွန်းမှာ ... ထိုပိုးမရှိ။ နောင်အခါမှ ပထမခင်ပွန်း၌ ရောဂါရှိကြောင်း သိရှိရတော့သည်။

ထို့ကြောင့် အေအိုင်ဒီအက်စ်ရောဂါနှင့် ပတ်သက်၍ တို့ဘာလုပ်သင့်ကြပါသနည်း။

'လစ်ဇ်တေလာ' ပြောသကဲ့သို့ "ကျွန်မတို့ လိင်အပြုအမူအတွက် ကျွန်မတို့မှာ တာဝန်ရှိသင့်ပါတယ်" စိတ်အလိုလိုက်သော ယောကျာ်းများက ကြက်...ပေါင်စေး ကွန်ဒွန်များကို သုံးသင့်ပါသည်။ အိမ်ထောင်ပြုရန် စဉ်းစားသူများအတွက် အေအိုင်ဒီအက်စ်ရောဂါ ...စမ်းသပ်ရန် အကြံပေးနိုင်ပါသည်။

"ကိုယ်ဝန်ဆောင်ရတာ ကိုးလလောက်ပဲကြာ...တယ်။ အေအိုင်ဒီအက်က သင့်အသက်ကို ထာဝရ ယူသွားလိမ့်မယ်"ဟု ရုပ်မြင်သံကြား အစီအစဉ်မှ အမျိုးသမီးတစ်ယောက်က ပြောသွားခဲ့သည်။ အခြားတစ်နည်း...ဖြင့် ပြောရလျှင် အကာအကွယ်မဲ့သော လိင်ဆက်ဆံမှု...သည် သင့်အား ပျော်ရွှင်မှုကို မိနစ်အနည်းငယ်သာ ...ပေးပြီး ပြင်းထန်သော ဝေဒနာကိုမူ သေသည်အထိ ...ပေးလိမ့်မည်။

## ကျောင်းများတွင် ပညာပေးသင့်

ကျောင်းများတွင်လည်း အေအိုင်ဒီအက်စ် ရောဂါ



www.burmeseclassic.com

www.burmeseclassic.com



အခါကြာခြင်းမှ ပညာပေးသင့်ပါသည်။ ကျယ်လောင်စွာ ပြောဆိုလာခဲ့ကြပါ၏။ ဆရာ၊ ဆရာမများလည်း လိင်အကြောင်း၊ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်မှု အကြောင်း သင်ကြားရန် မရှက်သင့်ကြတော့ပါ။ ဆယ်ကျော်သက်များက လိင်အကြောင်း မေးသောအခါ ရှက်ပြီး ထိုအကြောင်းကို ရှောင်လွှဲကြသည့် ဆရာ၊ ဆရာမများ ရှိကြောင်း ကြားနေခဲ့ရပါသည်။ အိပ်ချ် အိုင်ဗီရောဂါပိုးများ တမုဟုတ်ချင်း အကြီးအကျယ် ပျံ့နှံ့လာသည်နှင့်အမျှ ပညာပေးသူများ၏ ထိုသို့သော အပြုအမူများလည်း ရပ်တန့်ရပါမည်။

မိဘများကလည်း လိင်မှုဆိုင်ရာ ပညာပေးခြင်းကို သင်ကြားပေးရန် လိုအပ်ပါသည်။ ထင်ရှားကျော်ကြားသော ဒေါက်တာ 'ဂျိုက်စ်ဘရားသားစ်'က ဆယ်ကျော်သက်များကို လိင်ပိုင်းဆိုင်ရာ တက်ကြွမှု ဖြစ်မလာမီ သင်ကြားပေးသင့်ကြောင်း ရပ်မြင်သံကြား အစီအစဉ်မှ အကြံပေးသွားခဲ့သည်။ "ကျွန်မတို့ လိင်အကြောင်း ဘာသာရပ်ကို ဆွေးနွေးဖို့ မသက်မသာဖြစ်ချင် ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် သူတို့ကို အေအိုင်ဒီအက်စ် ရောဂါဆိုး လက်ထဲမှာ အဆုံးရှုံးခံလိုက်တာနဲ့စာရင် မသက်မသာ ဖြစ်ရခြင်းဟာ များစွာမဆိုးဝါးလှပါဘူး" ဟု တင်ပြသွားပါသည်။

အစိုးရများကလည်း အေအိုင်ဒီအက်စ်ရောဂါ





ပညာပေးခြင်းကို ပို၍ ကြော်ငြာပေးနိုင်ပါသည်။ ကြော်ငြာခြင်းက အထောက်အကူ ပေးနိုင်ပါသည်။ လူထု ဆက်သွယ်ရေး လုပ်ဆောင်ချက်များလည်း ထိုကဲ့သို့ပင်။ ဆေးရုံများ၊ ဆေးခန်းများ၊ ပြည့်တန်ဆာခန်းများ၊ အနှိပ်ခန်းများ စသည်တို့တွင် ပိုစတာများ၊ လက်ကမ်း စာစောင်များ ဝေငှခြင်းဖြင့် အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်မှုအကြောင်း သတင်းလွှာကို ဖြန့်နိုင်ပါသည်။

အမေရိကန် အစိုးရက အေအိုင်ဒီအက်စ်ရောဂါ ကုသဆေးကိုရှာရန် အဖွဲ့အစည်းတစ်ခု တည်ထောင်ထားသည်။ အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် တစ်နေ့လျှင် အမေရိကန်လူမျိုး ၉၀ ကျော် သေဆုံးနေကြသည်။

## အာရှ၏ သဘောထားပြောင်းရန်လို

အာရှတိုက်သားများကလည်း သူတို့၏ သဘောထားများကို ပြောင်းလဲရန် လိုအပ်ပါသည်။ အေအိုင် အက်စ်ရောဂါသည် နိုင်ငံခြားသားများ၏ ရောဂါသက်သက် မဟုတ်တော့ပေ။ တရုတ်ပြည်မကြီးပင်လျှင် ၏ မသိနားမလည်မှုကြောင့် သေစေနိုင်သည့် ရပ်ပိုး ပျံ့နှံ့လျက်ရှိကြောင်းကို အသိအမှတ်ပြုကာ၊ ဆုံး နိုင်ငံလုံးဆိုင်ရာ အေအိုင်ဒီအက်စ် ဆန့်ကျင် အဖွဲ့အစည်းကို ထူထောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရောဂါစွဲကပ်နေသူ တစ်ဦးချင်းအနေနှင့်လည်း သတင်းကို ကူညီဖြန့်ဝေနိုင်ပါသည်။ နိုင်ငံတကာ ရုပ်မြင်သံကြား အစီအစဉ်များတွင် ကြွေနွေးပျက်ခြင်း မရှိဘဲ ကောလိပ်မှ ဆယ်ကျော်သက်များအား ရောဂါ အကြောင်း ပြောဆိုပြီး သူ၏ ခံစားချက်များအကြောင်း မေးခွန်းများကို ဖြေကြားသော အစီအစဉ်များ လုပ်ကြ ပါ၏။

အမေရိကန် တင်းနစ်အကျော်အမော် 'အာသာ အက်စ်ရှ်'ကမူ ရောဂါဆိုးကို ကောင်းစွာ ကြံ့ကြံ့ခံနိုင် ခဲ့သည်။ သူက ဗိုင်းရပ်စ်ပိုးကို ခွဲစိတ်ကုသမှု ခံယူနေ စဉ် သွေးသွင်းရာမှ ရရှိခဲ့ပြီး ထိုအကြောင်းကို သူ၏ သမီးငယ်အား ရှင်းလင်းပြောဆိုခဲ့သည်။ ထို့ကြောင့် သူမက ရှုစမ်းသော အတန်းဖော်များ၏ မေးခွန်းများ အတွက် ပြင်ဆင်နိုင်ခဲ့လေသည်။

အေအိုင်ဒီအက်စ်ရောဂါကို ခံစားနေကြရသူများ ကိုလည်း ပို၍ အသက်ရှည်ရှည် နေနိုင်စေရန်၊ သေဆုံး သည့်အခါလည်း သိက္ခာရှိရှိဖြစ်အောင် ကူညီရန်၊ သနား ကြင်နာမှု၊ မေတ္တာတရားတို့ဖြင့် လွှမ်းခြုံထားကြရန် လိုအပ်ပါသည်။ သူတို့ကို ဝိုင်းပယ်ထားခြင်းက ကြင် နာမှုမရှိရာ ရောက်ပါမည်။ သူတို့၏ တာဝန်မဲ့မှုကြောင့် အိပ်ချ်အိုင်ဗီပိုး စွဲကပ်ခံရသည်ဆိုလျှင်တောင် ပြစ်တင် ဝေဖန်ရန် မလိုအပ်ပါ။





ယနေ့ ကမ္ဘာသည် တစ်နည်းမဟုတ် တစ်နည်း အေအိုင်ဒီအက်စ်ရောဂါ၏ ဝိုင်းရံထားခြင်းကို ခံနေကြ ရသည်။ ကျွန်တော်တို့၏ မိတ်ဆွေများနှင့် မိတ်ဆွေများ၏ မိတ်ဆွေများမှာ အိပ်ချ်အိုင်ဗွီပိုး စွဲကပ်နေရခြင်းသော် လည်းကောင်း၊ အေအိုင်ဒီအက်စ်ရောဂါနှင့် သေဆုံး ခါနီးသော်လည်းကောင်း၊ သေဆုံးပြီးသော်လည်းကောင်း ဖြစ်နိုင်ပါသည်။ ထိုအခါ ကျွန်တော်တို့ အမြဲတစေ မေးရမည့်ကိစ္စမှာ 'ငါ ဘာကူညီနိုင်မလဲ" ဟူ၍ ဖြစ်၏။ သူတို့က သင်၏ ဆုတောင်းမေတ္တာပို့သမှု၊ သင်၏ အဖော်ရမှု၊ သင်၏ နားလည်မှု၊ သင်၏ ကြိုတင်ကာ ကွယ်မှု သို့မဟုတ် ရောဂါအကြောင်း အများသိစေရန် သင်၏ အားထုတ်မှုတို့ကို လိုအပ်ကြပေလိမ့်မည်။

အေအိုင်ဒီအက်စ်ရောဂါကို တိုက်ဖျက်ရန်မှာ သူတိုင်း၏ တာဝန်ဖြစ်ပါသည်။ "လစ်ဇ်တေလာ" နှင့် သူမ၏ မိတ်ဆွေများအပေါ် လွှဲမထားပါနှင့်။

❐



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

## ဘဝတက္ကသိုလ် ကျောင်းသားများ

မလေးရှားနိုင်ငံ၊ ပီနန်ကျွန်းမှ သူဌေးကြီး လိုဘွန်စွီးသည် စာတစ်လုံးမှ မတတ်သူဖြစ်ပါ၏။ သူသည် စာသင်ကျောင်း၊ အတန်းကျောင်းများတွင် နေဖူးခြင်း လုံးဝမရှိပါ။ လိုဘွန်စွီးသည် သူ့အသက် ၂၀ အထိ အားဝပ်ရှော့တစ်ခုတွင် ရေဆေး၊ ဆီထိုးလုပ်ရပါ၏။ သို့သော် စာလုံးဝမတတ်သော၊ အတန်းကျောင်း၊ အတန်းဆရာ မသင်ဖူးသော လိုဘွန်စွီးသည် သူ့အသက် ၅၀ တွင် ထားစရာမရှိအောင် ချမ်းသာခဲ့ပါ၏။

လိုဘွန်စွီးသည် တက္ကသိုလ်ကြီးများက သင်ကြားပေးနိုင်သော ငွေမည်သို့မည်ပုံ ရှာရမည်ဟူသော



www.burmeseclassic.com

www.burmeseclassic.com



အတတ်ပညာကို သူသည် မလေးရှားနိုင်ငံ၊ ပီနန်ကျွန်း ဂျော့တောင်းမြို့လယ်မှ လမ်းကြိုလမ်းကြားများတွင် သင်ယူခွင့် ရရှိခဲ့၏။

## စာမတတ်သည့် သူဌေးကြီး

ပီနန်ကျွန်းတွင် သူဌေးကြီးလို ဘွန်စွီးပိုင် ဟိုတယ်ကြီးများလည်း ရှိ၏။ ဘဏ်တိုက်ကြီးများ၊ ကုန်တိုက်ကြီးများ၊ အရောင်းဌာနများလည်း ရှိ၏။ သူသည် ဟွန်ဒါကုမ္ပဏီ၏ အရောင်းကိုယ်စားလှယ်လည်းဖြစ်ကာ သူ၏ သူဌေးကြီး ဖြစ်မြောက်ရေး ဇာတ်လမ်းကို ဟွန်ဒါကုမ္ပဏီမှပင် စတင်ခဲ့ခြင်း ဖြစ်ပါ၏။ လိုဘွန်းစွီးသည် ပီနန်ကျွန်းပေါ်တွင် ပြေးဆွဲနေသော မော်တော်ကားလိုင်းအချို့ကိုလည်း ပိုင်ဆိုင်ကာ သူသည် အဓိကအားဖြင့် မြေသူဌေးကြီးဖြစ်၏။ လိုဘွန်စွီးသည် မြေယာအမြောက်အမြားကို ပိုင်ဆိုင်ကာ အရှေ့တောင်အာရှတွင် မကြာမီ နာမည်ကြီးလာတော့မည် လန်ကာဝီကျွန်းတွင် သူဌေးကြီး လိုဘွန်စွီးပိုင် မြေအမြောက်အမြား ရှိပါသည်။

သူဌေးကြီးသည် စာလုံးဝ မတတ်သဖြင့် သူ၏ လုပ်ငန်းအားလုံးအတွက် သဘောတူမှုများ၊ အရောင်းအဝယ်စာချုပ်များကို သူသည် လက်ဗွေနှိပ်၍သာ ဆောင်ရွက်ခဲ့ရသူ ဖြစ်ပါ၏။





ဟင်နရီဖို့ဒ်ဟူသော အမည်ကို စာဖတ်သူသည် ကြားဖူးမည်ဖြစ်ပါ၏။ သူသည် ကမ္ဘာကျော်သူဌေးကြီး ဖြစ်ပါ၏။

သူသည် ဖို့ဒ်မော်တော်ကား အလုပ်ရုံကြီးကို တည်ထောင်ခဲ့သူဖြစ်၏။ သူ၏ ကမ္ဘာကျော် ဖို့ဒ်စက်ရုံကြီးမှ ထုတ်လုပ်သောကားကို သင်သည် စီးဖူးမည်ဖြစ်ပါသည်။ ကမ္ဘာကျော် ဖို့ဒ်ကား စက်ရုံကြီးကို တည်ထောင်သူ သူဌေးကြီး မစ္စတာဟင်နရီဖို့ဒ်သည် ကျောင်းသင်ပညာကို ဆဋ္ဌမတန်းအထိသာ သင်ခဲ့ရဖူး၏။ သူသည် ဆဋ္ဌမတန်းအထိ ပညာသင်ကြားပြီး စာသင်ကျောင်းမှ ထွက်လျှင်ထွက်ချင်း သူသည် သံမဏိစက်ရုံတစ်ရုံတွင် နေ့စားဝင်ရောက် လုပ်ကိုင်ရ၏။ ထိုစဉ်က သူ၏ အသက်အရွယ်မှာ အလွန်ငယ်လှသည်။ အသက်ငယ်ငယ် နေ့စားသမား အလုပ်သမားအဖြစ် ဖို့ဒ်သည် ပင်ပန်းဆင်းရဲစွာဖြင့် ဘဝတက္ကသိုလ်ထဲသို့ ရောက်လာရသူဖြစ်၏။

ဘဝတက္ကသိုလ်ဆိုသည်မှာ စာသင်ကျောင်းများလို၊ တက္ကသိုလ်ကောလိပ်များလို ဆင်တူအင်္ကျီ၊ လည်စည်း၊ ရှူးဖိနပ်တို့ဖြင့် စာအုပ်လေးများကို ချိုင်းကြားညှပ်ကာ စာသင်ခန်းများတွင် ဗဟုသုတ အတွေ့အကြုံကို အလွယ်တကူ သင်ကြားရသည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



## ဘဝသင်တန်းကျောင်း

ဖို့ဒ်၏ ဘဝသင်တန်းကျောင်းကား သံမဏိစက်ရုံကြီးဖြစ်သည်။ သံတုံးကြီးများ အရည်ပျော်လောက်သည့် အပူရှိန်၊ အန္တရာယ်မကင်းသော အလုပ်ခွင်နှင့် မိမိထက် အင်အားကြီးမားသော အလုပ်သမားတို့၏ အကြားတွင် ဖို့ဒ်သည် မိမိဘဝလမ်းကို မိမိ ကျောင်းခဲ့ရ၏။

ဖို့ဒ်၏ဘဝတွင် ဆင်းရဲမွဲတေမှုရော၊ အသိဉာဏ်ပညာ နည်းပါးမှုပါ ရှိနေ၏။ သို့သော် ဖို့ဒ်သည် ဘာမဆို ရင်ဆိုင်ရဲသည်ဟူသော သတ္တိနှင့် လေ့လာစူးစမ်းလိုသည့် စိတ်တို့က သူ၏ အသိဉာဏ်ကို ပို၍အားကောင်းစေခဲ့၏။

ဖို့ဒ်သည် ကိုယ်ပိုင်ပညာစွမ်းအင်ကို ပိုင်ဆိုင်သူတစ်ဦးဖြစ်၏။ မိမိ မသိ မတတ်သည်များကို နေ့စဉ်ဘဝမှ သင်ယူ၏။ ဖို့ဒ်သည် အရာရာကို ကျေနပ်နှစ်သိမ့်တတ်သော ဝါသနာမရှိဘဲ စူးစမ်းလေ့လာမှုအားကို ထပ်ကာထပ်ကာ အသုံးပြုခဲ့သူတစ်ဦး ဖြစ်သည်။

ဖို့ဒ်သည် ငယ်စဉ်ကပင် ဘဝရည်မှန်းချက်ရှိသူဖြစ်သည်။ ထို့ကြောင့်လည်း သူသည် သံမဏိစက်ရုံတွင် ဘဝအတွေ့အကြုံ အတော်အတန် ရလာလျှင် ထိုစက်ရုံမှ ထွက်ပစ်လိုက်ပြီး မော်တော်ယာဉ် စက်ပြင်ပညာကို စတင်လိုက်စားခဲ့၏။ မော်တော်ကား တစ်စင်း





တစ်နေရာမှ တစ်နေရာ မည်သို့မည်ပုံ ရွေ့လျားသွားသည်ကို ဖို့ဒ်သည် အပ်ချမတ်ချ လေ့လာခဲ့သည်။ မော်တော်ကား အင်ဂျင်၏သဘော၊ စက်စွမ်းအင်၏ သဘာဝများကို ဖို့ဒ်သည် အချိန်ပြည့် လေ့လာခဲ့၏။ လေ့လာရရှိသော အတွေ့အကြုံများကို လက်တွေ့ထပ်မံစမ်းသပ်ကာ အသစ်အသစ်သော အတွေ့အကြုံများကို ဘဝနယ်ပယ် လက်တွေ့နယ်ပယ်၌ ဆည်းပူးသောအခါ ဖို့ဒ်သည် မော်တော်ကား စက်အင်ဂျင်နှင့် မော်တော်ကားအကြောင်းကို ဘယ်စက်မှုတက္ကသိုလ်ကမှ ဘွဲ့အပ်နှင်းခြင်း မခံရဘဲ မော်တော်ကားအကြောင်း ကောင်းကောင်းသိသူ လူတစ်ယောက် ဖြစ်လာခဲ့၏။

## မော်တော်ကားအကြောင်း အကုန်သိ

သူသည် မော်တော်ယာဉ် အင်ဂျင်နီယာပညာကို မိမိ၏ လက်တွေ့ဘဝမှ တတ်သိကျွမ်းကျင်ကာ ပညာရှင်တစ်ဦး ဖြစ်လာခဲ့၏။ ဘယ်တက္ကသိုလ်၊ ဘယ်စက်မှုအတတ်သင်ကျောင်းကိုမှ မရောက်ဖူးဘဲ ဖို့ဒ်သည် မော်တော်ယာဉ်လုပ်ငန်းတွင် ဘုရင်တစ်ဆူ ဖြစ်လာခဲ့၏။ မော်တော်ကားဆိုပါက အူမချေးခါးမကျန် သိရှိကာ သူသည် နာမည်ကျော် တက္ကသိုလ်မျိုးစုံမှ ဒေါက်တာဘွဲ့ထူး၊ ဂုဏ်ထူးရသူများနှင့် စက်မှုဆိုင်ရာ ပါမောက္ခကြီးများကို ကျော်တက်ကာ မော်တော်ယာဉ်လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



ပညာတွင် ဟင်နရီဖို့ဒ်သည် အာဇာနည်သူရဲကောင်း ဖြစ်ခဲ့၏။ စက်မှုသမိုင်း၊ မော်တော်ယာဉ်သမိုင်းတွင် ဖို့ဒ်ဆိုသော အမည်ကို ချန်၍မရလောက်အောင်ပင် ဖို့ဒ်သည် အာဇာနည်သူရဲကောင်း ဖြစ်ခဲ့၏။ စက်မှုသမိုင်း၊ မော်တော်ယာဉ်ဖြစ်စဉ်၊ လူ့သမိုင်းတွင် ဖို့ဒ်ဆိုသော အမည်ကို ချန်၍မရလောက်အောင်ပင် ဖို့ဒ်သည် ကြီးကျယ်သူ လူတစ်ဦး ဖြစ်ခဲ့ပါ၏။

ဖို့ဒ်သည် မည်မျှကြီးကျယ်ခဲ့ပါသနည်း။

ဤကမ္ဘာပေါ်၌ လူသန်းပေါင် များစွာကို ဖို့ဒ်က အလုပ်ပေးနိုင်ခဲ့၏။ ဖို့ဒ် တွေ့ရှိခဲ့သော မော်တော်ယာဉ်ဆိုင်ရာ ပညာရပ်များနှင့် နည်းပညာ အတတ်ပညာများ စွာကို ကမ္ဘာကျော် စက်မှုအင်ဂျင်နီယာဆိုင်ရာ တက္ကသိုလ်ကြီးများမှ ပါမောက္ခကြီးများ လာရောက်လေ့လာ သင်ကြားကာ ဖို့ဒ်၏ မော်တော်ကား ပညာရပ်များကို သူတို့ စာသင်ကြားရာ တက္ကသိုလ်များသို့ ယူဆောင်သွားခဲ့ကြပါ၏။

ပညာနှင့် အသိပညာများကို စူးစမ်းရှာဖွေ တွေ့ရှိသူများသည် တက္ကသိုလ်ကောလိပ်ကျောင်းထွက်များ မဟုတ်ကြပါ။ သူတို့၏ အသိဉာဏ်၊ သူတို့၏ ပညာသည် တက္ကသိုလ်နှင့် ကောလိပ်များ မပေါ်မီကပင် ဆည်းပူးတွေ့ရှိခဲ့သည်များ ဖြစ်ပါ၏။ တက္ကသိုလ်၊ ကောလိပ်တို့သည် ပညာရပ်အသွယ်သွယ်ကို မူလအစ





ဖော်ထုတ်ရာ နေရာများမဟုတ်ဘဲ ဖို့ဒ်ကဲ့သို့သော ပုဂ္ဂိုလ်များက ဘဝနယ်ပယ် သဘာဝနယ်ပယ်၌ ဆည်းပူးလေ့လာ တွေ့ရှိသော ပညာရပ်များကို တက္ကသိုလ်နှင့် ကောလိပ်ကျောင်းများသို့ လက်ဆင့်ကမ်း လွှဲပေးပြီးမှ ကောလိပ်ကျောင်းကြီးများတွင် ထိုပညာရပ်များကို သင်ကြားကြခြင်းဖြစ်သည်ကို ကျွန်တော်တို့ ထင်ရှားစွာ သဘောပေါက်ကြရမည် ဖြစ်ပါ၏။

## အဆန်ချောင်သော အယ်ဒီဆင်

ကျွန်တော် လေးစား ဆည်းကပ်သော မဟာသော တော်စ်အဲလ်ဗာအယ်ဒီဆင် အကြောင်းကိုလည်း လေ့လာကြပါစို့။ အယ်ဒီဆင်သည် စာသင်ခန်းထဲတွင် သင်ကြားမှုကို စိတ်မဝင်စားဘဲ ငေးတိငေးကြောင် နေတတ်သောကြောင့် ကျောင်းအုပ်ဆရာကြီးက (This boy can not be educated) ဤကလေးသည် စာသင်ကြား၍ မရနိုင်ဟု မှတ်ချက်ချကာ အိမ်သို့ပြန်လွှတ်ခဲ့ပါ၏။ အယ်ဒီဆင်၏ ဦးနှောက်သည် အဆန်ချောင်နေသည်ဟုလည်း ပြောကြရာ အမျိုးသမီး တစ်ဦးသည် အချစ်များစွာ၊ မေတ္တာများစွာဖြင့် ထိုကလေးအား ကျောင်းမှ တစ်ခါတည်း ထုတ်ယူ၍ မိမိရင်ခွင်၌ ထားရှိ ပညာသင်ကြားခဲ့၏။ ကျောင်းက စာသင်မပေးနိုင်ပေမယ့် ကျောင်းမှာ သင်တဲ့ပညာထက် ပိုမိုထက်



www.burmeseclassic.com

www.burmeseclassic.com



မြင်ကတဲ့ ပညာတွေ၊ ဒီကလေး၏ ဦးနှောက်ထဲက ထွက်လာရစေမယ်ဟု ထိုအမျိုးသမီးက ကြွေးကြော်က အယ်ဒီဆင်အား အရေးအဖတ် အတွက် အပြောအဆို တို့ကိုသာမက ထိုကလေးအတွက် မကုန်နိုင်၊ မခန်းနိုင်သော စွမ်းအင်များကိုလည်း ပေးခဲ့၏။ ထို့အပြင် ထိုကလေးသည် အဆန်ချောင်လေးဟု အပြောအဆို ခံရသည့်ဘဝမှ လျှပ်စစ်မီးလုံးကို တီထွင်အောင်မြင်သည် အထိ သတ္တိအားမာန်များကို နောက်ပိုင်းမှ ပံ့ပိုးပေးခဲ့၏။

ထိုကဲ့သို့ အယ်ဒီဆင်၏ နောက်မှ သင်ကြားကူညီ အားဖြည့်ပေးနေခဲ့သော အမျိုးသမီးကြီးသည် မည်သူဟု ထင်ပါသလဲ၊ သူကား အခြားမဟုတ်။ အယ်ဒီဆင် အပေါ် မကုန်နိုင်၊ မခန်းနိုင် မေတ္တာအသချော်ဖြင့် ချစ်ခဲ့သူ အယ်ဒီဆင်၏ ချစ်လှစွာသော မိခင်ကြီးပင်ဖြစ်ပါ၏။

အယ်ဒီဆင်သည် ဆူးကြားက ဖူးခါးပင်ဖြစ်ပါ၏။

အယ်ဒီဆင်ကို ၁၈၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် မီလန်မြို့တွင် မွေးဖွားခဲ့သည်။ ထို့နောက် သူတို့မိသားစုသည် ပို့ဟူရန်မြို့သို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ သူ့အမေသည် ကျောင်းဆရာမတစ်ဦး ဖြစ်၍ မိခင်ကြီးက သူ့အား ကိုယ်တိုင်စာသင်ပေးခဲ့၏။ အယ်ဒီဆင်သည် ၁၂ နှစ်သား အရွယ်တွင် ဒေးထရိုက်နှင့်





ပို့ဟူရွန် မြို့နှစ်မြို့အကြား ပြေးဆွဲနေသော မီးရထားကို အသုံးပြုကာ ကုန်စိမ်းရောင်းချရင်း အယ်ဒီဆင်သည် ဒေးထရိုက်မြို့ရှိ ကလျာဏယုဝအသင်း စာကြည့်တိုက်မှ စာအုပ်များကို ငှားရမ်းဖတ်ရှုကာ ပညာရှာခဲ့၏။ ထို့အပြင် ဒေးထရိုက် လွတ်လပ်ရေး သတင်းစာ ကိုယ်စားလှယ်အဖြစ် ရယူကာ သတင်းစာ ရောင်းသည့် အလုပ်ကို လုပ်ခဲ့သည်သာမက သူသည် အသက် ၁၅ နှစ်အရွယ် တွင် ရထားပေါ်၌ ရေ့ဆောင် အပတ်စဉ် သတင်းစာကို ကိုယ်တိုင်ထုတ်ဝေခဲ့၏။

### ကမ္ဘာမြေကြီးကို အလင်းရောင်ပေးသူ

ထို့နောက် အယ်ဒီဆင်သည် ကြေးနန်းရိုက်သည့် အတတ်ကို သင်ယူခဲ့ပြီး အသက် ၁၆ နှစ်အရွယ်တွင် ကြေးနန်း အော်ပရေတာ ဖြစ်လာခဲ့သည်။ အယ်ဒီဆင် သည် အသက် ၂၂ နှစ်သို့ ရောက်သောအခါ ငွေ တစ်ဒေါ်လာဖြင့် နယူးယောက်မြို့သို့ ထွက်ခွာလာခဲ့ပြီး နယူးယောက်မြို့၌ အားကောင်းသော ကြေးနန်းပို့စက် တစ်ခုကို တီထွင်ခဲ့၏။ ထို့နောက် အယ်ဒီဆင်သည် သူ့ဘဝ သက်တမ်းတွင် တီထွင်မှုပေါင်း ၂၅၀၀ ကို ချွင် ပြုလုပ်ကာ လျှပ်စစ်ခေတ်ကို ဖန်တီးခဲ့ပါ၏။ အယ်ဒီဆင် နယူးယောက်မြို့သို့ ရောက်လာသောညက



www.burmeseclassic.com

www.burmeseclassic.com



နယူးယောက်မြို့သည် မှောင်နှင့်မဲမဲ ဖြစ်နေ၏။ အယ်ဒီဆင် နယူးယောက်မြို့သို့ ရောက်ရှိပြီးနောက် သူသည် လျှပ်စစ်မီးကို တီထွင်ကာ ကမ္ဘာကြီးအား လျှပ်စစ်အလင်းရောင် ပေးခဲ့ပါ၏။

## ရုပ်ရှင်လောက၏ ဖခင်ကြီး

အယ်ဒီဆင်သည် သူ၏ အောင်မြင်မှုကို တင်းတိမ်မနေဘဲ ဆက်ကာဆက်ကာ ကြိုးစား၏။ မနားမနေ ကြိုးစား၏။ အလုပ်တစ်ခုကို မအောင်မြင်မချင်း မအိပ်မနေ ကြိုးပမ်းတတ်ရာ သူသည် စကားပြောဓာတ်စက် Gramophone ကို စတင်တီထွင်ခဲ့ပြန်သည်။ သူ၏ အသံကို ဖမ်းထားပြီး ပြန်ဖွင့်ပြနိုင်သော သူ၏ ဓာတ်စက်ကို ထိုခေတ် ထိုအခါက လူသားတို့သည် မယုံကြည်နိုင်လောက်ပင် ရှိခဲ့၏။ အယ်ဒီဆင်သည် သာမညလူ မဟုတ်။ အမေ၏သားပင် ဖြစ်ပေရာ သူသည် ရုပ်ရှင်ပြစက်ကိုလည်း တီထွင်ခဲ့ပြန်၏။ သူသည် ပိတ်ကားပေါ်တွင် လှုပ်ရှားနေသော အရုပ်များကို ပြသရာ ထိုလှုပ်ရှားမှုကို မြင်တွေ့ရသောသူများသည် ပါးစပ်အဟောင်းသားဖြင့် ကမ္ဘာကြီးတော့ ဇောက်ထိုးမိုးမျှော် ဖြစ်ချေပြီဟုဆိုကာ မြင်သူတိုင်းက မိမိတို့မျက်စိကို မယုံနိုင်လောက်အောင် ဖြစ်ခဲ့ရ၏။





အလာစကာမြို့မှ ကုန်သည်ကြီးတစ်ဦးသည် နယူးယောက်မြို့သို့ ရောက်လာပြီး အယ်ဒီဆင် တီထွင်ထားသော ရုပ်ရှင်ကိုကြည့်၍ အလစကာရှိ သူ့ရွာသို့ ပြန်ရောက်သောအခါ သူ နယူးယောက်မြို့တွင် မြင်တွေ့ခဲ့ရသည့် အယ်ဒီဆင်၏ ရုပ်ရှင်အကြောင်းကို ပြန်ပြောရာ ရွာသူရွာသားများနှင့် သူ့ဆွေမျိုးများက ထိုလူအား စိတ္တဇဖြစ်လေပြီဟုဆိုကာ ဆရာဝန်ထံ ခေါ်သွားပြီး စိတ်မှန်မမှန် စမ်းသပ်ခဲ့ကြပါ၏။

အယ်ဒီဆင်သည် မိမိ၏ အသိဉာဏ်ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ကာ သဘာဝလောကကြီးထဲမှ လျှို့ဝှက်ချက်များကို ဖော်ထုတ်၍ တီထွင်မှုများကို ပြုလုပ်ခဲ့၏။ ထိုလျှို့ဝှက်ချက်သည် သိပ္ပံပညာရပ်များကို အယ်ဒီဆင်သည် မိမိ၏ ထိုးထွင်းစဉ်းစား ဉာဏ်နှင့် လက်တွေ့သုတေသန လုပ်ငန်းတို့ ပေါင်းစပ်ကာ ဖော်ထုတ်ခဲ့ပြီး ပညာရှင်တစ်ဦးအဖြစ်ကို ရယူခဲ့၏။

အယ်ဒီဆင်သည် မိမိကိုယ်ပိုင် လေ့လာဆည်းပူးမှုဖြင့် လျှို့ဝှက်သော ပညာရပ်များကို ဖော်ထုတ်ပေးခဲ့၏။ အာလစကာမှ ရွာသားများ ထင်သကဲ့သို့ မဖြစ်နိုင်ဟုထင်သော ထင်မြင်ယူဆချက်များကို အယ်ဒီဆင်သည် ဖြစ်နိုင်ကြောင်း ထုတ်ဖော်ပြသခဲ့၏။

ခလုတ်နှိပ်လိုက်ရုံဖြင့် ညအမှောင်ကို နေ့အသွင်ဖြစ်အောင် တီထွင်ကြံဆခဲ့သော လူသားသည် အယ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ဆင်ပင်ဖြစ်ပါ၏။ စာသင်ကျောင်းက စာသင်ကြား၍ တတ်နိုင်စရာ အကြောင်းမရှိဟု ကင်ပွန်းတပ်ခဲ့သော လူငယ်လေး တီထွင်ခဲ့သော မီးသီးအတွက် မီးခိုးမထွက်သော မှိုင်းမရှိသော ထာဝစဉ် မငြိမ်းတော့သည့် လျှပ်စစ် အလင်းရောင်ကို လူသားတို့ ရရှိခဲ့ပါ၏။

ထိုတီထွင်မှု၏ အကျိုးတရား ယခုအခါ သန်းပေါင်းများစွာသော လူသားတို့သည် နေ့စဉ်ခံစားနေကြပြီး ထိုလျှပ်စစ်မီးရောင် မရရှိတော့လျှင်ပင် လူသားကမ္ဘာသည် ချို့ယွင်းပျက်ကွက်မှု တစ်စုံတစ်ရာ ရှိနေရပြီဟု ထင်မှတ်လာမည် ဖြစ်ပါ၏။

စာသင်ကျောင်းမှ မလိုလား၍ ထုတ်ပစ်ခဲ့သော ကလေးတစ်ဦး၏ တီထွင်မှုကား အံ့ဖွယ်သူရဲပါပေ တည်း။

ထိုလူငယ်လေးသည် ပညာတတ်တစ်ယောက် ပါလား။

သူသည် ဧကန်မုချ ပညာတတ်တစ်ဦး ဖြစ်ပါ၏။

သူသည် ပညာတတ်တစ်ဦးသာမက ပညာရှင်ကြီးတစ်ဦးလည်း ဖြစ်ပါ၏။ ပညာရှင်ကြီး တစ်ဦးသာမက အယ်ဒီဆင်သည် သုခမိန်ကြီးတစ်ဦးလည်း ဖြစ်ပါ၏။

ယနေ့ သီးပွင့်နေသော သိပ္ပံပညာရပ်များ၏ ဘိုးအေကြီးသည် အယ်ဒီဆင်ပင် ဖြစ်သည်။ ယနေ့



ကျွန်တော်တို့ အသုံးပြုနေသော အသံလွှင့်စက်၊ ရုပ်မြင်သံကြား၊ အသံချဲ့စက်၊ ဂဏန်းပေါင်းစက် စသည်တို့သည် အယ်ဒီဆင်ဆိုသော ကျောင်းထုတ်ခံခဲ့ရသော ကလေးငယ်တစ်ဦး မရှိခဲ့ပါလျှင် ယနေ့ ကျွန်တော်တို့၏ ဧည့်ခန်းများတွင် ထိုအရာများ ရှိချင်မှ ရှိဦးမည်ဖြစ်ပါ၏။

## လျှို့ဝှက်ချက်ကို ဖော်ထုတ်သည့် ပုရောဟိတ်ကြီး

အယ်ဒီဆင်ဆိုတာ ဘာလဲ?။

သူသည် လွန်ခဲ့သော နှစ်ပေါင်း ကုဋေကုဋာက ရှိခဲ့သည့် သဘာဝနိယာမတရားများကို လူသားတို့အတွက် ဖော်ထုတ်ပေးခဲ့သည့် ပုရောဟိတ် မဟာပညာရှင်ကြီး ဖြစ်ပါ၏။

အယ်ဒီဆင်၏ တီထွင်မှုများ တွေ့ရှိချက်များ နှင့် သုတေသနပြုမှုများကို အဆင့်မြင့် တက္ကသိုလ်နှင့် ကောလိပ်များတွင် ကျောင်းသင်ခန်းစာအဖြစ် ယနေ့ သင်ကြားလျက်ရှိကြ၏။ ပါမောက္ခကြီးများသည် အယ်ဒီဆင်၏ အသံနှင့် သံလိုက်၏ သဘောတရားကို တက္ကသိုလ် စာသင်ခန်းမကြီးအတွင်းရှိ ကြီးကျယ်သော၊ ခမ်းနားသော စာသင်ခန်းကြီးအတွင်းဝယ် တပည့်များအား သင်ကြားပေးလျက် ရှိပါ၏။ ထိုသင်ကြားချက်များကို တပည့်တို့



www.burmeseclassic.com

www.burmeseclassic.com



တတ်မတတ်၊ စာမေးပွဲများ ပြုလုပ်စမ်းသပ်ကာ သိပ္ပံဘွဲ့ မဟာသိပ္ပံဘွဲ့၊ ဒေါက်တာဘွဲ့နှင့် ပရောဟိတ် ဂုရုဘွဲ့ ကြီးများကို ပေးအပ်လျက်ရှိပါသည်။

ယနေ့ကာလသည် လေယာဉ်ကြီးစီးသောခေတ် ဖြစ်သည်။

တကယ်တော့ လေယာဉ်တီထွင်သူရိုက်ညီအစ်ကို လူငယ်နှစ်ဦးသည် လေယာဉ်ပျံနှင့် သက်ဆိုင်သော အတတ်ပညာသင်ကျောင်းများကို တက်ရောက်သင်ကြား ခဲ့ဖူးခြင်းမရှိ။ ထိုမျှသာမက ယင်းတို့သည် အဆင့်မြင့် တက္ကသိုလ် ကောလိပ်တစ်ခုခုတွင်လည်း ပညာမသင် ကြားခဲ့ဖူးဘဲ ဘဝအတွေ့အကြုံ ကိုယ်တိုင်ဆည်းပူး စမ်းသပ်လေ့လာမှုတို့ဖြင့် လေယာဉ်ပျံကို တီထွင်နိုင် ခြင်းဖြစ်၏။ လေထု အာကာသဟင်းလင်းပြင်ထဲ လူများနှင့် ကုန်ပစ္စည်းများကို သယ်ဆောင်ပျံသန်းနိုင်မည့် ထုထည်ကြီးမားသော သတ္တုပစ္စည်းများ ဆက်စပ်ပြုလုပ် မည်ဟုဆိုသော စိတ်ကူးကို လူသားတို့သည် ယခင်က အစအနပင် မကြံစည်ခဲ့ဘူးပေ။ လူတို့သည် ငှက်လိုတော ပျံသန်းလို ကြ၏။ သို့သော် ၇၄၇ လေယာဉ်ပျံကြီး တစ်စီး ကောင်းကင်၌ ပျံသန်းဖို့ဆိုသော အတွေးကိုကား မည်သူမျှ စဉ်းစားခြင်း မရှိခဲ့။

သို့သော် အမေရိကန် ပြည်ထောင်စုမှ ရိုက်ညီ ဆွီးအစ်ကို နှစ်ယောက်သည် ထိုအကြောင်းကို အလေး





နက် စဉ်းစားခဲ့၏။ သူတို့၏ စဉ်းစားမှု၊ ထိုစဉ်းစားမှုမှ လက်တွေ့စမ်းသပ်မှု အကောင်အထည်ဖော်မှု ဖြစ်လာ ကာ ကျွန်တော်တို့သည် ဧရာမ လေယာဉ်ကြီးများကို စီးကာ တစ်နေရာမှ တစ်နေရာသို့ သွားနေကြခြင်းဖြစ် ၏။ လိုဘွန်ဆွီး၊ အတ်ဒီဆင်နှင့် ရိုက်ညီနောင်တို့သည် ဘဝတက္ကသိုလ် ကျောင်းသားများသာဖြစ်သည်။ ထို့ ကြောင့် အဆင့်သင့်ပညာ မသင်ကြားရရုံမျှဖြင့် စိတ် မပျက်ပါနှင့် ဘဝတက္ကသိုလ် ကျောင်းသားများလည်း အောင်ပွဲခံနိုင်ပါသည်။

❒



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

# ဇာတ်နိမ့်ပြည်သူတို့၏ ခေါင်းဆောင်

## ဇာတ်နိမ့်ပြည်သူတို့၏ ရှေ့တန်းမှ ဒေါက်တာအမ္ဗေဒကာ

ကမ္ဘာပေါ်တွင် လူမျိုးခွဲခြားမှု၊ အဆင့်အတန်းခွဲခြားမှု၊ ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားမှုတို့ကို ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးရှိ၏။ ထိုပုဂ္ဂိုလ်ကြီးသည် လူဖြူ၊ လူမည်း အဆင့်ခွဲခြားမှုကို သမ္မတကြီးလင်ကွန်းက ပြောင်မြောက်စွာ တိုက်ပွဲဝင်သကဲ့သို့ ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားမှုကို အောင်မြင်စွာ တိုက်ပွဲဝင်ခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်၏။

ထိုပုဂ္ဂိုလ်ကြီးသည် သန်းပေါင်းများစွာသော ဇာတ်နိမ့်ပြည်သူတို့ကို ကိုယ်စားပြုခဲ့သူပုဂ္ဂိုလ်ကြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုပုဂ္ဂိုလ်ကြီးသည် မိမိဘ၀ လွတ်မြောက်သကဲ့သို့ ဘ၀တူ ဇာတ်နိမ့်ပြည်သူများ လွတ်မြောက်ရေးအတွက် ဗုဒ္ဓဘာသာကို အခြေခံ၍ တိုက်ပွဲဝင်ခဲ့သူ ပုဂ္ဂိုလ်ကြီး ဖြစ်ပါ၏။

ထိုပုဂ္ဂိုလ်ကြီးကား အခြားသူမဟုတ်။ အိန္ဒိယနိုင်ငံ၏ ဥပဒေပညာရှင်ကြီးနှင့် စီးပွားရေး ပါရဂူကြီးတစ်ဆူ ဖြစ်ပြီး အိန္ဒိယနိုင်ငံ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့သူတစ်ဦးဖြစ်သော ဒေါက်တာဘာဘာဆဟိအမ္ဗေဒကာ Dr. Babasaheb Ambedkar ပင်ဖြစ်သည်။

ဒေါက်တာအမ္ဗေဒကာသည် အိန္ဒိယတိုက်ငယ်၏ ဖိနှိပ်ခံဇာတ်နိမ့်များ၏ အကြားတွင် နေမင်းကြီးတစ်ဆူအလား ထင်ရှားသူ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်၏။ ဒေါက်တာအမ္ဗေဒကာသည် ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာသို့ ကူးပြောင်းစေရန် အရေအတွက်အများဆုံးကို စုစည်းဆွဲငင်နိုင်ခဲ့သူ ပုဂ္ဂိုလ်ကြီးဖြစ်ပါ၏။

ဒေါက်တာအမ္ဗေဒကာ ကွယ်လွန်သောအခါ စာရေးဆရာတစ်ဦးဖြစ်သူ ဗင်ကပင် "ဒေါက်တာအမ္ဗေဒကာသည် လူလူချင်း ခွဲခြားမှု၊ ခြားနားမှုအတွက် တိုက်ပွဲဝင် ဆောင်ရွက်ရာတွင် သမ္မတကြီး လင်ကွန်းကဲ့သို့ အသက်ပေး ဆောင်ရွက်ခဲ့သူဖြစ်သည်။ သမ္မတကြီး လင်ကွန်းသည် လူသတ်သမား၏ ကျည်ဆန်တစ်တောင့်ဖြင့် အသက်ဆုံးရှုံးခဲ့ရသော်လည်း ဒေါက်တာ





အမ္ဗေဒကာသည် ဖိနှိပ်ခံပြည်သူတို့၏ နလုံးသားဝယ် သေဆုံးခြင်းမရှိသော ထာဝစဉ်ရှင်သန်နေခြင်းဖြင့် မိမိအသက်ကို စွန့်လွှတ်ခဲ့ရသူဖြစ်သည်"ဟု ကြွေးကြော်ခဲ့ပါ၏။

၁၉၅၆ ခုနှစ် ဒေါက်တာအမ္ဗေဒကာ ကွယ်လွန်အနိစ္စရောက်သောအခါ အိန္ဒိယဝန်ကြီးချုပ် မစ္စတာနေရူးက "ဖိနှိပ်ချုပ်ချယ်မှုတို့ကို ခေါင်းငုံ့မခံ တွန်းလှန်ဖြိုချရာတွင် ဒေါက်တာအမ္ဗေဒကာသည် လူ့သမိုင်း၏ နမူနာဖြစ်သည်"ဟု ကြွေကွဲဝမ်းနည်းစွာ ထုတ်ဖော်ပြောကြားခဲ့၏။

ဒေါက်တာအမ္ဗေဒကာသည် ဟိန္ဒူလူမျိုးတစ်ဦးဖြစ်သည်။ သို့သော် သူက Although born a Hindu I would not die a Hindu "ကျုပ်ဟာ ဟိန္ဒူလို မွေးခဲ့ပေမယ့် ဟိန္ဒူလိုမသေဘူး"ဟု ငြင်းဆန်ကြေညာခဲ့သူဖြစ်သည်။ သို့သော် ဒေါက်တာသည် သူ၏ ချစ်လှစွာသောဇနီး၏ ဆေးခတ်သတ်ခြင်းကြောင့် ကွယ်လွန်ခဲ့၏။

ဒေါက်တာအမ္ဗေဒကာသည် အိန္ဒိယနိုင်ငံရှိ သန်းပေါင်းများစွာသော ဇာတ်နိမ့်များထဲမှ တစ်ဦးသာလျှင်ဖြစ်သည်။ ငယ်စဉ်က အလွန်မှ ဆင်းရဲခဲ့၍ စာသင်ခွင့်မရခဲ့။ ဒေါက်တာအမ္ဗေဒကာသည် ဇာတ်မြင့်များ ဆင်သော စာသင်ခန်းများသို့ သွားရောက်ကာ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



သင်ကြားသောစာများကို ခိုး၍နားထောင်ခြင်းဖြင့် စာတတ်လာခဲ့၏။ ဒေါက်တာအမ္ဗေဒကာသည် စာတတ်ရုံမက အလွန်စာတော်သော လူငယ်တစ်ဦးလည်း ဖြစ်လာခဲ့၏။ ထို့ကြောင့် ဒေါက်တာအမ္ဗေဒကာအား ကျောင်းဆရာက စာသင်ခန်းအတွင်းသို့ ဝင်ရောက်နားထောင်စေရာ၊ ဆရာသည် ဇာတ်မြင့်မိဘများ၏ ဝိုင်း၍ရိုက်ခြင်းကို ခံခဲ့ရပါ၏။

အိန္ဒိယနိုင်ငံတွင် ဇာတ်မြင့်ဇာတ်နိမ့် ကွာခြားမှုက အလွန်မှကြီးမား၏။ ဇာတ်မြင့်များသွားရာ ကိုယ်ပိုင်လမ်းများတွင်၊ ဇာတ်နိမ့်များ သွားခွင့်မရှိ။ ဇာတ်နိမ့်များသည် အိန္ဒိယနိုင်ငံ၌ တိရစ္ဆာန်တစ်ကောင်ထက်ပင် နိမ့်ကျစွာနေရ၏။ အိန္ဒိယနိုင်ငံ၌ အချို့သော ရေကန်များတွင် နွားများ သည် ကန်ထဲမှရေကို သောက်သုံးခွင့်ရှိသော်လည်း ဇာတ်နိမ့်များ သောက်သုံးခွင့်မရှိကြ။

ဒေါက်တာအမ္ဗေဒကာသည် ထိုကဲ့သို့ ဇာတ်စနစ်ခွဲခြားမှုကို မနှစ်မြို့၊ မကြိုက်၊ ဤကဲ့သို့ ခွဲခြားမှုကြီးသည်၊ မတရားလုပ်ဆောင်ရာဖြစ်သည်။ ဇာတ်မြင့်ဇာတ်နိမ့်ဟူ၍ ခွဲခြားမှုသည် အဓိပ္ပာယ်ကင်းမဲ့သော အရာဖြစ်၍ ဤစနစ်ကို ပပျောက်အောင်၊ တိုက်ပွဲဝင်မည်ဟု ငယ်စဉ်ကပင် သန္နိဋ္ဌာန်ချကာ ဒေါက်တာအမ္ဗေဒကာသည် စာပေကို ကြိုးစားခဲ့၏။ ဒေါက်တာအမ္ဗေဒကာသည် မူလကပင် ပညာရည် ထက်မြက်သူဖြစ်ရာ





သူ၏ ရည်မှန်းချက်ကို ဘရောက်ဒါ စော်ဘွားကြီးက အားပေး၍ ဘရောက်ဒါ ဒေသသည် ကွန်မြူနစ်ဝါဒ ကွန်းကား၍ ကွန်မြူနစ်တို့သည် လူလူချင်း ဇာတ်ခွဲခြားမှုကို မလိုလားသူများဖြစ်၏။ ဒေါက်တာ အမ္ဗေဒကာအား ဘရောက်ဒါ စော်ဘွားကြီးက ပညာသင် စေလွှတ်ထောက်ပံ့၏။ ဇာတ်နိမ့်တစ်ဦးအဖို့ အိန္ဒိယနိုင်ငံတွင် ပညာသင်ကြားရမှု အခက်အခဲရှိပေရာ ဒေါက်တာအမ္ဗေဒကာသည် ပြည်ပသို့ထွက်၍ ပညာသင်၏။ ဒေါက်တာအမ္ဗေဒကာသည် ဘွဲ့ထူး ဂုဏ်ထူးများစွာရကာ ရှေးဦးစွာ စီးပွားရေးဘာသာရပ်ဖြင့် Ph.D. ဒေါက်တာဘွဲ့ကို ရရှိ၏။ ဒေါက်တာဘွဲ့ရပြီးနောက်၊ ဒေါက်တာ အမ္ဗေဒကာသည် ဥရောပနှင့် အမေရိကတို့၏ ဥပဒေပညာရပ်များကို အပတ်တကုတ် ဆက်လက်ကြိုးစား သင်ကြား၏။ ဥပဒေတွင် ပါရဂူတစ်ဆူ ဖြစ်ခဲ့သော ဒေါက်တာအမ္ဗေဒကာသည် အိန္ဒိယနိုင်ငံ လွတ်လပ်၍ အခြေခံဥပဒေကို ရေးဆွဲရာတွင် အခြေခံဥပဒေမူကြမ်းကို ဒေါက်တာအမ္ဗေဒကာ ကိုယ်တိုင် ရေးဆွဲ၏။ ထို့ကြောင့်လည်း ဒေါက်တာအမ္ဗေဒကာသည် အိန္ဒိယပါလီမန်တွင် ဥပဒေရေးရာနှင့် ပတ်သက်၍ အရေးကြီးပုဂ္ဂိုလ်ကြီးတစ်ဆူ ဖြစ်ခဲ့၏။ တကယ်တော့ အိန္ဒိယနိုင်ငံ၌ အရေးကြီးပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခြင်းသည် ဒေါက်တာအမ္ဗေဒကာ၏ အန္တိမ ရည်မှန်းချက်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ အဓိကရည်မှန်းချက်မှာ ဇာတ်ခွဲခြားမှု တိုက်ဖျက်ရေးဖြစ်၏။ ထို့ကြောင့် ဒေါက်တာ အမ္ဗေဒကာသည် အတောင်အလက် ပြည့်စုံလာသည်နှင့် အိန္ဒိယတိုက်ငယ်တွင် ကာလကြာမြင့်စွာက တည်ရှိနေခဲ့သည့် ဇာတ်ခွဲခြားမှု စနစ်ကြီးကို ဖြိုချရန် စတင်လုပ်ဆောင်တော့၏။

ဒေါက်တာ အမ္ဗေဒကာက ဇာတ်နိမ့်များအတွက် တိုက်ပွဲဝင်ရာတွင် ကိုးကွယ်ဆည်းကပ်ရန် ဘာသာတစ်ရပ် လိုအပ်သည်ဟုဆိုကာ မိမိတို့ ယုံကြည်ဆည်းကပ်ကိုးကွယ်ထိုက်သော ဘာသာတစ်ရပ်ကို ရှာဖွေခဲ့၏။ ခရိယာန်ဘာသာဝင်များနှင့် မူဆလင်ဘာသာဝင်တို့က ဒေါက်တာအမ္ဗေဒကာအား မိမိတို့ဘာသာဖြင့် လမ်းပြခေါ်ဆောင်ခဲ့၏။ ဒေါက်တာအမ္ဗေဒကာသည် ခရိယာန်ဘာသာကိုလည်းကောင်း၊ မူဆလင်ဘာသာကိုလည်းကောင်း လေ့လာခဲ့၏။ ထို့အတူ ဗုဒ္ဓဘာသာကိုလည်း လေ့လာခဲ့၏။ ထိုသို့ လေ့လာရင်း ဒေါက်တာအမ္ဗေဒကာသည် ၁၉၅၀ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ သွားရောက်၍ ဗုဒ္ဓ၏ တရားဓမ္မများကို လေ့လာဆည်းပူးသင်ကြားခဲ့၏။ ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့လည်း လာရောက်၍ ဗုဒ္ဓဘာသာကို လေ့လာခဲ့သည်။

ဒေါက်တာအမ္ဗေဒကာသည် ဗုဒ္ဓဝါဒသည် အိန္ဒိယနိုင်ငံတွင် ပေါက်ဖွားခဲ့သော အိန္ဒိယလူမျိုးတို့၏ ဘာသာတစ်ရပ်ဖြစ်သည်။ ဗုဒ္ဓတရားတော်သည် ဇာတ်ခွဲခြားမှု





အဆင့်အတန်း ခွဲခြားမှုမရှိ။ ဗုဒ္ဓ၏ အဆုံးအမ များသည် လူသားတို့အတွက် လိုက်နာစရာဖြစ်သည်။ ဗုဒ္ဓဘာသာသည် ဇာတ်နိမ့် အိန္ဒိယလူမျိုးတို့အတွက် အားထားနိုင်သော ဘာသာကြီးတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ဒေါက်တာအမ္ဗေဒကာသည် ဗုဒ္ဓဘာသာအား နှိုက်နှိုက်ချွတ်ချွတ် လေ့လာပြီးသည့်နောက် အိန္ဒိယဇာတ်နိမ့်ပြည်သူတစ်ရပ်လုံး ဗုဒ္ဓဘာသာ ဖြစ်ရမည်ဟူ၍ စတင်ကြွေးကြော်ခဲ့ပါ၏။

ဒေါက်တာ အမ္ဗေဒကာသည် တစ်ခုသော အခမ်းအနားကြီး၌ မိန့်ခွန်းပြောကြားရာတွင်

"The religion offered no opportunity for the untouchables to improve their lot for it is base on inequality... on the other hand, Buddhism is based on equality and justice... I would like to see the whole of India become Buddhist" ဟု အတိအလင်း ပြောကြားခဲ့၏။

"မညီမျှမှုတွေအပေါ်မှာ အခြေခံထားတဲ့ ဘာသာတရားဟာ ဇာတ်နိမ့်ပြည်သူများ တိုးတက်ရေးအတွက် ဘာအခွင့်အလမ်းမှ မရှိဘူး။ ဒါပေမယ့် ဗုဒ္ဓဘာသာတရားဟာ မျှတမှုနဲ့ သာတူညီမျှကို အခြေခံတယ်။ အိန္ဒိယ တစ်နိုင်ငံလုံး ဗုဒ္ဓဘာသာ ဖြစ်စေရမယ်"ဟု ထုတ်ဖော်ပြောကြားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအမ္ဗေဒကာ၏ မိန့်ခွန်းများသည် ဇာတ်နိမ့်များအတွက် အားမာန်များကို ဖြစ်စေခဲ့၏။ ဇာတ်နိမ့်များကို စုစုစည်းစည်း ဖြစ်စေခဲ့၏။ ဒေါက်တာအမ္ဗေဒကာသည် မိမိကိုယ်တိုင် လူတန်းစား ခွဲခြားမှုမရှိသော ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ် စတင်ခံယူကာ အိန္ဒိယနိုင်ငံရှိ ဇာတ်နိမ့် သန်းပေါင်းများစွာတို့အားလည်း ဗုဒ္ဓဘာသာသို့ ဝင်ရောက်ရန် စည်းရုံးခဲ့ပါ၏။

ဒေါက်တာအမ္ဗေဒကာသည် ဆဋ္ဌသင်္ဂါယနာတင် အခမ်းအနားသို့ တက်ရောက်လာခဲ့သည်။ ထိုဆဋ္ဌသင်္ဂါယနာတင် အခမ်းအနားကြီးတွင် သာသနာပြုနေသော အိန္ဒိယနိုင်ငံရှိ ရခိုင်အမျိုးသား ကုသိနာရုံ ဆရာတော်ကြီး ဦးစန္ဒာမဏိက "အိန္ဒိယနိုင်ငံတွင် မြတ်စွာဘုရား ပွင့်တော်မူခဲ့သည်။ မြတ်စွာဘုရား ပွင့်တော်မူရာ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓကိုယ်တော်တိုင် တရားဓမ္မ တွေ့ရှိခဲ့သော မဟာဗောဓိပင်သည် မသေမပျောက်သေးပါ။ အရှက်ကွဲရုံသာ ရှိသေးသည်။ ကျုပ်တို့ ရေလောင်းပေးရမယ်။ ရေလောင်းပေးနိုင်မယ်ဆိုရင် မဟာဗောဓိပင်ဟာ အကိုင်းအခက်နဲ့ ရွက်နုတွေဝေလာမှာ အမှန်ဖြစ်ပါတယ်"ဟု ရဲရဲတောက် မိန့်ကြားခဲ့ရာ ယင်းမိန့်ကြားချက်ကို ဒေါက်တာအမ္ဗေဒကာသည် အလွန်မှ နှစ်သက်၍ မြန်မာနိုင်ငံမှအပြန်တွင် ဒေါက်တာအမ္ဗေဒကာက ဆရာတော်ကြီး ဦးစန္ဒာမဏိနှင့် ဆရာတကာ သွားရောက်ပူးပေါင်း





ဆက်တွဲခဲ့၏။

ဒေါက်တာအမ္ဗေဒကာသည် ဆရာတော်ကြီး ဦးစန္ဒာမဏိနှင့် ပူးပေါင်းကာ ဇာတ်နိမ့် အိန္ဒိယလူမျိုးများကို ဗုဒ္ဓဘာသာ ဝင်ရောက်ရေးကို မနားမနေ ကြိုးစားခဲ့ပါ၏။ ဒေါက်တာအမ္ဗေဒကာသည် အိန္ဒိယ ဇာတ်နိမ့်ပြည်သူတို့အား အလင်းရောင်ပြရာ၊ မီးရှူးတစ်ဆောင်ဖြစ်ခဲ့၏။ ဒေါက်တာသည် အိန္ဒိယနိုင်ငံ အဖိနှိပ်ခံပြည်သူတို့၏ ဦးစီးခေါင်းဆောင်တစ်ဦးဖြစ်သည်။ ဒေါက်တာ အမ္ဗေဒကာသည် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီး ဇာတ်နိမ့် အိန္ဒိယလူမျိုး ခြောက်သိန်းကျော်ကို ဗုဒ္ဓဘာသာသို့ဝင်ရန် စုစည်းနိုင်ခဲ့၏။

ဇာတ်နိမ့် အိန္ဒိယအမျိုးသားများသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကြောင်း လျှောက်လွှာများ လက်မှတ်ရေးထိုးကာ ဘာသာကူးပြောင်းမှုများ ပြုလုပ်ကြသည်။ ထိုခေတ်က All India U P Beikhu Sangha Organization ကို ဆရာတော်ကြီး ဦးစန္ဒာမဏိက ဋ္ဌပြုလုပ် ထူထောင်ကာ ဆရာတော်ကြီးထံတွင် ဗ္ဗာယ်ပြု၍ ထောင်ပေါင်းများစွာသော ဇာတ်နိမ့်များသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာခဲ့ကြသည်။ ထိုသို့ ကူးပြောင်းလာသော ဗုဒ္ဓဘာသာဝင်များအတွက် ဒေါက်တာအမ္ဗေဒကာ ဦးဆောင်သောအဖွဲ့က စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် အကူအညီထောက်ပံ့



www.burmeseclassic.com

www.burmeseclassic.com



ကြေးများရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ အိန္ဒိယအစိုးရကလည်း ကူခဲ့ပါ၏။ အိန္ဒိယအစိုးရသည် ဇာတ်မြင့်ထက် ဇာတ်နိမ့်ခွဲခြားမှုစနစ်ကို ထောက်ခံမှုမရှိပါ။

အိန္ဒိယနိုင်ငံ၏ အခြေခံဥပဒေအရ အိန္ဒိယအမျိုးသားတိုင်းသည် လွတ်လပ်စွာ ကိုးကွယ်နိုင်ခွင့်ရှိသည်။ ၁၉၅၆ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့တွင် အိန္ဒိယနိုင်ငံတောင်ပိုင်း နာဂပူမြို့တွင် အိန္ဒိယ အမျိုးသား ခြောက်သိန်းကျော် ဗုဒ္ဓဘာသာသို့ ကူးပြောင်းပွဲ အခမ်းအနားကြီး ပြုလုပ်ခဲ့၏။ ထိုအခမ်းအနားကြီးသည် အိန္ဒိယတစ်နိုင်ငံလုံးကို တုန်လှုပ်ချောက်ခြားစေခဲ့ပါ၏။ အခမ်းအနားကို ဒေါက်တာ အမ္ဗေဒကာသည် ကုသိနာရုံဆရာတော် ဦးစန္ဒာမဏိနှင့် ဆရာတကာ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ယင်းအောင်ပွဲသည် ယနေ့ထက်တိုင်ပွဲတင်သံ မစဲသေးပဲရှိပါ၏။

ကျွန်တော်တို့ ဗာရာဏသီမြို့သို့ ရောက်သောအခါ ဗာရာဏသီ ဆရာတော် ဒေါက်တာဂန္ဓီရဝုဒ္ဓိက "ဒကာကြီး ဒီမြို့မှာ ဇာတ်နိမ့်ငါးသောင်း ဗုဒ္ဓဘာသာကူးပြောင်းပွဲ အခမ်းအနားရှိတယ်၊ တက်ဦးမလား" ဟု မေးပါ၏။ ကျွန်တော်သည် ထိုအခမ်းအနားသို့ တက်ချင်လှပါသော်လည်း သွားမည့်ရက်၊ ပြန်မည့်ရက်နှင့် ရက်ကြပ်နေ၍ အခမ်းအနားသို့ မတက်ရောက်နိုင်ခဲ့ပါ။





အိန္ဒိယနိုင်ငံတွင် ဇာတ်နိမ့်အများအပြားသည် ဗုဒ္ဓဘာသာသို့ ယနေ့တိုင် တသောသော ကူးပြောင်းလျက်ရှိပါ၏။

မြတ်စွာဘုရား ကိုယ်တော်တိုင်သည် ယခုကဲ့သို့သော အိန္ဒိယနိုင်ငံရှိ ဇာတ်နိမ့်လူမျိုးများအတွက် တရားထူး၊ တရားမြတ်များကို ရှာဖွေဖော်ထုတ် ဟောပြောတော်မူခဲ့ခြင်း ဖြစ်ပါ၏။

ဒေါက်တာ အမ္ဗေဒကာ၏ ဇာတ်နိမ့်များ ဗုဒ္ဓဘာသာ ကူးပြောင်းရေး လှုပ်ရှားမှုသည် ဇာတ်မြင့်များအား တုန်လှုပ်ချောက်ခြားစေခဲ့ပါ၏။ ထိခိုက်နစ်နာစေခဲ့ပါ၏။ ဇာတ်နိမ့်ဇာတ်မြင့်ဟူ၍ရှိရာ ဇာတ်နိမ့်သူများ မရှိတော့ပါက ကျန်သူများသည်လည်း ဇာတ်မမြင့်နိုင်တော့ပေ။

ဒေါက်တာအမ္ဗေဒကာ၏ ပထမဇနီးမှာ ဇာတ်နိမ့်အမျိုးသမီးတစ်ဦး ဖြစ်ပါ၏။ သို့သော် ပထမဇနီး ကွယ်လွန်သောအခါ နာကျည်းချက်ပြင်းထန်လှသော ဒေါက်တာအမ္ဗေဒကာသည် ကလဲ့စားချေလိုသောစိတ်ဖြင့် ဇာတ်မြင့်ထဲမှ ပုဏ္ဏားမလေးတစ်ဦးကို လက်ထပ်ယူခဲ့သည်ဟု ကုသိနာရုံဆရာတော် အရှင်ဉာဏိသရက အမိန့်ရှိပါ၏။ ဤအချက်တစ်ချက်သည် ဒေါက်တာအမ္ဗေဒကာအတွက် ကံကြမ္မာအကြောင်းတရား ဆိုးဝါးစေရန် ဖန်တီးမှုတစ်ရပ် ဖြစ်စေခဲ့ပါ၏။

ပထမအကြိမ် ဗုဒ္ဓဘာသာသို့ ဇာတ်နိမ့်ခြောက်



www.burmeseclassic.com

www.burmeseclassic.com



သိန်း ကူးပြောင်းပွဲ အခမ်းအနားကြီးကို အောင်မြင်စွာ ကျင်းပပြီး ဒုတိယအကြိမ် ဇာတ်နိမ့်ခြောက်သန်းကို ဗုဒ္ဓဘာသာသို့ ကူးပြောင်းပေးရန် ဒေါက်တာအမ္ဗေဒကာ တစ်ယောက် မနေမနား နေ့မအား ညမအား ကြိုးပမ်း ဆောင်ရွက်နေချိန်တွင် နောက်ပိုင်းမှ ဇာတ်မြင့်ဆရာ ကြီး၏ ကြိုးကိုင်မှုကို ခံခဲ့ရသော ဒေါက်တာအမ္ဗေဒကာ ၏ ဇနီး ပုဏ္ဏားမလေးသည် အိန္ဒိယသမိုင်းတွင် ထင်ရှားကြီးကျယ်သူတစ်ဦးဖြစ်သော ဇာတ်နိမ့်တစ်မျိုး သားလုံး၏ ပြောင်မြောက်သော ခေါင်းဆောင်လည်း ဖြစ်သော ဒေါက်တာအမ္ဗေဒကာအား အဆိပ်ခတ် သတ်ရာ ဒေါက်တာအမ္ဗေဒကာသည် ၁၉၅၆ ခု၊ ဒီဇင် ဘာလ ၆ ရက်နေ့တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ရပါ၏။ လူသတ်ဝါဒဖြင့် လူကိုသတ်ရုံဖြင့် အယူအဆကို ချိုးနှိမ်၍ ရကောင်းသည်မဟုတ်ပါ။ ဒေါက်တာအမ္ဗေဒကာ ကွယ်လွန်မှပင် ဇာတ်နိမ့်ပြည်သူတို့သည် ပို၍ နိုးကြား လာခဲ့သည်။ ပို၍ စည်းရုံးလာခဲ့သည်။ ဗုဒ္ဓ၏ တရားမှု တသော ကိုယ်လုပ်မှ ကိုယ်ရသော ဇာတ်ခွဲခြားမှုမရှိသော သတ္တဝါအားလုံးကို ကျောသားရင်သား မခွဲခြားသော အယူအဆများကို ဇာတ်နိမ့်တို့ ပိုမိုသိရှိ သဘောပေါက် ကာ ဗုဒ္ဓ၏ အဆုံးအမတွင် ဇာတ်နိမ့် အိန္ဒိယလူမျိုး အများအပြား လာရောက်တည်ရှိခဲ့၏။

အိန္ဒိယနိုင်ငံသို့ ကျွန်တော် ရောက်စဉ် ဒေါက်တာ





အမ္ဗေဒကာအကြောင်းကို ကုသိနာရုံ ဆရာတော် ဦးညာဏိသရနှင့် လည်းကောင်း၊ ဆရာတော်ကြီး ဦးနာယကနှင့် လည်းကောင်း ဆွေးနွေးလျှောက်ထားခဲ့ သည်။ ဆရာတော်ကြီးများ၏ သဘောက ဒေါက်တာ အမ္ဗေအကြောင်းကို အကျယ်တဝင့် အထက်ပါအတိုင်း ပြောကြားခဲ့ပါ၏။ ယခုအခါ ဒေါက်တာအမ္ဗေဒကာ၏ ကြိုးပမ်းချက်သည် အနှစ်လေးဆယ်ကျော်လာသည့်တိုင် ဆုတ်ဆိုင်းရပ်တန့်သွားခြင်း မရှိသေးဘဲ။ ပို၍ပို၍ ပြင်းပြင်းထန်ထန် ရှန်းကန်လှုပ်ရှားလာခဲ့၏။ ကျွန်တော် ကုသိနာရုံ၌ ရှိနေစဉ် အိန္ဒိယဇာတ်နိမ့်ခေါင်းဆောင်များ သည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းရေးအတွက် ကုသိနာရုံ ဆရာတော် ဦးညာဏိသရနှင့် လာရောက်ဆွေးနွေး ကြ၏။ မိမိတို့ လှုပ်ရှားမှု အခြေအနေများကို တင်ပြ လျှောက်ထားကြ၏။ ဇာတ်နိမ့်များ ဗုဒ္ဓဘာသာသို့ ကူးပြောင်းမှုကို ယခုအခါ ဇာတ်မြင့်များသည် မတား ဆီးမဆီးနိုင်ရှိရာ ယင်းတို့က "ဗုဒ္ဓဘာသာသည် ဇာတ်နိမ့် များ ကိုးကွယ်သည့် ဘာသာဖြစ်သည်"ဟု နှိမ့်ချပြော ဆို ဝါဒဖြန့်လာခဲ့ကြပြန်ပါ၏။

ကျွန်တော် ကုသိနာရုံ မြန်မာဘုန်းတော်ကြီး ကျောင်း၌ရှိစဉ် ထိုကျောင်းတွင် ဆရာတော်ကြီး ဦးအင် ဘာ၏ ကမ္ဘဋ္ဌာန်းစခန်းကို ဖွင့်လှစ်ထားသည်ကို တွေ့ရ ၏။ ထိုကမ္ဘဋ္ဌာန်း စခန်းများတွင် အိန္ဒိယလူမျိုး ငါး



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ခန့် စခန်းဝင်နေကြ၏။ ကျွန်တော် ပြန်မလာခင်ပင် ကမ္မဋ္ဌာန်းစခန်းသိမ်းပွဲ ကျင်းပရာ အသက်အရွယ် ၇၀ အရွယ်ရှိ အိန္ဒိယ ဇာတ်နိမ့်အဘွားတစ်ဦးက ဆရာတော် ဦးညာဏိသရ၏ ခြေကိုဖက်၍ ငိုယိုနေပါ၏။

"ဆရာတော် ဒီဒကာမကြီးက ဘာဖြစ်လို့ ငိုနေတာလဲ"

"ဒီလိုဒကာရဲ့၊ အိန္ဒိယလူမျိုး အမျိုးသားတွေဟာ ဝမ်းသာရင်လည်း ငိုကြတယ်၊ ဝမ်းနည်းရင်လည်း ငိုကြတယ်၊ အခုငိုတာကတော့ ဝမ်းသာလို့ငိုတာပါ။ ဗုဒ္ဓရဲ့ ကမ္မဋ္ဌာန်းတရားမှာ ပျော်မွေ့ဝမ်းသာလွန်းလို့ ငိုတာပါ"ဟုဆို၏။

ဆရာကြီး ဂိုအင်ကာ၏ တရားစခန်းများသည် ကမ္ဘာပေါ်တွင် အောင်မြင်လျက်ရှိ၏။ ဆရာကြီးသည် ဇာတ်မြင့်အတွင်းမှ ဗုဒ္ဓ၏ အဆုံးအမတွင် တည်ရှိလာပေရာ ဆရာကြီး ဂိုအင်ကာကဲ့သို့ ပုဂ္ဂိုလ်ကြီးများ ဗုဒ္ဓဘာသာ ထွန်းကားရေးအတွက် စွမ်းစွမ်းတမံ လုပ်ဆောင်လိုက်သောအခါ ဗုဒ္ဓဝါဒသည် ဇာတ်နိမ့်များသာ ကိုးကွယ်သော ဘာသာရပ်အဖြစ် လက်ညိုးထိုးပြောရန်လည်း မဖြစ်တော့သည့်ဘဝသို့ ရောက်ရှိလာပါ၏။ ဒေါက်တာ အမ္ဗေဒကာ အစပျိုးခဲ့သော ဇာတ်နိမ့်ပြည်သူတို့၏ အောင်ပွဲသည် အိန္ဒိယနိုင်ငံတဝှမ်းတွင် ခြိမ့်ခြိမ့်သဲ၍





ပြီဖြစ်၏။

ဇာတ်နိမ့်ပြည်သူတို့၏ ရှေ့တန်းခေါင်းဆောင်ဖြစ်သော ဒေါက်တာအမ္ဗေဒကာ၏ ဝိညာဉ်သည် မဇ္ဈိမဒေသကြီးရှိ ဇာတ်နိမ့်ပြည်သူတို့၏ နှလုံးသားတွင် ထာဝရ ကိန်းအောင်းတည်ရှိနေပါပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

# ရှေးဟောင်း အဆောက်အအုံများကို ဘယ်လို သဘောထားမလဲ

တစ်ခါက ပြည်ပတွင် ကျင်းပခဲ့သော ရှေးဟောင်း အဆောက်အအုံများနှင့် ပတ်သက်သည့် အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုတွင် ဆွေးနွေးပွဲတက်သူတစ်ဦး ကစာတမ်းရှင်တစ်ဦးအား "ကျွန်တော်တို့သည် ရှေးဟောင်း အဆောက်အအုံများအပေါ် ဘယ်လိုသဘောထားရပါမလဲ ခင်ဗျား" ဟု မေးသောအခါ စာတမ်းရှင်က "လူကြီးမင်းခင်ဗျား၊ လူကြီးမင်းတို့ မိသားစုမှာ အသက်အရွယ် ကြီးရင့်သူများ ရှိပါသလား" ဟု မေးလိုက်၏။

"ရှိပါတယ်ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်သူပါလဲခင်ဗျာ"

"ကျွန်တော့်အမေရဲ့ အဖေ၊ ကျွန်တော့်အဘိုးပါ"

"လူကြီးမင်းရဲ့အဘိုးက အသက်ဘယ်လောက်ရှိပါပြီလဲ"

"၈၉ နှစ် ရှိပါပြီခင်ဗျာ"

"လူကြီးမင်းတို့ မိသားစုဟာ အဲဒီအသက် ၈၉ နှစ် အရွယ်ရှိတဲ့ အဘိုးကို ဘယ်လိုပြုစုထားပါသလဲခင်ဗျာ"

"ကျွန်တော့်မေးခွန်းနဲ့ ဘာဆိုင်လို့လဲဗျာ၊ ဒါပေမယ့် အခု ကျွန်တော့်အဘိုးအကြောင်း မေးတာကိုတော့ ကျွန်တော် အတော့်ကိုပဲ ဖြေချင်နေပါတယ်။ အဘိုးက အသက် ၈၉ နှစ်ဆိုပေမယ့် အတော်လေး ကျန်းမာသေးတယ်ဗျာ၊ အဘိုးက သူ့အချိန်တွေကို ပန်းခြံထဲမှာ ကုန်တာများတယ်၊ ကျွန်တော်တို့က အဘိုးအတွက် အမြဲတန်း သူနာပြုဆရာမတစ်ယောက် ထားပေးတယ်၊ သူကတော့ အဘိုး အိပ်ရာထသည်ကစပြီး အိပ်ရာဝင်တဲ့အထိ နေရေးထိုင်ရေးအားလုံး တာဝန်ယူရတာပဲ၊ အဘိုးရဲ့ ကျန်းမာရေးကိုလည်း တနင်္ဂနွေတစ်ပတ်မှာ တစ်ကြိမ် မိသားစု ဆရာဝန်နဲ့ ပြပေးတယ်၊ တစ်လတစ်ခါ အသည်းတို့၊ နှလုံးတို့၊ အထူးကုဆရာဝန်ကြီးများနဲ့ ပြတယ်၊ အဘိုးအတွက် မျက်စိဆရာဝန်လည်း သီးခြားရှိတယ်၊ နောက်ပြီး ကျွန်တော်တို့ မိသားစုဟာ





တစ်လတစ်ခါ အဘိုးနဲ့တွေ့ပြီး သူ့ရဲ့ ဩဝါဒစကားတွေကို နာခံပါတယ်"

"ဒါပဲလားဗျာ၊ လူကြီးမင်းပြောချင်တဲ့ အဘိုးအကြောင်း ဆက်ပြောပါဦး၊ လူကြီးမင်းပြောပြတဲ့ အဘိုးကို ပြုစုပုံအကြောင်းအရာကလည်း စိတ်ဝင်စားစရာကောင်းပါတယ်"ဟု စာတမ်းရှင်က ဆက်၍ပြောပါ၏။

ထိုအခါ မေးခွန်းမေးသူက "အဘိုး ဒီနေ့အထိ အသက်ရှင်နေတာ ကျွန်တော်တို့ မိသားစုရဲ့ အကြီးမားဆုံး ဂုဏ်သိက္ခာပဲ၊ အသက်အရွယ် ကြီးရင့်သူတစ်ဦးကိုယ့်မိသားစုအတွင်းမှာရှိတဲ့ ဂုဏ်သိက္ခာရဲ့တန်ဖိုးဟာ သတ်မှတ် ကန့်သတ်လို့မရဘူး၊ အဘိုးရဲ့ သားသမီးတွေရော၊ သားမက်တွေရော၊ မြေး၊ မြစ်တွေပါ အဘိုးရဲ့ ဂုဏ်သိက္ခာကိုထောက်ပြီး မဟုတ်တာ၊ မမှန်တာ မလုပ်ကြဘူး၊ ကျွန်တော်တို့ မိသားစုဟာ ရုံးရောက်၊ ဂါတ်ရောက်မှာ အင်မတန်စိုးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အဘိုးရဲ့ မြေးတစ်ဦး ဂါတ်ရောက်တယ်ဆိုတာ အဘိုးရဲ့ ဂုဏ်သိက္ခာကိုပါ ထိခိုက်လို့ပါပဲ။ ကျွန်တော်တို့မိသားစုမှာ အဘိုးရှိနေတာဟာ လူမှုစည်းကမ်းတွေကိုလည်း စောင့်ထိန်းပြီးဖြစ်ပါတယ်"ဟု ပြောပါ၏။

"ကျေးဇူးပါပဲခင်ဗျာ၊ ကျွန်တော်တို့တွေဟာ ..ည်း အိမ်အို၊ အိမ်ဟောင်းကြီးတွေ အဆောက်အအုံ



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းတွေ ရှေးဟောင်းပစ္စည်းတွေကို မိသားစုတွေဟာ သူတို့ရဲ့ အဘိုးအဘွားတွေ အသက်ကြီးရင် အဲဒီ အဘိုးအဘွားတွေကို မိသားစုတွေက ဘယ်လိုစောင့် ရှောက်သလဲ၊ အဲသလိုပဲ၊ သစ်ပင်အိုကြီးတွေ အဆောက် အအုံ ဟောင်းတွေကိုလည်း ပြုစုစောင့်ရှောက်ကြရပါမယ်၊ အဲဒါဟာ ရှေးဟောင်း အဆောက်အအုံတွေအပေါ်မှာ ကျွန်တော်တို့ ထားရှိရမယ့် သဘောထားပါပဲ”ဟု စာတမ်းရှင်က ပြန်ဖြေပါ၏။

အလုပ်ရုံ ဆွေးနွေးပွဲလေးတစ်ခုမှ အထက်ပါ ပြောဆိုမှုစကားများသည် ကမ္ဘာကျော်ခဲ့သည်။ ထိုစကား များက ရှေးဟောင်း ပစ္စည်းများအပေါ် ကျွန်ုပ်တို့ ဘယ်လို သဘောထားရမည်ဆိုသော အချက်မှာလည်း ပေါ်လွင် လာခဲ့သည်။ ရှေးဟောင်းပစ္စည်းဟူသမျှကို ကျွန်တော်တို့ သည် မိသားစုများတွင် အသက်အရွယ်ကြီးရင့်သူတို့ကို ပြုစုစောင့်ရှောက် ထားရှိသလို ထားရှိကြရမည် ဖြစ်ပါ၏။

ရှေးဟောင်း အဆောက်အအုံများသည် ကျွန်တော် တို့၏ သမိုင်းဖြစ်သည်။ ရှေးဟောင်း အဆောက်အအုံ များသည် ကျွန်တော်တို့ ဘိုးဘွားများ၏ မြတ်နိုးတွယ် တာစရာ တည်ဆောက်မှုများဖြစ်သည်။ ရှေးဟောင်း အဆောက်အအုံများသည် ကျွန်တော်တို့၏ ယဉ်ကျေးမှု အဆင့်အတန်းကို ပြဆိုနေသည့် အရာများဖြစ်သည်။ ရှေးဟောင်း အဆောက်အအုံများသည် လူကြီးသူမတို့၏





သွမ်းဆွတ်ဖွယ်ရာများဖြစ်သည်။ ရှေးဟောင်း အဆောက် အအုံများသည် ကျွန်တော်တို့အတွက် အဖိုးမဖြတ်နိုင် သော ဘိုးစဉ်ဘောင်ဆက် အမွေအနှစ်များလည်း ဖြစ်ပါ ၏။

ယခုအခါ ကမ္ဘာတွင် အဆောက်အအုံအဟောင်း ဟူသမျှကို မူလအတိုင်း ထိန်းသိမ်းထားကြရန် ကြိုးစား လျက် ရှိကြ၏။ နိုင်ငံတော် အစိုးရကလည်း ရှေးဟောင်း အဆောက်အအုံများကို ဥပဒေများ ပြဋ္ဌာန်းကာကွယ် စောင့်ရှောက်ပေးကြပါ၏။ ထိုပြဋ္ဌာန်းကာကွယ်မှုများကို လူများက တိကျစွာ လိုက်နာကြရမည် ဖြစ်ပါ၏။ ယခုအခါ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် ရန်ကုန်မြို့ပေါ်ရှိ အဆောက်အအုံများကို ရှေးဟောင်းပစ္စည်းအဖြစ် သတ်မှတ်သည့် ကြေညာချက် များကို အဆောက်အအုံ တစ်ခုချင်းစီအလိုက် သတ်မှတ် ကြေညာလျက် ရှိပါ၏။ မလေးရှားနိုင်ငံတွင် မြို့လယ် ခေါင် လမ်းမကြီးများကို ဖောက်လုပ်ရာတွင် သစ်ပင် အိုကြီးများ လမ်းတည့်တည့်တွင် ခံနေပါက သစ်ပင်ကြီး များကို ခုတ်မပစ်ဘဲ လမ်းကို သစ်ပင်ကြီးဘေးမှ ကွေ့ပတ် ဖောက်လုပ်ခဲ့ကြ၏။

ရှေးအခါက လျှပ်စစ်ကြိုးများ သွယ်တန်းရာတွင် လွတ်ပါက သစ်ပင်များကို ခုတ်ပစ်ကြ၏။ ယခုအခါ လျှပ်စစ်ကြိုး သွယ်ရာတွင် လမ်းဘေးသစ်ပင်များကို



www.burmeseclassic.com

www.burmeseclassic.com



လုံး၀ မထိခိုက်စေဘဲ လျှပ်စစ်မီးကြိုးသွယ်သည့် စနစ်များကို ပြုလုပ်ခဲ့ကြ၏။ လမ်းဘေးရှိ သစ်ပင်အိုကြီးတစ်ပင် ခုတ်လှဲလိုက်ပါက ငါးမိနစ်အတွင်း တုံးလုံးလဲသွား၏။ သို့သော် ထိုအပင်ကြီးတစ်ပင် ဖြစ်ဖို့ရန် အနှစ် ၁၀၀ စောင့်ရမည်ဖြစ်သည်။ သစ်ပင်များကို ခုတ်ပြီး ပြန်စိုက်ရမည်ဟူသော အယူအဆသည် သီးခြားအယူအဆဖြစ်၏။ သစ်ပင်အိုကြီးများကို မခုတ်ရဟူသော ကိစ္စသည် သီးခြားအယူအဆ ဖြစ်သည်။

ပြန်စိုက်မှာပဲ သစ်ပင်ကိုခုတ်တာ ဘာဖြစ်လဲဟုဆိုပါက ပြန်စိုက်တာနဲ့ ခုတ်လှဲတာ ကာလအကြား အနှစ် ၅၀ မှ ၁၀၀ ဟူသော သက်တမ်း ခြားနေပါ၏။ ပြန်စိုက်၍ ကြီးလာသော သစ်ပင်တစ်ပင်သည် ခုတ်လှဲ၍ သေသွားသောသစ်ပင် ပြန်ထလာခြင်း မဟုတ်ပါ။ ထို့ကြောင့် ပြန်စိုက်မှာပဲဆိုသော အကြောင်းပြချက်နှင့် သစ်ပင်များကို လုံး၀ မခုတ်လှဲရဆိုသော ဥပဒေသ ရှိပါ၏။ အလားတူပင် ဤအယူအဆများ၊ အတွေးအခေါ်များသည် အဆောက်အအုံ အဟောင်းများ တွင်လည်း တိုက်ရိုက်ကျင့်သုံးရန်သာ ရှိပါသည်။ ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ ဟောင်ကောင်စသော အရှေ့နိုင်ငံများတွင်သာမက တစ်ကမ္ဘာလုံးတွင် အဆောက်အအုံ အဟောင်းများကို မိမိတို့ အဘိုးအဘွားများကို နေ့ညမပြတ် စောင့်ကြည့်ကာ ပြုစုထားကြသလို စောင့်





ရှောက်ထားကြပါ၏။

စင်ကာပူနိုင်ငံတွင် **'လာပါဆတ်'**ဟူသော သံချေး ရှိပါသည်။ ထိုသံချေးသည် ဗြိတိသျှ ကိုလိုနီစနစ်၏ အကြွင်းအကျန် အဆောက်အဦးဖြစ်ပါ၏။ သို့သော် စင်ကာပူနိုင်ငံသားတို့သည် မိမိတို့နိုင်ငံအား တစ်ကြိမ်တစ်ခါက အင်္ဂလိပ်တို့ စိုးမိုးခဲ့သည်ဟူသော အသိတရား ရှိရေးအတွက် ထိုဈေးကို မဖျက်ဘဲ ထားကြ၏။ စင်ကာပူနိုင်ငံသည် အထပ် ၉၀၊ ၁၀၀ ရှိသော အမြင့် အဆောက်အအုံများကို **လာပါဆတ်** သံချေးအနီးတွင် တည်ဆောက်ထားကြသော်လည်း **လာပါဆတ်** ဈေးကိုကား မထိရက်၊ မတို့ရက် ထားကြပါ၏။

**လာပါဆတ်** သည် မြန်မာနိုင်ငံရှိ မန္တလေးဈေးချို၊ တောင်ငူ၊ သံချေး၊ ရန်ကုန်မြို့၊ လမ်းမတော်နှင့် ကာမွေ သံချေးတို့နှင့် သက်တမ်းတူ သံချေးတစ်ခု ဖြစ်သည်။ ယခင်က မြန်မာနိုင်ငံတွင် သံချေးများ ရှိနေသဖြင့် **လာပါဆတ်** သံချေးမှာ နားရွက်မထောင်နိုင်သော်လည်း မြန်မာနိုင်ငံရှိ သံချေးများ မရှိသောအခါ စင်ကာပူနိုင်ငံသည် မိမိတို့ သံချေးကို အရှေ့တောင်အာရှတွင် တစ်ခုတည်းသော သံချေးအဖြစ် ထုတ်ဖော်ကြေငြာကာ လက်ကမ်းစာစောင်များ ထုတ်ခဲ့၏။ ကမ္ဘာလှည့်ခရီးသည်များ မိမိတို့ သံချေးကို လာရောက်ကြည့်ရှုစေရန်လည်း ကြော်ငြာကမ်း၍ ဆွဲဆောင်ခဲ့သည်။ စင်ကာပူ



www.burmeseclassic.com

www.burmeseclassic.com



တွင် လာပါဆတ် သံဈေးသို့လာရန် အထူးကားများကို စီစဉ်ထားရှိပါ၏။ လာပါဆတ် သံဈေးတွင် ဘာမှ အထူးအထွေ ဝယ်စရာမရှိ သံဖြင့်လုပ်ထားသော ဈေးကို ကြည့်ရှုရုံသက်သက် ဖြစ်ပါ၏။ ညနေအချိန်တွင်ကား ဈေးအနီး၌ စားသောက်စရာ အစုံရသော လမ်းပိတ်ရောင်းသည့် ညဈေးတစ်ခု ရှိပါ၏။ ကျွန်တော်တို့သည် မြန်မာနိုင်ငံတွင် ထရိတ်ဒါ Trader လို ဟိုတယ်မျိုး ၁၀ လုံး အလွယ်တကူ ဆောက်နိုင်မည် ဖြစ်သော်လည်း သံဈေးတစ်ဈေးကို ဘယ်သောအခါမှ မဆောက်နိုင်တော့ပြီ။

အဆောက်အအုံများသည် အိုရုံ၊ ဟောင်းရုံသာမက လုံးဝမပျက်စီးနေသေးလျှင်လည်း တန်ဖိုးရှိနေသေး၏။ မကာအိုတွင် တစ်ကျွန်းလုံး ကြည့်စရာဟူ၍ အဆောက်အအုံ အပျက်ကြီး၏ နံရံတစ်ခုသာရှိ၏။ ထိုနံရံမှာ ငါးထပ်တိုက်တစ်ခု၏ နံရံသာဖြစ်ပြီး ထိုနေရာကို ကမ္ဘာလှည့်ခရီးသည် အများအပြား လာ၍ကြည့်ကြ၊ ဓာတ်ပုံရိုက်ကြသည်။

ရန်ကုန် မြို့လယ်ခေါင်တွင် ကိုလိုနီခေတ်က အဆောက်အအုံ များစွာရှိရာ ထိုအဆောက်အအုံများကို တန်ဖိုးရှိရှိ ထိန်းသိမ်းထားကြရမည် ဖြစ်ပါ၏။

ရှေးဟောင်းပစ္စည်းများသည် အုတ်ခဲတစ်ခဲသည်ပင်လျှင် တန်ဖိုးရှိလေရာ အဆောက်အအုံ ဆိုပါက





မည်သို့ တန်ဖိုးဖြတ်မည်နည်း။ ရှေးဟောင်း အဆောက်အအုံတစ်ခု၏ တံခါးလေးတစ်ချပ်၊ ကလားလေးတစ်ခု၊ လှေကားထစ်ကလေး တစ်ထစ်သည်ပင်လျှင် အလွန်တန်ဖိုးကြီးမားလှပါ၏။

ရှေးဟောင်း ပစ္စည်းဆိုသည်မှာ သက်တမ်း ၇၅ နှစ်ရှိသော မည်သည့်ပစ္စည်းမဆို ရှေးဟောင်းတွင် အကျုံးဝင်ပါ၏။ ရှေးဟောင်းပစ္စည်းများကို နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်ပိုင်ခွင့်ရှိသည်။

မြန်မာရှေးဟောင်းပစ္စည်းများသည် မြန်မာ့သမိုင်း အထောက်အထားများပင် ဖြစ်၏။ မြန်မာ့ ရှေးဟောင်း အဆောက်အအုံများသည် မြန်မာတို့သမိုင်းကို ပြဆိုနေ၏။

ယင်းတို့သည် မြန်မာတို့၏ ယဉ်ကျေးမှုဆိုင်ရာ ပုံရိပ်များလည်းဖြစ်၏။ ထိုအရာများသည် မြန်မာတို့၏ ဓာတိမာန်၊ မြန်မာတို့၏ စိတ်ဓာတ်၊ မြန်မာတို့၏ အတိတ်များလည်း ဖြစ်ပေရာ ကျွန်တော်တို့သည် ရှေးဟောင်း အဆောက်အအုံများကို ချစ်မြတ်နိုးသောစိတ်ဓာတ် မွေးမြူရန် နှိုးဆော်ရပါ၏။

❒



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

## သောက်မလား၊ သေမလား

၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ စောစောပိုင်းက ဂျပန်နိုင်ငံသည် မိမိ၏ အရေးကြီးသော နိုင်ငံရေး၊ စီးပွားရေး ကမ္ဘာ့အရေးအခင်းကိစ္စများနှင့် မအားမလပ် ဖြစ်နေသည့်ကြား ထိုအရေးအခင်းကိစ္စကြီးများကို ခေတ္တ ချပ်ဆိုင်းကာ မိမိတို့နိုင်ငံ မိမိတို့အမျိုးသားရေးအတွက် အရေးတကြီး အလောသုံးဆယ် လုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်ရန် လိုအပ်သည်ဟု ယူဆကာ ကြေညာချက် တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါ၏။

ထိုကြေညာချက်သည် ဂျပန်နိုင်ငံ၏ အနာဂတ် အရေးအတွက်ဟုလည်း ဆိုပါ၏။ ဂျပန်နိုင်ငံကဲ့သို့သော နိုင်ငံကြီး တစ်နိုင်ငံမှ အလျင်စလို ကြေညာချက်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပြန်လိုက်သော ကိစ္စသည် အမှန်တကယ် စိတ်ဝင်စားစရာကောင်း၍ တစ်ကယ့်ကို အရေးကြီးသော ကိစ္စတစ်ရပ်လည်း ဖြစ်နိုင်စရာ အကြောင်းရှိပါ၏။

ထိုကိစ္စသည်ကား အခြားမဟုတ်၊ ဂျပန်လူငယ်များ စီးကရက်သောက်သုံးမှု ပိုမိုများပြားလာကြသည်ကို ဂျပန်အစိုးရမှ အစိုးရိမ်ကြီး စိုးရိမ်ကာ စီးကရက်ကြော်ငြာများကို ရုပ်မြင်သံကြား၊ ရေဒီယို၊ ဗီဒီယိုနှင့် ရုပ်ရှင်တို့တွင် မကြော်ငြာရန် ပိတ်ပင်လိုက်ခြင်း ဖြစ်ပါသည်။

ဂျပန်နိုင်ငံတွင် ဆေးရွက်ကြီး ကုမ္ပဏီများသည် ရုပ်မြင်သံကြား၊ ရေဒီယို၊ ဗီဒီယို၊ ရုပ်ရှင်တို့မှနေ၍ စီးကရက် ကြော်ငြာများကို အဆမတန် လွှင့်ထုတ်ခဲ့၍ ဂျပန်လူငယ်များအတွင်း စီးကရက် သောက်သုံးမှုစရိုက်သည် တိုးပွားလာခဲ့၏။

ထို့ကြောင့် ယင်းကိစ္စကို အမျိုးသားရေး ရှုထောင့်မှ တားဆီးမှုဖြစ်မည်ဟု ယူဆကာ ဂျပန်နိုင်ငံ ဆေးရွက်ကြီးသိပ္ပံမှ ထိုကဲ့သို့ ကြေညာခဲ့ခြင်း ဖြစ်ပါ၏။ ဂျပန်နိုင်ငံ ဆေးရွက်ကြီးသိပ္ပံဆိုသည်မှာ ဂျပန်နိုင်ငံနှင့် အခြားနိုင်ငံများမှ စီးကရက် ထုတ်လုပ်သူများနှင့် ဆေးရွက်ကြီးလုပ်ငန်း လုပ်ကိုင်သူများကို ကိုယ်စားပြုနေသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါ၏။

စီးကရက် ကုမ္ပဏီများနှင့် ဆေးရွက်ကြီးလုပ်





ငန်း လုပ်ကိုင်သူတွေရဲ့ ကိုယ်စားလှယ်ကိုယ်တိုင်က ဒီကိစ္စကို ဦးဆောင်ရှေ့ရှု ပြုလုပ်တယ်ဆိုတော့ စီးကရက်ကြော်ငြာတွေဟာ ဘယ်လောက် သောင်းကျန်းနေပြီး စီးကရက်သောက်သုံးမှု ဆိုးကျိုးများဟာ ဂျပန်နိုင်ငံအပေါ်၊ မည်မျှအထိ ခြိမ်းခြောက်နေတယ်ဆိုတာ သိသာလှပါပြီဟု ဆေးလိပ် ဆန့်ကျင်ရေးသမား တစ်ဦးက ဆိုပါ၏။

ကြေညာရာတွင် ဂျပန်နိုင်ငံ၌ ဆယ်ကျော်သက် လူငယ်များအကြား ဆေးလိပ်သောက်သည့် အလေ့အကျင့် အဆမတန် ကြီးထွားပျံ့နှံ့လာမှုကို စိုးရိမ်မကင်းဖြစ်၍ ထိုသို့ ဟန့်တားလုပ်ဆောင်ရခြင်း ဖြစ်သည်ဟု ဆိုပါ၏။

ထိုကြေညာချက်အရ ဂျပန်နိုင်ငံတွင် စီးကရက်နှင့် ဆေးလိပ်ကြော်ငြာများတွင် ရုပ်မြင်သံကြားတွင်သာမက ရေဒီယို၊ ရုပ်ရှင်နှင့် အင်တာနက်တို့တွင်လည်း ကြော်ငြာခြင်း မပြုလုပ်ရတော့ဘဲ လမ်းများပေါ်တွင် စီးကရက်များကို ဘူးလိုက် အခမဲ့ နမူနာ ဖြန့်ဝေမှုလုပ်ငန်းကိုပါ ရပ်ဆိုင်းခြင်းဖြစ်သည်ဟု အဆိုပါ ဆေးရွက်ကြီးသိပ္ပံမှ ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောဆိုခဲ့ပါ၏။

ဂျပန်နိုင်ငံတွင် မကြာသေးမီက ကောက်ယူသော စစ်တမ်းများအရ ဆယ်ကျော်သက်အရွယ် လူငယ်ဦးရေ



www.burmeseclassic.com

www.burmeseclassic.com



၁၈ ရာခိုင်နှုန်းသည် ည ၁၁ နာရီနောက်ပိုင်းမှ ထုတ်လွှင့်သည့် အစီအစဉ်များကို ကြည့်ကြသည်။ ညပိုင်း ထုတ်လွှင့်သည့် ရုပ်မြင်သံကြား အစီအစဉ်များမှာလည်း စီးကရက် စီးပွားရေးကြော်ငြာများနှင့် ပြည့်နှက်နေသည် ဟု ဆိုပါ၏။

ထိုကဲ့သို့ လူငယ်များအတွင်း ဆေးလိပ်သောက်သုံးမှု အဆမတန် များပြားလာသည်ကို စိုးရိမ်တကြီး တားဆီးလုပ်ဆောင်နေချိန်တွင် ဂျပန်နိုင်ငံ၊ တိုကျို အမျိုးသားဗဟို ကင်ဆာသုတေသနဌာနမှ ဆရာဝန်ကြီး တစ်ဦးက 'ဆေးလိပ်ကို ကြိုက်လို့ သောက်တဲ့သူဟာ သူသောက်သူခံက တရားမျှတပါသေးတယ်၊ အခု ဆေးလိပ်မသောက်တဲ့သူတွေဟာ မိမိတို့ကိုယ်တိုင် ဆေးလိပ် မသောက်သုံးကြပါဘဲလျက် အခြားသူများ သောက်သုံးသည့် ဆေးလိပ်အငွေ့ကို ခံစားရသောကြောင့် အဆုတ်ကင်ဆာ ဖြစ်ပွားရနှုန်း ကြောက်ခမန်းလိလိ ဖြစ်လာရတာကိုရော ကျွန်တော်တို့ ဘယ်လိုလုပ်ကြပါမလဲ"ဟု မေးခွန်းထုတ်လိုက်ပါ၏။

ယခုအခါ မိမိကတော့ ဆေးလိပ်သောက်သူ မဟုတ်ပါ။ ဆေးလိပ်မသောက်ပါ။ သို့သော် အခြားသူများသောက်သော စီးကရက် မီးခိုးငွေ့ကို ရှူရှိုက်ခြင်းဖြင့် Passive Smoking ကြောင့် ဖြစ်ပေါ်လာသော အန္တရာယ်သည် ကြောက်ခမန်းလိလိ ဖြစ်နေရသည်ကို





သုတေသန ဌာနအသီးသီးက စာရင်းဇယားများနှင့် ထုတ်ပြန်ပေးလျက် ရှိပါသည်။

ဆေးလိပ်မီးခိုးများ ရှူရှိုက်မိခြင်းသည် နှလုံးရောဂါ၊ အဆုတ်ကင်ဆာရောဂါ၊ ပန်းနာရင်ကျပ်ရောဂါနှင့် ကလေးများတွင် ဖြစ်ပွားသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မှုရောဂါများ ဖြစ်ပွားစေကြောင်းကို ကမ္ဘာပေါ်တွင် ၂၀ ရာစု အစလောက်မှစ၍ ဆရာဝန်ကြီးများ၊ ဆေးပညာရှင်များသည် တစ်ရံမလပ် ထုတ်ဖော်ပြောဆိုခဲ့သည်မှာ ၂၀ ရာစုအဆုံးကာလတွင် အကျယ်လောင်ဆုံး ပြောဆိုလာသည့်အပြင် နိုင်ငံကြီးများသည် ယင်းကိစ္စ မှန်ကန်ကြောင်း လက်တွေ့ဒိဋ္ဌ တွေ့မြင်လာရာမှ ဥပရောပနိုင်ငံများနှင့် ကနေဒါ အမေရိကန် အစရှိသော ဖွံ့ဖြိုးပြီး နိုင်ငံကြီးများသည် မိမိတို့နိုင်ငံများတွင် ဆေးလိပ်ဆန့်ကျင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြ၏။

နိုင်ငံကြီးများသည် မိမိတို့ နိုင်ငံများတွင် ဆေးလိပ် မသောက်သုံးရေးကိစ္စကို ထိထိရောက်ရောက် လုပ်ဆောင်ခဲ့သော်လည်း ဆေးလိပ်ဖြင့် စီးပွားရှာသော လုပ်ငန်းကိုကား တရားဝင် ခွင့်ပြုထားခဲ့ကြ၏။

နိုင်ငံကြီးများတွင် မိမိတို့နိုင်ငံတွင် ဆေးလိပ် သောက်သုံးမှုကို တင်းကျပ်စွာ တားဆီးပညာပေးမှုများ ကို ပြုလုပ်ခဲ့ကြ၏။ ထိုအခါ ဆေးလိပ် ကုမ္ပဏီများသည်



www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ဖြိုးဆဲ နိုင်ငံများအတွင်းသို့ ဝင်ရောက်ကာ ဆေးလိပ် ကြော်ငြာများကို အဆမတန် ပြုလုပ်၍ ဖွံ့ဖြိုးဆဲနိုင်ငံ များအတွင်းမှ လူငယ်များစွာကို ဆေးလိပ်စွဲသော လူငယ်များဘဝသို့ ပို့ဆောင်ကာ စီးပွားရှာခဲ့ကြ၏။

မြန်မာနိုင်ငံတွင်းသို့လည်း စီးကရက်မျိုးစုံသည် တံဆိပ်မျိုးစုံဖြင့် ဝင်ရောက်ကာ နည်းမျိုးစုံဖြင့် ဖြန့်ချိ ပြုခဲ့ကြ၏။ ရောမ ပိုစတာကြီးများထောင်၍ ကြော်ငြာ ခြင်း၊ လက်ဖက်ရည်ဆိုင်များ၏ မျက်နှာစာတစ်ခုလုံးကို စီးကရက်ကြော်ငြာများဖြင့် ပြင်ဆင်ပေးခြင်း၊ ရုပ်ရှင် မင်းသား၊ မင်းသမီး အနုပညာရှင်များကို အသုံးပြု ကြော်ငြာခြင်း၊ စာနယ်ဇင်းများ၊ မဂ္ဂဇင်းများတွင် မျိုး စုံကြော်ငြာများ ရိုက်နှိပ်၍ ကြော်ငြာခြင်း စသည်ဖြင့် နည်းမျိုးစုံလင်စွာဖြင့် ကြော်ငြာရာတွင် အခြားနိုင်ငံ များတွင် အမြင်ရနည်းသော ကြော်ငြာမှုတစ်ရပ်မှာ မြန်မာအမျိုး သမီးလေးများကို အသုံးပြု၍ စားသောက် ဆိုင်၊ အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များတွင် မိန်း ကလေးများက စီးကရက်နှင့် ဘီယာဘူးများကို ကိုင်၍ သောက်သုံးရန် တိုက်တွန်းရင်း၊ အချို့ မြူဆွယ်ရင်း စီးကရက်မီးညှိပေးမှု၊ ဘီယာပုလင်း ဖောက်ပေးမှုအထိ ကြော်ငြာခြင်းမျိုးအထိ ကြော်ငြာမှုများ ပြုလာသည်ကို တွေ့လာရပါ၏။

နိုင်ငံကြီးများနှင့် ကမ္ဘာ့အဖွဲ့အစည်းများက ဖွံ့ဖြိုး





ဆဲနိုင်ငံများရှိ ပြည်သူများ၏ ဘဝများကို ညှာတာထောက်ထားသည့် စကားလုံးပေါင်း များစွာ၊ မိန့်ခွန်းပေါင်းများစွာ၊ ဆွေးနွေးပွဲများစွာ ပြုလုပ် ခဲ့သော်လည်း စီးကရက်ကုမ္ပဏီများ ဖွံ့ဖြိုးဆဲနိုင်ငံငယ် များသို့ ဝင်ရောက်ထိုးဖောက်မှုကို မသိကျိုးကျွန်ပြုနေ၏။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် အသိပညာ ဗဟုသုတ နည်းပါး ခြင်း၊ ရေရှည်တွင် ဖြစ်ပေါ်လာမည့် ဥပမာ ငါးနှစ်မှ ၁၀ နှစ်အကြာ၊ အနှစ် ၂၀ အကြာတွင်မှ ဖြစ်ပေါ်လာ မည့် အန္တရာယ်ကို မသိမြင်ခြင်း၊ ကြော်ငြာစွမ်းပကား အားကောင်းခြင်း၊ အစပိုင်းတွင် ဒေါ်လာခင်း၍ ကြော် ငြာခြင်းတို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ကိုယ်တိုင်သည် စီးကရက်ကြော်ငြာများ ပြောင်ဝင်လာမှုကို မတားဆီး နိုင်ဘဲရှိ၏။

အချို့ဖြစ်ရပ်များမှာ ကင်ဆာရောဂါကုသရေး ဌာန၊ လူငယ်စောင့်ရှောက်ရေး ဌာနတို့မှ ဆရာဝန်ကြီး များ၊ လူမှုရေး ပုဂ္ဂိုလ်ကြီးများသည် တစ်ဘက်မှ ကယ်ဆယ်ကုသရေး လူငယ်များ ဖွံ့ဖြိုးရေးကို လုပ် ဆောင်နေသော်လည်း သူတို့၏ အစုရှယ်ယာများ သည် စီးကရက် ကုမ္ပဏီများတွင် ရှိနေသည်ကို တွေ့ရပါ၏။ ဤကိစ္စမှာလည်း ပြဿနာတစ်ရပ် ဖြစ်ပါ၏။

မြန်မာနိုင်ငံတွင် အဆင့်အတန်းမီ ပြည်တွင်းဖြစ် စီးကရက်များ ရှိပါလျက် နိုင်ငံခြား စီးကရက်များ



www.burmeseclassic.com

www.burmeseclassic.com



ယခုလောက်အထိ ဝင်လာမှုသည် အမျိုးသား ကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးမှုကို ထိခိုက်သောကြောင့် အဘယ်ကြောင့် အမျိုးသား စီးပွားရေးကို အထိခိုက်ခံကာ နိုင်ငံခြား စီးကရက်များ ယခုထိ ဝင်ရောက်မှုကို ယခုမျှအထိ ဖောဖောသီသီ ဖြစ်နေရသည်ကို စဉ်းစား၍ မရနိုင်စရာ ဖြစ်ပါ၏။

မြန်မာနိုင်ငံတွင် ဆေးရွက်ကြီး မိမိနိုင်ငံတွင်းမှပင် ထွက်၍ ဒူးယားသည် ကမ္ဘာ့အဆင့်မီ ဆေ လိပ်ဖြစ်ကာ ဆေးပေါ့လိပ်များသည် မြန်မာ့ရိုးရာဖြစ်၍ စီးကရက်များ အတင်းအဓမ္မ ဝင်ရောက်လာမှုသည် မြန်မာပိုင် ဆေးပေါ့ လိပ်လုပ်ငန်း အများအပြားကို ထိခိုက်စေခဲ့ပါ၏။ မြန်မာ့စီးကရက်ကို သောက်သုံးခြင်းသည် ရောဂါသာ ရ၍ နိုင်ငံခြား စီးကရက် သောက်သုံးမှုသည် ရောဂါရရုံသာမက မြန်မာနိုင်ငံတွင် အမျိုးသား စီးပွားရေး နာလန်ထူရန်အတွက် အလိုအပ်ဆုံးဖြစ်သော နိုင်ငံခြားငွေပါ ဆုံးရှုံးမှုဖြစ်ရပါ၏။

ဤအကြောင်းအရာများကို ကျွန်တော်သည် မြဝတီဂျာနယ်၊ ကြီးပွားရေးမဂ္ဂဇင်း အစရှိသော စာစောင်များတွင် အကြိမ်များစွာ ရေးသားပြီးဖြစ်ပါ၏။ ထိုကိစ္စများ မရပ်ဆိုင်းသမျှ ဆက်ရေးရမည့်ကိစ္စဖြစ်၍ ရေးသားနေခြင်း ဖြစ်ပါသည်။

စင်ကာပူနိုင်ငံသည် စီးကရက် အခိုးအငွေ့





ကင်းရှင်းအောင် ကြိုးစားနေသော နိုင်ငံတစ်ခုဖြစ်၏။ စင်ကာပူနိုင်ငံအတွင်းသို့ မည်သူမျှ စီးကရက်တစ်ဘူးကိုမျှ သယ်ဆောင်လာခြင်း မပြုရပါ။ ကျွန်တော်တို့သည် မလေးရှားနိုင်ငံမှ စင်ကာပူနိုင်ငံသို့အဝင် စီးကရက်သုံးဘူး ယူလာမိ၍ စင်ကာပူ ဘူတာကြီးတွင် အကောက်ခွန်ဌာနမှ ဘိန်းဖြူ ခိုးသွင်းလာသူများပမာ စစ်ဆေးမေးမြန်းခြင်းခံခဲ့ပါ၏။

ထို့နောက်မှ ကျွန်တော်တို့သည် မြန်မာစာရေးဆရာများဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သံအမတ်ကြီး၏ မိတ်ဆက်စာကိုပြမှ ထိုစီးကရက်သုံးဘူးကို သူ့နိုင်ငံအတွင်းသို့ ယူခွင့်ပြုပါ၏။ သို့သော် အခါက လိုက်နာရန် စင်ကာပူ အကောက်ခွန်ဌာနမှမှာကြားလိုက်သော အချက်မှာ ထိုစီးကရက်များကို စင်ကာပူနိုင်ငံသားများအား မတိုက်ပါ။ မိမိတို့ဘာသာ သောက်သုံးပါမည်ဟူသော အချက်ဖြစ်၏။ ထိုအချက်ကို ကျွန်တော်တို့က လိုက်နာပါမည်ဟုဆိုမှ ထိုစီးကရက် သုံးဘူးကို ကျွန်တော်တို့နှင့် ယူခွင့်ပြုပါ၏။ ကျွန်တော်သည် စီးကရက်မသောက်ပါ။ ကျွန်တော်နှင့် အတူပါလာသော စာပေလောကမှ ဦးမျိုးညွန့်နှင့် ဒေါက်တာဖေမြင့်တို့က စင်ကာပူရှိ မြန်မာပန်းချီဆရာများ သောက်သုံးရန် မလေးရှားမှ ဝယ်လာခြင်းဖြစ်ပါသည်။

စင်ကာပူနိုင်ငံတွင် ထုတ်ဝေသော စီးကရက်



www.burmeseclassic.com

www.burmeseclassic.com



များမှာ တစ်လက်မခွဲလောက်သာ ရှည်သည်။ စီးကရက်အတိုလေးများဖြစ်၏။ အဘယ်ကြောင့် အတိုလေးများကို လုပ်ရသနည်းဆိုမူ ရည်ရွယ်ချက်မှာ မိမိတို့ နိုင်ငံသားများ စီးကရက်များများ မသောက်သုံးမိစေရန် ဖြစ်၏။ တစ်ဖန် စင်ကာပူနိုင်ငံသားတစ်ဦးသည် ဆေးလိပ်သောက်တတ်ပါက သတ်မှတ်ထားသော နေရာတွင် စင်ကာပူနိုင်ငံထုတ် စီးကရက်ကိုသာ သောက်ရသည်။ အခြားနိုင်ငံမှ ထုတ်လုပ်သော စီးကရက်တစ်လိပ်ကို စင်ကာပူနိုင်ငံသားတစ်ဦး လက်ထဲတွင် တွေ့ရှိပါက ဒဏ်ရိုက်သည်။ စင်ကာပူဒေါ်လာ ၅၀၀ လောက် ဒဏ်ရိုက်၏။

စင်ကာပူနိုင်ငံသည် မိမိတို့ နိုင်ငံသားများ စီးကရက် မသောက်ဖြစ်အောင် ဤမျှ တားမြစ်ထားသော်လည်း မြန်မာနိုင်ငံအတွင်းသို့ စီးကရက်သွင်းသော နိုင်ငံများအနက် စင်ကာပူနိုင်ငံသည်လည်း တစ်နိုင်ငံအပါအဝင် ဖြစ်ပါ၏။

မြန်မာများ သံဝေဂယူစရာ၊ သင်ခန်းစာယူစရာ ဖြစ်ပါ၏။ ဘာဖြစ်လို့ နိုင်ငံခြား စီးကရက်၊ နိုင်ငံခြား ဘီယာ သောက်မည်နည်း။ မျိုးချစ်စိတ်ရှိသည်ဟု ဆိုပါက မန္တလေးဘီယာ သောက်ပါ။ နိုင်ငံခြား စီးကရက် လက်ကြားညှပ်၍ နိုင်ငံခြားဘီယာ သောက်သူများကို အဘယ်သို့လျှင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်



ရှိသူဟု ခေါ်ဆိုနိုင်ပါမည်နည်း။

ယခု ဤဆောင်းပါးဖြင့် ကျွန်တော် အဓိကပြောလိုသောကိစ္စမှာ ဖော်ပြပါ ကိစ္စများ မဟုတ်သေး။ စိတ်ထဲမှ မခံချင်လွန်း၍ ရေးသားခြင်းဖြစ်ရာ တကယ်တမ်း ကျွန်တော်ရေးသားလိုသော ကိစ္စမှာ စီးကရက်သောက်သုံးမှုသည် သောက်သုံးသူကိုသာမက သူ့ဘေးမှ စီးကရက်မသောက်သူများလည်း စီးကရက် သောက်သူတမျှ ရောဂါဝေဒနာ ရရှိသည်ဟူသော တွေ့ရှိချက်ကို တင်ပြလိုခြင်း ဖြစ်ပါ၏။

စီးကရက်တစ်လိပ် မီးလောင်၍ ကုန်ဆုံးသွားသည်ဟု ဆိုပါက လူကို အန္တရာယ်ပေးနိုင်သော အရာများသည် သောက်သုံးသူ၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားသည်ထက် လေထုထဲသို့ အငွေ့အဖြစ် လွင့်သွားသည်က ပိုများသည်ဟု သိရပါ၏။

သင်သည် ဆေးလိပ်သောက်သုံးသူတစ်ဦးနှင့် အတူနေလျှင် ထိုသူ ရောဂါရသည်ထက် ဆေးလိပ်မှ အလိုလိုထွက်နေသော အငွေ့များနှင့် ထိုလူ၏ ပါးစပ်မှ မှုတ်ထုတ်လိုက်သော အငွေ့များကြောင့် သင်သည် တကယ်သောက်နေသူထက် ဆေးလိပ်ငွေ့ဒဏ်ကို ပိုခံရသည်ဟု ဆို၏။

စီးကရက်သောက်သူ၏ ရင်ခေါင်းထဲသို့ဝင်သော ဆေးလိပ်ငွေ့တွင်ပါသော အဆိပ်များသည် ဆေးလိပ်



www.burmeseclassic.com

www.burmeseclassic.com



အစီခံတွင် အချို့အဝက်ကပ်၍ ကျန်နေပါသော်လည်း ဘောမှ ဆေးလိပ်ငွေ့ခံရသောသူသည် အစီခံတွင်ကပ် နေသော ဆိုးဝါးသည့် အဆိပ်များကိုပါ အကာအကွယ် မရှိ ရှူရှိုက်မိရသော ဘဝသို့ ရောက်ရပါ၏။ ဤသည် မှာ ဆေးလိပ်သောက်သူနှင့် နေရသောသူ၏ တစ်ပြိုင် နက်ရရှိသော ဆိုးကျိုးဖြစ်ပါ၏။

အဆိပ်များ ပါဝင်သော ဆေးလိပ်ငွေ့များသည် သင့်ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် သွေးကြောများအတွင်းသို့ လျင်မြန်စွာ စိမ့်ဝင်ကာ သွေးများနှင့်အတူ ခန္ဓာကိုယ်အတွင်း၌ လည်ပတ်စီး ဝင်သွားရာက သွေးကြောနံရံများကို ပျက်စီးစေရုံသာမက သင်၏သွေးကိုလည်း အလိုလို စေးပျစ်လာစေပါ၏။

ထိုဖြစ်စဉ်သည် သွေးကြောကျဉ်းမြောင်း မှုကို ဖြစ်စေ၍ အတန်ကြာသော် နှလုံးရောဂါအထိ ဖြစ်စေ နိုင်၏။ တိုကျိုအမျိုးသား ဗဟိုကင်ဆာ သုတေသန ဌာနမှ ဒေါက်တာ တာကေရှိဟီရယာမ၏ အစီရင်ခံစာ အရ ကြောက်မက်ဖွယ် သိရှိရသည်မှာ ဆေးလိပ် (တစ်နေ့လျှင် စီးကရက် အလိပ် ၂၀ သို့မဟုတ် ထို့ထက်ပို၍) သောက်သော ယောကျ်ားများ၏ ဇနီး များသည် ဆေးလိပ်မသောက်သော ယောကျ်ားများ၏ ဇနီးများထက် အဆုတ်ကင်ဆာနှင့် သေဆုံးရန် လေးဆ ပိုမိုများပြားနေသည်ဟူ၏။



လေ့လာချက်တွင် ဆေးလိပ်မီးခိုးငွေ့ ရှူခြင်းသည် တိုက်ရိုက် ဆေးလိပ်သောက်ခြင်း၏ သုံးပုံတစ်ပုံမှ ထက်ဝက်ခန့်ထိ အကျိုးသက်သောက်မှုရှိကြောင်း ဒေါက်တာ ဟီရယာမက ဖော်ပြထားသည်။

သူ၏ တွေ့ရှိချက်များက အဘယ်ကြောင့် မိန်းမအများအပြား အဆုတ်ကင်ဆာရောဂါ ဖြစ်ပွား ရသနည်းဟူသော ကာလကြာမြင့်စွာ ဒွိဟဖြစ်နေသည့် အချက်ကို ရှင်းလင်းပြသလိုက်ခြင်း ဖြစ်သည်ဟု ဒေါက်တာ ဟီရယာမက ယုံကြည်သည်။

အဘယ်ကြောင့်ဆိုသော် ရှူရှိုက်မိသော မီးခိုး ငွေ့၏ ၇၅ ရာခိုင်နှုန်းခန့်သည် အစီခံဖြင့် စစ်ထားခြင်း မရှိသောကြောင့် ဖြစ်သည်။ ထိုအငွေ့သည် စီးကရက် အတွင်းမှ ဖြတ်သန်းသွားခြင်း မဟုတ်ဘဲ တိုက်ရိုက် ထွက်လာခြင်းကြောင့် ဆေးလိပ်သောက်သူများ ရှူသွင် လိုက်သည့် အစီခံဖြင့် စစ်လိုက်သော မီးခိုးငွေ့ထက် ကင်ဆာဖြစ်စေသည့် ဓာတ် ပစ္စည်းများက ၁၀ ဆခန့် ပိုမိုပါဝင်နေသည်ဟု ဆိုပါ၏။

ထို့ကြောင့် ဆေးလိပ်ငွေ့သည် ကိုယ်တိုင်သောက် သုံးသူများကိုသာမက တစ်ဆင့်ခံ ရှူရှိုက်မိသူတို့အားလည်း အန္တရာယ်သည့် အလွန်မှများပါသည်။ ထို့ကြောင့် ဆေးလိပ်သောက်သူများ၏ ဘေးဝန်းကျင် တွင် နေထိုင်၊ လုပ်ကိုင်၊ စုစည်းကြရသော သန့် ပေါင်



www.burmeseclassic.com

www.burmeseclassic.com



များစွာ အရေအတွက်ရှိ လူများ၏ နှောင်ရေးသည် စိတ်မအေးဖွယ်ပင် ဖြစ်နေပါ၏။

ဆွစ်ဇာလန်နိုင်ငံရှိ ဗူးရစ်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ စမ်းသပ်လေ့လာမှုများအရ ဆေးလိပ်မသောက်သူတစ်ယောက်သည် ဆေးလိပ်ငွေ့ဖုံးသော အခန်းအတွင်း၌ နာရီဝက်မျှ နေမိလျှင် စီးကရက်တစ်လိပ်ကို ကိုယ်တိုင်သောက်လိုက်မိသကဲ့သို့ သူတို့၏ သွေးထဲတွင် တူညီသော ပမာဏရှိသည့်, ကာဗွန်မိုနော့ဆိုက်ဓာတ်များ ဖြစ်ပေါ်လာသည်ဟု ဆိုသည်။

အခြားသော သုတေသန တွေ့ရှိချက်များကလည်း ဆေးလိပ်သောက်သော မိဘများ၏ ကလေးများသည် ဆေးလိပ်မသောက်သော မိဘများ၏ ကလေးများထက် အဆုတ်ပြွန်ရောင်နာ Bronchitis နမိုးနီးယားခေါ် အဆုတ်ရောင်နာနှင့် ပသီရောင်နာ အပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ပို၍ခံစားရကြောင်း ဖော်ပြခဲ့ကြသည်။ ယင်းရောဂါများသည် ကိုအရွယ်တွင် အသက်ကို အန္တရာယ်ပြုနိုင်သည်။

ကိုယ်ဝန်ဆောင်ချိန်တွင် ဆေးလိပ်သောက်ခြင်းသည် သန္ဓေသား၏ အသက်ရှူမှုကိစ္စကို အနှောင့်အယှက်ဖြစ်စေသည်။ ထို့ကြောင့် နှစ်ယောက်စာ ဆေးလိပ်မသောက်ပါနှင့်။ ယခင်က ကိုယ်ဝန်ဆောင် မိန်းမများ





ကို 'နှစ်ယောက်စာ' စားရန် ပြောခဲ့ကြသည်။ ယခုမူ ထိုစကားကို အကယ်၍ သင်သည် ကိုယ်ဝန်ရှိပြီး စီးကရက်များ သောက်သည်ရှိသော် သင့်အနေနှင့် တကယ်ပင် 'နှစ်ယောက်စာ' ဆေးလိပ်သောက်ခြင်းမည်ကြောင်း ပညာပေးလျက်ရှိ၏။ ကိုယ်ဝန်ရှိသည်နှင့် တစ်ပြိုင်နက် ဆေးလိပ်ဖြတ်ခြင်းဖြင့် ကလေးအားတစ်သက်တာ လက်ဆောင်မွန်တစ်ခုပေးပါ။ သာလွန်ကောင်းမွန်သည့် အချက်က မိခင်သည် ကျန်သည့်ဘဝတစ်လျှောက်လုံး ဆေးလိပ်သောက်ခြင်းကို ဆက်လက် ရှောင်ကြဉ်သွားပါက မိခင်သည် သားငယ်ကို အကြောင်းပြု၍ ဆေးလိပ်ပြတ်သောဘဝသို့ ရောက်ရှိကအမြတ်အစွန်း ဖြစ်ပါသည်။

ဆေးလိပ်မသောက်သူများ၏ ကလေးများသည် မွေးကတည်းက အရာရာတွင် တစ်ပန်းသာလျက်ရှိသည်။ သူတို့သည် မွေးဖွားရာတွင် ပုံမှန်အရွယ်အစား၊ ကျန်းမာသော အနေအထားရှိရန် အလားအလာ ပိုများသည်။ ကိုယ်ဝန်ဆောင်ချိန် ဆေးလိပ်သောက်သော အမျိုးသမီးများတွင် ကိုယ်အလေးချိန် လျော့နည်းသော ကလေးများ မွေးဖွားတတ်သည်။ အလေးချိန်လျော့နည်းခြင်းအားဖြင့် မွေးခါစ ကလေးများအတွက် အန္တရာယ် ဖြစ်စေပါသည်။

ဆေးလိပ်ငွေ့ ရှူရှိုက်ရသော ကလေး များသည်



www.burmeseclassic.com

www.burmeseclassic.com



မွေးပြီး နောက်ပိုင်းကာလတွင်လည်း ခံစားရမှုများရှိသည်။ ဆေးလိပ်မသောက်သော မိဘများ၏ ကလေးများသည် ၁၁ နှစ်အရွယ်တွင် ဆေးလိပ်သောက်သော အမျိုးသမီးများ၏ ကလေးများထက် စာသင်ရာ၌ သုံးလမှ ငါးလအထိ သာလွန်ကြောင်း သိရသည်။ ဆေးလိပ်မသောက်သော မိဘများ၏ ကလေးများသည် သူတို့ကိုယ်တိုင်လည်း ဆေးလိပ်သောက်သုံးမှုများဖြစ်မည့် အခွင့်အလမ်း ပိုမိုနည်းပါးကြသည်။

ဆေးလိပ်သောက်ခြင်းသည် လူကို ပျင်းရိလေးတွဲ့စေသည်။ ဆေးလိပ်မီးခိုးငွေ့တွင် ပါရှိသော ကာဗွန်မိုနောက်ဆိုက်ဓာတ်က လူ၏ သွေးအတွက် အောက်စီဂျင်ဓာတ် သယ်ဆောင်မှုကို အခက်အခဲ တွေ့စေသည်။

ဆေးလိပ်သောက်ခြင်းဖြင့် ကုန်အကျများသည်။ တစ်နေ့လျှင် စီးကရက်နှစ်ဘူး သောက်သော မောင်နှံအတွက် တစ်နှစ်လျှင် ဆေးလိပ်ကြောင့် အကုန်အကျ ကျပ် ၇၀၀၀၀ ကျော် ရှိသည်။

အဆိုးဆုံးအချက်မှာ ဆေးလိပ်သည် ဆေးလိပ်သောက်သုံးသူ တစ်ဦးအား အထက်ဖော်ပြပါ ရေးသားချက်အားလုံးကို ပေယျာလကံပြုရန် ဆွဲဆောင်ထားခြင်းဖြစ်သည်။ ထို့ကြောင့် မငြင်းပယ်နိုင်သော ဖော်ပြပါ အန္တရာယ်များကြားမှ ဆေးလိပ်သည် လူကြီးသုံးယောက်တွင် တစ်ယောက်ကို ဖမ်းစားလျက်ပင် ရှိသေးသည်။





"ဆေးလိပ်သောက်ခြင်းဟာ စိတ်ကို ငြိမ်သက်စေတယ်၊ အလုပ်လုပ်ရာမှာ ကူညီတယ်၊ တွေးတောလို့ကောင်းတယ်၊ ဒါကြောင့် ဆေးလိပ်သောက်ရတာပါ" လို့ ဆေးလိပ်သောက်သူများက ပြောတတ်ကြ၏။ ဒါပေမယ့် သူတို့မပြောတဲ့ အချက်ကတော့ ဆေးလိပ်မသောက်ရရင် သူတို့ ဘာကိုမှ ရှောရှောရှူရှူ လုပ်လို့မရဘူးဆိုတဲ့ အချက်ဖြစ်သည်"ဟု ကိုလံဘီယာ တက္ကသိုလ်မှ စိတ္တဗေဒပညာရှင် စတင်ဟက်ရှတာက ပြောဆိုသည်။

ခန္ဓာကိုယ် အလေးချိန် တိုးမှာကြောက်၍ ဆေးလိပ်မဖြတ်ဘဲ ဆက်လက်သောက်နေရပါသည်ဟု ဆင်ခြေမပေးပါနှင့်။ သုတေသနပြုချက်များက ဆေးလိပ်ဖြတ်သောလူများသည် လေ့ကျင့်ခန်းယူပြီး ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ စားသုံးပါလျှင် ဆေးလိပ်ကို တစ်ခါမျှ မသောက်သူများကဲ့သို့ပင် ကိုယ်အလေးချိန် ထိန်းသိမ်းထားနိုင်ကြောင်း ဖော်ပြနေပါသည်။ ဆေးလိပ်ဖြတ်လိုက်ခြင်းအားဖြင့် သင်၏ စိတ်ခံစားမှုသာမက လျှာအရသာ ခံစားမှုပါ ကွဲပြားခြားနားလာကြောင်း တွေ့ရှိရမည် ဖြစ်သည်။

သင့်အနေနှင့် ဆေးလိပ်မသောက်သူ တစ်ယောက် ဖြစ်လာသောအခါ အစားအသောက်များကို ပိုမိုနှစ်ခြိုက်လာမည်၊ အရသာကို ပိုမိုတွေ့ရှိ ခံစားလာ



www.burmeseclassic.com

www.burmeseclassic.com



မည်။ သင်စားသော အစားအစာများတွင်လည်း ပိုမို၍ စိတ်ဝင်စားလာမည် ဖြစ်ပေသည်။

ဆေးလိပ်သောက်သူများ အရေအတွက် ၁ ရာခိုင်နှုန်း ကျဆင်းနေသော ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် တရုတ်ပြည်သည် ဆေးလိပ်သောက်ခြင်းကို တားမြစ်ပိတ်ပင်သည့် လုပ်ဆောင်ချက်များကြားမှ ဆေးလိပ်သောက်သူ တစ်နှစ်လျှင် ၂ ရာခိုင်နှုန်း တိုးမြင့်နေသည်။ တရုတ်ဝန်ကြီးချုပ် လီပိန်းက ပြည်သူ့လွှတ်တော်ခန်းမကြီးကို ဆေးလိပ်မသောက်ရဇုံအဖြစ် သတ်မှတ်ခဲ့သည်။

တရုတ်လေကြောင်းများ၊ သင်္ဘောများ၊ ရထားများ၊ ဘတ်စ်ကားများ၊ တက္ကစီကားများ၊ မြေအောက်ရထားနှင့် ဧည့်ခန်းများအားလုံးတွင်လည်း ဆေးလိပ်သောက်ခြင်းကို တရားဝင်တားမြစ် ပိတ်ပင်ထားသည်။

ကမ္ဘာတွင် ဒုတိယလူဦးရေ အများဆုံးဖြစ်သည့် အိန္ဒိယပြည်တွင် တက္ကသိုလ်ကျောင်းသားများ အကြားမှလွဲ၍ ဆေးလိပ်သောက်သည့် လူဦးရေ ကျဆင်းနေသည်။ အိန္ဒိယသည် ကမ္ဘာတွင် တတိယအကြီးဆုံး ဆေးလိပ်ထုတ်လုပ်သည့် နိုင်ငံဖြစ်သည်။ ၎င်း၏ ဆေးလိပ် ၈၅ ရာနှုန်းခန့်ကို ပြည်တွင်းဈေးကွက်တွင် သုံးစွဲနေကြသည်။

ထို့ကြောင့် ဆေးလိပ်သည် သောက်သုံးသူကို





သာမက သူ့အေးမှ မသောက်သုံးသူကိုပါ အန္တရာယ်ပြုနေကြောင်း ထပ်မံ၍ တိုးတက်သိရှိလာပြီဖြစ်ရာ ဆေးလိပ်အန္တရာယ်ကို အမျိုးသား ကျန်းမာရေး အန္တရာယ်တစ်ရပ်အဖြစ် သတ်မှတ်၍ နိုင်ငံကြီးများနည်းတူ ဆေးလိပ်ကြော်ငြာများကို ကန့်သတ်သင့်ကြောင်း ရေးသားရပါသည်။

စာမျက်နှာ ၁၁၁ တွင် ပြထားသောပုံမှာ စင်ကာပူနိုင်ငံ၌ နေရာတကာတွင် ကပ်ထားသော ဆေးလိပ်တစ်လိပ်အား သရုပ်ခွဲပြသထားသည့် ပိုစတာပုံဖြစ်ပါ၏။

ထိုပိုစတာကို စင်ကာပူနိုင်ငံ အနှံ့အပြားနှင့် လူစည်ကားရာ နေရာများ၊ ဘတ်စ်ကားဂိတ်ကြီးများ၊ မြေအောက်ရထားလမ်းများ၊ ဘူတာအဝင်ဝများတွင် လုံလောက်အောင် ချိတ်ဆွဲပညာပေးထားပါ၏။

ထိုပိုစတာတွင် စီးကရက်တစ်လိပ်ကို ဖော်ပြထားပြီး အပေါ်တွင် Portrait of a Killer လူသတ်ကောင်၏ ရုပ်ပုံလွှာဟု ရေးထားပါ၏။

ထို့နောက် တစ်လိပ်ကို သောက်သုံးလိုက်ပါက ဖော်ပြပါ ပစ္စည်းများအပြင် ဓာတုပစ္စည်း ၄၀၀၀ ကျော် ရှူသွင်းလိုက်ခြင်းဖြစ်သည်ဟု ပိုစတာက ဆိုပါ၏။

ဆေးလိပ်တွင် ပါဝင်သော အခြား ဓာတုပစ္စည်း ၁၀၀၀ ကျော်၏ အမည်ကို ဖော်ပြထားခြင်း မရှိသော်



www.burmeseclassic.com


www.burmeseclassic.com



လည်း ဖော်ပြထားသော အဆိပ်ပစ္စည်းများသည်ကား တစ်ဖက်ပါအတိုင်း ဖြစ်ပါ၏။

[လူသတ်ကောင်၏ ရုပ်ပုံလွှာ]

**သင် ဆေးလိပ်သောက်သောအခါ အောက်ဖော်ပြပါ ဓာတ်ပစ္စည်းများ အပါအဝင် ဓာတ်ပစ္စည်း ၄၀၀၀ ကို ရှူသွင်းလိုက်ခြင်းဖြစ်၏။**




ကင်ဆာဖြစ်စေသော ဓာတ်ပစ္စည်းများ





**အဘယ်ကြောင့် အဆိပ်ကို စွဲလမ်းနေမည်နည်း။**

အဆီတုံး (သုတ်ဆေးဖျက်ဆေး)
ဟိုက်ဒြိုဂျင်ဆိုင်ယာနိုက် (ဓာတ်ငွေ့ခန်းများတွင် အသုံးပြုသော အဆိပ်)
ကတ္တရာ (လမ်းခင်းကတ္တရာ)
အမိုးနီးယား (ကြမ်းပိုးသတ်ဆေး)
မက်သနော (ဒုံးပျံလောင်စာ)
တော်လျူအင် (စက်မှုလုပ်ငန်းသုံးဖျော်ရည်)
နီကိုတင်း (အင်းဆက်ပိုးသတ်ဆေး)
အာဆဲနစ် (ခြသတ်ဆေး)
နက်သာလင်း (ပရုတ်လုံး)
ကက်ဒမီယမ် (ကားဘက်ထရီများတွင်သုံးသည်)
ဖီနော (အပုပ်နိုင်ဆေးနှင့် ပိုးမျိုးဖျက်အဆိပ်)
ကာဗွန်နော့ဆိုဒ် (ကားအိတ်ဇောမှ အဆိပ်ငွေ့)
ဗျူတိန်း (ဓာတ်ငွေ့မီးခြစ်သုံးလောင်စာ)
ဒီဒီတီ (အင်းဆက်ပိုးသတ်ဆေး)
နက်သိုင်လာမင်း)
ပိုင်ရင်း
ဘင်ဇိုဖိုင်ရင်း
ဗီနိုင်းကလိုရိုက်
တော်လျူဒင်း
ယူရီသိန်း



www.burmeseclassic.com

www.burmeseclassic.com



* နီကယ်
* ပိုလိုနီယမ် ၂၁၀

(*) ပြထားသော ပစ္စည်းများသည် ကင်ဆာဖြစ်စေ၏။

ဆေးလိပ်တွင် အထက်ဖော်ပြပါ အဆိပ်များ အပြင် အခြား ဓာတုပစ္စည်း ၄၀၀၀ ပါဝင်သည်။ ထို့ကြောင့် ဆေးလိပ်သောက်သူများအတွက် ရွေးချယ်ရမည့်လမ်းသည် နှစ်လမ်းရှိ၏။ ထိုလမ်းနှစ်သွယ်မှာ-

**သောက်မလား၊ သေမလား** ဟူ၍ဖြစ်ပြီး ယခု ဆက်၍ မေးရမည့် မေးခွန်းမှာ သင် **လူသတ်ဦးမလား?** **သင့်ဘေးမှ သင့်ပတ်ဝန်းကျင်ကို သတ်သွားဦးမလား** ဟူ၍ ဖြစ်ပါသည်။

❒



## အခန်း (၁၇)

# မြို့ကြီးသားများ ကိုယ့်အမှိုက်ကိုယ်သိမ်း

ကျွန်တော်သည် ပြီးခဲ့သော ဆယ်စုနှစ်ကာလ ၁၉၉၁ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ကမ္ဘာ့အရှေ့ အနောက် နိုင်ငံအများအပြားကို ရောက်ဖြစ်ခဲ့သည်။ ကမ္ဘာပေါ်တွင် စစ်တားဆီးရေး၊ ငြိမ်းချမ်းရေး အစရှိသော ကိစ္စများကို တရစပ်လုပ်နေရသလို ယနေ့ကမ္ဘာတွင် မြို့ပြများမှ ထွက်ရှိသော အမှိုက်သရိုက်များကိုလည်း တရစပ် ရှင်းလင်းဖယ်ရှားနေကြရ၏။ မြို့ကြီးများမှ ထွက်ရှိသော အမှိုက်ရှင်းလင်းရေး စနစ်များ တစ်နေ့ချို့ယွင်းပါက တစ်နေ့ ပြဿနာတက်ကာ မြို့ကြီးများတွင် ရုတ်ချည်း အမှိုက်ပုံကြီးများ တောင်ပုံယာပုံ ဖြစ်လာနိုင်၏။ ဗုံးဖောက်ခွဲသလို အမှိုက်ပုံကြီးများမှ ရောဂါပိုးမွှား



www.burmeseclassic.com

www.burmeseclassic.com



များ၊ ရောဂါဖြစ်စေသော ယင်ကဲ့သို့သော အကောင်များ ပေါက်ပွားစေနိုင်၏။ ချက်ချင်း ရောဂါများ ကူးစက်ပြန့်ပွားစေနိုင်၏။ အနံ့အသက်ဆိုးများ ချက်ချင်းပျံ့နှံ့စေနိုင်ပါ၏။ ထို့ကြောင့် ယနေ့ခေတ် လူသားသည် အမှိုက်ရှင်းလင်းရေး ပြဿနာကို နေ့စဉ်နှင့်အမျှ လုပ်ဆောင်နေကြရသော လူသားဖြစ်သည်။

ဥရောပနှင့် မြောက်အမေရိက နိုင်ငံများသည် ငွေကြေးပြည့်စုံခြင်း၊ တိုင်းပြည်များ ခေတ်မီတိုးတက်ခြင်း၊ ပြည်သူလူထု ကျန်းမာရေး အသိပညာနှင့် ပြည်သူ့နီတိ သိရှိလိုက်နာခြင်းတို့ကြောင့် အမှိုက်ကို နိုင်နိုင်နင်းနင်းနှင့် စနစ်တကျ သိမ်းဆည်းနိုင်ကြသည်။ လန်ဒန်တွင် အမှိုက်ကို ပလပ်စတစ် အိတ်အနက်ကြီးများနှင့် သိမ်းသောစနစ် ရှိသလို အမှိုက်ပုံများ ထားရှိသိမ်းဆည်းသော စနစ်လည်းရှိသည်။ မိသားစုများသည် မိမိတို့အိမ်မှ ထွက်ရှိသော အမှိုက်များကို ပလပ်စတစ်အိတ်ကြီးတွင်ထည့်၍ အိမ်ရှေ့ သို့မဟုတ် အိမ်နောက်ဖေးတွင် ချထားကြသည်။ သက်ဆိုင်ရာမှ ထိုအမှိုက်အိတ်များကို နေ့စဉ် လာရောက်သိမ်းယူသည်။

တစ်ချိန်တည်းမှာပင် ရပ်ကွက်တိုင်း၌ သံမဏိ အမှိုက်ပုံကြီးများရှိသည်။ ထိုအမှိုက်ပုံများသည် လော်လီကားတစ်စီး၏ ကိုယ်ထည်မျှလောက် ကြီး၏။ ထိုကဲ့သို့သော အမှိုက်ပုံကြီးမျိုး လေးခုစီတန်းထားသည် အချို့





အမှိုက်ပုံးများသည် ရောမ ပလပ်စတစ်ပုံးကြီးများဖြစ်၏။ ယင်းတို့သည် မိုးလုံ ယင်လုံဖြစ်သည်။

တစ်ရပ်ကွက်တွင် ထိုလိုအမှိုက်ပုံမျိုး လေးပုံးစီထားရှိ၏။ တစ်ပုံးမှာ စက္ကူသတင်းစာနှင့် စာအုပ်အမှိုက်များကို ထည့်ရန်ဖြစ်သည်။ အခြားက ပုလင်းများထည့်ရန်ဖြစ်သည်။ အခြားပုံးက ပလပ်စတစ်များထည့်ပြီး နောက်တစ်ပုံးတွင် မီးဖိုချောင် အမှိုက်များ ထည့်ကြသည်။ မိမိတို့အိမ်တွင် ပုလင်းနှင့် သတင်းစာ စာအုပ်စက္ကူများ အလွန်များနေပါက လမ်းထိပ် အမှိုက်ပုံးကြီးများတွင် သွား၍ထည့်ကြသည်။ မြို့ထဲသို့သွားရင်း ဈေးသွား၍ အမှိုက်များ ကားဖြင့်သယ်သွားကာ ခွဲခြားထားသော အမှိုက်ပုံးများတွင် စက္ကူကသတ်သတ်၊ ပုလင်းကသတ်သတ်၊ ပလပ်စတစ်ကသတ်သတ်၊ အထွေထွေ မီးဖိုချောင်အမှိုက်က သတ်သတ် ထည့်ကြ၏။ ဤကိစ္စကို ရပ်ကွက်လူထုက စနစ်တကျနှင့် မှန်မှန်ကန်ကန် လုပ်သည်။ လမ်းဘေးတွင် အမှိုက်ပုံလေ့မရှိ။ လမ်းဘေးတွင် အမှိုက်ဖွန့်ပစ်သော လူလည်းမရှိပေ။ လူထုကိုယ်တိုင်က အသိရှိရှိဖြင့် အမှိုက်သိမ်းစနစ်တွင် ပါဝင်လုပ်ဆောင်သောကြောင့် အောင်မြင်သည်။

အာရှ၏ မြို့ကြီးအများစုတွင်လည်း အမှိုက်ကို ပလပ်စတစ်အိပ် အနက်များနှင့် သိမ်းသည်များ၏။ စင်ကာပူနှင့် ဆိုးလ်မြို့ကြီးများသည် ဥရောပမြို့ကြီးများ



www.burmeseclassic.com

www.burmeseclassic.com



နီးနီး အမှိုက်သိမ်းစနစ် ကောင်းမွန်သည်။ ဗန်ကောက်၊ ကွာလာလမ်ပူ၊ ဟောင်ကောင်၊ မကာအို၊ ရန်ကုန်စသော မြို့များသည် အမှိုက်သိမ်းစနစ် မတိမ်းမယိမ်းသာရှိသော မြို့များဖြစ်၏။ ဘင်္ဂလားဒေ့ရှ်၊ ကိုလံဘိုနှင့် အိန္ဒိယမြို့များသည် အန္တရာယ်ရှိလောက်အောင် မြို့များဖြစ်သည်။ ကာလကတ္တားဆိုပါက အမှိုက်လေထဲတွင် ပျံ့ဝဲ၍ နေရာတကာတွင် အမှိုက်များ ပြန့်ကျဲနေသည်။ မိုးရွာလျှင် ပိုဆိုးသည်၊ လမ်းထိပ်တိုင်းတွင် အမှိုက်ပုံများရှိသည်။ ကြွက်နှင့် ယင်များပေါသည်။ ဧရာမမြေကြွက်ကြီးများ လမ်းကိုဖြတ်၍ ပြေးနေကြသည်။ နွားများကလည်း မြို့လည်ခေါင်လမ်းမများပေါ်တွင် နှေးနှေးကွေးကွေး သွားနေကြသည်။ ကားများနှင့် ဓာတ်ရထားများက ခရီးသွားလူထုကို ရှောင်ရင် အဆက်မပြတ် ဟွန်းတီးကာ လူများကြားထဲမှ နှေးကွေးစွာ သွားနေကြရ၏။

ဟိန္ဒူလူမျိုးတို့က နွားကို အထွတ်အမြတ်ထားကြသောကြောင့် လမ်းဆုံလမ်းခွတွင် နွားတစ်ကောင် အိပ်နေပါကလည်း ဘယ်သူမှ မောင်းမပြစ်ဘဲ ထိုနွားကို ကွေ့ပတ်ကာ ကားများက မောင်းနေကြ၏။ မိုးစပ်စပ်ရွာပါက မဲညစ်နေသော ရွံ့ရည်တို့က အလွန်မှ ရွံစရာကောင်းသည်။ အပေါ့အပါးသွားရန် နေရာများကို လူမြင်ကွင်းမှာပင် စီမံထားကြသည်။ ရာပေါင်းများ





စွာသော အိန္ဒိယအမျိုးသားများသည် အပေါ့အပါးသွားသော လုပ်ငန်းကို မြို့လည်ခေါင်၌ပင် အုတ်နံရံဘက်သို့ လှည့်ကာ ကော့ပန်းနေကြ၏။ ထို့ကြောင့် ကာလကတ္တား မြို့၏ အချို့သော အောက်ထပ်များသည် လူများ နေ၍မရလောက်အောင် ဆိုးသည်။ ကြွက်များနှင့် ပိုးဟပ်များသာ နေကြသည်။ ကာလကတ္တားမြို့၏ အဆိုးဝါးဆုံး ကိစ္စမှာ မြို့နေလူဦးရေ တစ်ဝက်နီးပါးသည် လမ်းဘေးတွင် နေကြသည်။ ကားကတ္တားမြို့၏ လူဦးရေးသည် ၂၄ သန်းမျှရှိရာ ၁၂ သန်းက လမ်းဘေးနေ လူတန်းစားဖြစ်သည်။ သူတို့သည် လမ်းဘေးရှိ ကြွက်များ၊ ဖွက်များ၊ ရွံ့မဲများနှင့်အတူ သုံးပေလောက်သာမြင့်သော ဂုံနီအိတ်နှင့် ပလပ်စတစ်မိုး ကြွက်တွင်းလို တဲများတွင် နေကြရသည်။

မိသားစု တစ်စုအတွက် တဲအကျယ်အဝန်းမှာ ခြောက်ပေပတ်လည်မျှလောက်သာ ရှိသည်။ ဘယ်မိသားစုမှ ဆယ်ပေရှိသော အကျယ်အဝန်းကို မရနိုင်ကြပါ။ ကျွန်တော်က ကာလကတ္တား လမ်းဘေးနေ လူများအား အစိုးရက ရပ်ရွာမတည်ထောင်ပေးဘူးလား။ မြို့ပြရပ်ကွက် မစီမံပေးဘူးလားဟု ဆိုတော့ ကျူးကျော်လမ်းဘေးနေ လူများကို ထိုကဲ့သို့ မြို့ပြအခင်းအကျင်း စီမံပေးပါက ရွေးကောက်ပွဲများတွင် မဲရရန် စည်းရုံးရခက်သည်။ အာဏာပိုင်တို့သည် လမ်းဘေးတွင် နေထိုင်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပြုထားသောကြောင့် လမ်းဘေးနေ မဲဆန္ဒရှင် ၁၂ သန်း၏ မဲများကို အလွယ်ဖြင့် စည်းရုံး၍ရသောကြောင့် ဤအတိုင်းထားသည်ဟု ဆိုပါ၏။

ဗန်ကောက်မြို့သည် အမှိုက်သိမ်းစနစ်ကို အားကြိုးမာန်တက် ပြုလုပ်သော မြို့တစ်မြို့ဖြစ်သည်။ လမ်းဘေး အမှိုက်များကို နံနက်လင်းအားကြီး မြူနီစပါယ်လုပ်သားများက ရှင်းကြသည်။ ကတ္တရာလမ်းများကို ရေပိုက်ကြီးများနှင့် ဆေးကြသော်လည်း အမှိုက်ကို သူတို့သည် နိုင်နင်းအောင်သိမ်းဖို့ အခက်ရှိဟန်တူသော မြို့ကြီးဖြစ်၏။ ဈေးများ၏ထိပ်တွင် အမှိုက်ပုံများကို တွေ့ရသည်။ အမှိုက်ပုံများမှ ထွက်သော အရည်များက ကတ္တရာလမ်းတစ်လျှောက် စီးနေတတ်သည်ကို မကြာခဏ တွေ့ကြရ၏။ ဗန်ကောက်သည် ပလတ်စတစ်အိတ် အမဲများနှင့် အမှိုက်သိမ်းစနစ် ပြုလုပ်၏။ အမှိုက်အိတ်များနှင့် သတင်းစာစက္ကူများကို မိမိတို့ အိမ်ရှေ့တွင် ချထားရာ ညပိုင်းတွင် သက်ဆိုင်ရာမှ လာ၍သိမ်းသွားကြသည်။

အမှိုက်သိမ်းစနစ်တွင် ရန်ကုန်မြို့လည်ခေါင်သည် ဗန်ကောက်ထက် သာသည်ဟု ဆိုနိုင်သည်။ လသာလမ်း၊ လမ်းမတော်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ ဗိုလ်တထောင်အစရှိသော မြို့နယ်များတွင် အမှိုက်ကို သက်ဆိုင်ရာမှ နိုင်နင်းအောင် သိမ်းနိုင်ဟန်ရှိ





သည်။

မည်သို့ပင်ဖြစ်စေ အမှိုက်သိမ်းစနစ်သည် ပြည်သူလူထု ပူးပေါင်းပါဝင်မှုမရှိဘဲ အောင်မြင်စွာ ဆောင်ရွက်နိုင်သော လုပ်ငန်းမဟုတ်။ လူထုက အမှန်တကယ် အသိစိတ်၊ သန့်ရှင်းစွာနေလိုသောစိတ်၊ မြို့ကြီးပြကြီးသားစိတ်၊ ရောဂါဘယဖြစ်ပွားမည်ကို စိုးရိမ်သောစိတ်များနှင့် အစိုးရ၏ အမှိုက်သိမ်းလုပ်ငန်းတွင် စိတ်ရောကိုယ်ပါ ပါဝင်ကူညီမှ အောင်မြင်မည့် လုပ်ငန်းဖြစ်၏။

ဥရောပတိုက်တွင် ပြည်သူလူထုက အမှိုက်သိမ်းစနစ်ပေါ် ထားရှိသော သဘောထားမှာ **ငါတို့၏ အမှိုက်များကို အစိုးရက ဝိုင်းကူ၍ သန့်ရှင်းအောင်လုပ်ပေးနေသည်ဟု မြင်ကြ၏။ အာဖရိကနှင့် အာရှနိုင်ငံများတွင်ကား အမှိုက်သိမ်းရေးသည် အစိုးရကိစ္စဖြစ်၍ သူ့ဟာသူ လုပ်လိမ့်မည်။ အမှိုက်စွန့်ရာတွင် ငါတို့အသက်သာဆုံးနေလည်း ရသည်ဆိုသော အတွေးများရှိနေကြသည်။** မြို့ကြီးပြကြီးများတွင် အမှိုက်သိမ်းစနစ်ကို ပြည်သူလူထုက ၇၀ ရာခိုင်နှုန်း တက်တက်ကြွကြွ ပါဝင်ပြီး သက်ဆိုင်ရာ စည်ပင်ကဲ့သို့သော အဖွဲ့အစည်းက ၃၀ ရာခိုင်နှုန်း လုပ်ဆောင်ရသော ကာလတွင်မှသာ အောင်မြင်သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် အမှိုက်ကင်းစင်သော ရပ်ရွာဝန်းကျင်ကို ဖန်တီးနိုင်မည်ဖြစ်၏။ မြို့ကြီးပြကြီးတွင် နေထိုင်ကြသူများသည် သက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရာက ပြုလုပ်သော အမှိုက်သိမ်းစနစ်တွင် စိတ်ဝင်စားကြရမည်ဖြစ်၏။ ထိုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရမည်ကို အငြိမ့်ကြည့်သလို ပွဲကြည့်ရသလို ပျော်ရွှင်စွာ ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

လူထု ပါဝင်ဆောင်ရွက်မှု မရှိဘဲနှင့် အမှိုက်သိမ်းရမှုသည် စရိတ်စက ကြီးမား၍ ရေရှည်အောင်မြင်ရန်ခဲယဉ်းသည်။ လူထုက အမှိုက်သိမ်းမှုအပေါ် ထားရှိသောအခြေခံသဘောထား ပြောင်းရမည်ဖြစ်သည်။ အမှိုက်သိမ်းမှုသည် သက်ဆိုင်ရာ အစိုးရအဖွဲ့ စည်ပင်၏ အလုပ်ဟု သဘောမထားဘဲ ငါတို့မြို့၊ ငါတို့ရွာ၊ ငါတို့အိမ်မှအမှိုက်ရှင်းလင်းသိမ်းဆည်းရမည့် အလုပ်သည် ငါတို့အလုပ်ဖြစ်သည်။ ငါတို့အလုပ်ကို အစိုးရနှင့် စည်ပင်ကကူညီနေသည်ဟု သဘောထားပါမှ သန့်ရှင်း၍ အမှိုက်ကင်းသော မြို့ပြတွင် နေထိုင်ထိုက်သူတစ်ဦးအဖြစ်ခံယူနိုင်သော ပုဂ္ဂိုလ်ဖြစ်ထိုက်သည်ဟု တင်ပြရပါသည်။

□



## အခန်း (၁၈)

## စည်းကမ်းရှိသော်လည်း စေတနာမပါလျှင် မဟန်

ကျွန်တော်သည် ဥရောပ၊ အမေရိကနှင့် အာရှနိုင်ငံ တော်တော်များများကို ရောက်ခဲ့ပါသည်။ ရောက်ရာအရပ်၊ ရောက်ရာတိုင်းပြည်တွင် ပိုက်ဆံကများများမသုံးနိုင်သောကြောင့် ဘတ်(စ်)ကားကိုသာ အားထားစီးရပါသည်။ အရေးကြီးသော အခါများတွင်ကား အငှားကားကို စီးရပါသည်။ ဘတ်(စ်)ကားကို စီးခြင်းကငွေကုန်ကြေးကျ သက်သာသည့်အပြင် လမ်းတွေကိုလည်း မှတ်မိသည်။ ဘတ်(စ်)ကားပေါ်တွင် ထိုလူမျိုးတို့၏ ဓလေ့စရိုက် ယဉ်ကျေးမှုများကိုလည်း လေ့လာခွင့်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်တွင် တစ်နေ့လုံး မြေအောက်ရထားနှင့် ဘတ်(စ်)ကားများကို စီးနိုင်သည့် လက်မှတ်တစ်စောင်သည် ၁၁ ပေါင်ခန့် ပေးရ၏။ ၁၁ ပေါင်သည် မြန်မာငွေနှင့်ဆိုပါက ၇၇၀၀ ကျပ်မျှ ဖြစ်၏။ အမေရိကန်က လန်ဒန်လောက် ဈေးမကြီးပါ။ ဆိုးလ်တွင် လည်းကောင်း၊ ဟောင်ကောင်တွင်လည်းကောင်း၊ ဘတ်(စ်)ကားတော့ စီးဖူးခဲ့သည်။ ထိုစဉ်က ဘတ်(စ်)ကားစီးတိုင်း ကားခကို သူများက ပေးသောကြောင့် ဘယ်ခရီး ဘယ်လောက်ပေးရသည်ကိုမသိ။ မလေးရှားနိုင်ငံ ပီနန်ကျွန်းတွင်တော့ ကိုယ့်အိမ် ကိုယ့်ယာလို အေးအေးဆေးဆေး နေလို့ရသည်။ ပီနန်တစ်ကျွန်းလုံးကို ကျွန်တော် ဘတ်(စ်)ကားနှင့်ရော အငှားကားနှင့်ပါ သွားတတ်သည်။

တစ်ကမ္ဘာလုံးရှိ လမ်းများပေါ်တွင် မောင်းနေကြသော ကိုယ်ပိုင်ယာဉ်မောင်းများ၊ အငှားကားယာဉ်မောင်းများနှင့် ဘတ်(စ်)ကား ယာဉ်မောင်းများတွင် ရန်ကုန်မြို့ပေါ်ရှိ ယာဉ်မောင်းများသည် စည်းကမ်းစကားအပြောဆုံးနှင့် စည်းကမ်းအလိုက်နာဆုံး ယာဉ်မောင်းများ ဖြစ်ကြပါ၏။ ရန်ကုန်မြို့ရှိ ယာဉ်မောင်းများသည် စည်းကမ်းနှင့်ပတ်သက်လာလျှင် မိမိသာမက မိမိရှေ့ မြင်ကွင်းမှ ဘယ်သူဘယ်ဝါ စည်းကမ်းဖောက်သည်ကိုပါ ကြည့်၍ ယာဉ်ထိန်းရဲ အစရှိသော သူတို့မလာမီ မိမိတို့ဘာသာ မိမိတို့ တရားစီရင်ကြသည်ဟု





ဆိုနိုင်ပါ၏။ ဥပမာ ယာဉ်တစ်စီးက လမ်းနည်းနည်းများလာသည်ဟု ဆိုပါက မိမိက လမ်းမှန်နေလျှင် လမ်းများသော ကားနှင့် မိမိကားကို ခေါင်းတည့်ပေးကာ တစ်ဖက်ကားမှ အများကို တရားစီရင်ပေးတတ်၏။

မိမိက အရှိန်လေး အတော်အတန်နှင့် မောင်းလာစဉ် မိမိရှေ့မှ ကားတစ်စင်းကား ထိုအရှိန်ကိုလွတ်ရန်ကောင်းရဲ့ဟု ဆိုကာ ဖြတ်သွားလျှင် ပထမကားက အရှိန်ကို မြှင့်မောင်းပေးရင်း တစ်ဖက်ကားကို ပညာပေးတတ်ပါ၏။

သို့သော် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ဘတ်(စ်)ကားများ အငှားကားများသည် လုံးဝစည်းကမ်းမရှိပါ။ ယာဉ်ကြောကို ပြောင်းပြန်မောင်းသော ဆိုင်ကယ်များကို နေရာတကာတွင် တွေ့ရတတ်၏။ အချို့ တုတ်တုတ်ခေါ် သုံးဘီးကားများသည် ပလက်ဖောင်းပေါ်အထိပင် တက်မောင်းကြ၏။

ထိုကဲ့သို့ စည်းကမ်းမဲ့ မောင်းကြသော်လည်း ဘေးမှ ကားများက ဘာမျှမပြောချေ။ ယာဉ်တစ်စီး လမ်းပေါ်တွင် လုံးဝ စည်းကမ်းမဲ့နေသည့်တိုင် အခြားယာဉ်များက အော်ဟစ်ခြင်း၊ ဆဲဆိုခြင်း နင်ပဲသော ပြောဆိုခြင်းတို့ မရှိဘဲ ထိုယာဉ် စည်းကမ်းမဲ့နေသဖြင့် မိမိက မလွတ်မကင်းဖြစ်နေလျှင် မိမိယာဉ်ကို ရှောင်ပေးတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဗန်ကောက်ရှိ ဆီလုံလမ်းတွင် ကျွန်တော်နေရာ ထိုဆီလုံလမ်းသည် ကမ္ဘာကျော် လမ်းတစ်လမ်းဖြစ်၏။ နိုင်ငံခြားသားများအား အချဉ်ဖမ်းသည့်လမ်းလည်း ဖြစ်၏။ ထိုလမ်းတွင် နာမည်ကျော် ပက်ပုန်းလမ်းလည်း ရှိသည်။ ဆီလုံလမ်းတွင် မီးပွိုင့်များ လမ်းဖြတ်များရှိသည်။ ဆီလုံလမ်းသည် ကားများ အစဉ်ကြပ်တောက်နေသော လမ်းလည်းဖြစ်သည်။ ထိုလမ်းကို လူတစ်ယောက် သို့မဟုတ် နိုင်ငံခြားသားတစ်ဦး သို့မဟုတ် ဘယ်သူမဆို မီးပွိုင့်က စိမ်းနေသည့်တိုင် ဖြတ်ကူးရန် ဟန်ပြင်နေပါက ဘတ်(စ်)ကားဆရာများသည် ထိုလူ လမ်းဖြတ်ကူးနိုင်ရန် မိမိတို့ကားများကို ရပ်ပေးကြသည်။ မိမိကားကို ရပ်ပေးရုံသာမက လမ်းပေါ်မှ အခြားကားများလည်း ရပ်ပေးရန် မိမိတို့က အချက်ပေးပါသေး၏။

ဗန်ကောက်တွင် ကားလမ်းများကို ဖြတ်ရာတွင် မျက်စေ့မှိတ်ဖြတ်သည့်တိုင် ယာဉ်တိုက်မခံရဟု ဆိုသောအခါ အချို့က ပိုလွန်းသည်ဟု ဝေဖန်ကြ၏။ သို့သော် လမ်းဖြတ်ကူးလျှင် လမ်းပေါ်က လူကို ကားပေါ်ကလူများက ဦးစားပေးသည်မှာ ဗန်ကောက်၏ ယဉ်ကျေးမှုပင်ဖြစ်ပါ၏။

ဟောင်ကောင်နှင့် ထိုင်ဝမ်မှ အငှားယာဉ်မောင်းသမားများကတော့ ရိုင်းသည်။ တားလျှင် ရပ်ပေးချင်မှ ရပ်ပေးသလို မိမိကားပေါ်ပါလာသော ကားငှားစီးသူကို





လမ်းဘေးတွင် ချထားချင်လည်း ချထားတတ်ကြသည်။

ကျွန်တော် တင်ပြလိုသည်မှာ ရန်ကုန်ယာဉ်မောင်းများသည် စည်းကမ်းရှိသည်။ သို့သော် စေတနာမရှိကြပါ။ လမ်းပေါ်မှလူ စည်းကမ်းမဲ့လျှင်ဖြစ်စေ၊ ကားကားချင်း စည်းကမ်းမဲ့လျှင်ဖြစ်စေ၊ သေသွားချင်သလား၊ မသာဖြစ်သွားချင်လား စသည်ဖြင့် ပြောဆိုတတ်ကြသည်။ တစ်ခါက အသက် ၇၀ အရွယ် အဘိုးအိုတစ်ဦး ဘတ်(စ်)ကားပေါ်မှ ဆင်းနေသည်ကို လက်မှတ်စစ်က ဟိုးဆရာရေ ဗိုက်ကြီးသည် ဆင်းနေ လို့ဟု အော်ပါ၏။ ရန်ကုန်တွင် ကားလက်ကိုင် ကိုင်လိုက်သည်ဟု ဆိုသည်နှင့် တစ်ပြိုင်နက် သူများအမှားများ လိုက်ကြည့်ကာ မိမိကလည်း လစ်လျှင်လစ်သလို စည်းကမ်းဖောက်၍ အခြားသူများ စည်းဖောက်လျှင် ဟစ်အော်ဆဲဆိုသည်အထိ ပြုတတ်၏။ ဤသည်မှာ စည်းကမ်းအတွင်း အကင်းအကြပ် လိုက်နာစေရာမှ ပေါ်ပေါက်လာမှု ရလာဒ်ဟု ထင်ပါ၏။

ဗန်ကောက်မှ ယာဉ်မောင်းများသည် ဘယ်လိုမှ စည်းကမ်းမရှိ။ သို့သော် စေတနာအပြည့် ရှိကြ၏။ ထိုသို့ဖြစ်ရခြင်းမှာ ဗန်ကောက်လမ်းများပေါ်တွင် ကားများက ကြပ်တောက်ပြည့်သိပ်နေ၏။ ယာဉ်မောင်းများသည် မိမိလမ်းကို မိမိတို့ ရှာ၍သွားကြရသည်။ ကားကြပ်တောက်မှုများ စည်းကမ်းများကို ကျော်လွန်နေ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် စည်းကမ်းများသည် မထိရောက်နိုင်ဘဲ ရှိရာ ယာဉ်ထိန်းများရှိသည့်တိုင် စည်းကမ်းဖောက်လျှင် ယာဉ်ထိန်းများကလည်း ယာဉ်ကြော ယာဉ်တန်းကြပ် တောက်မှုကြီးတွင် ကားတစ်စီးတော့ လွတ်မြောက်သွား လေပြီဟုဆိုကာ အရေးမယူဘဲ ရှိဟန်တူပါ၏။

ဥရောပတိုက် မြို့ကြီးပေါ်မှ ယာဉ်မောင်းများ ကတော့ လေယာဉ်မောင်းသမားများအလားရှိ၏။ စည်းကမ်းကိုလည်း တိကျစွာလိုက်နာ၍ ပိုက်ဆံပေးငွားသူ ကို တံခါးပါဖွင့်ပေးပြီး ယာဉ်စည်းကမ်း ချိုးဖောက်ရန် ကိုလည်း တစ်ခါမှ စိတ်မကူးမိကြ၊ သူများယာဉ်များကို ဆိုမှု ဆဲမှုလည်းမရှိ ခွင့်လွှတ်သင့်သည်ကို ခွင့်လွှတ်၍ စည်းကမ်းဆိုသည်ကို ကားပေါ်ရောက်သည်နှင့် မိမိချောင် ချိသက်သာစွာ လိုက်နာမည့်အရာအဖြစ် သဘောထား ကာ အားလုံး အေးအေးချမ်းချမ်းသာဖြစ်၏။

ကျွန်တော် တင်ပြလိုသည်မှာ စည်းကမ်းချည်း ဖြင့်လည်း လမ်းပေါ်မှ ကားများနှင့် လူများကို ၂၁ ရာစုတွင် မထိန်းချုပ်နိုင်ပါ။ စေတနာချည်းဖြင့်လည်း ကတ္တရာလမ်းပေါ်တွင် ကားမောင်း၍ ရနိုင်မည်မဟုတ်။ စေတနာနှင့် စည်းကမ်းမျှတစွာ ထားမှသာ ယာဉ်များ အန္တရာယ်ကင်း၍ ယာဉ်တိုက်မှုလည်း နည်းမည်ဖြစ် ပါ၏။ သို့ပါ၍ ကျွန်တော်၏ အမြင်အရ ရန်ကုန်မြို့တွင် ယာဉ်မောင်းများအား စည်းကမ်းအတိအကျ လိုက်နာမှု





ကိုသာမက ကတ္တရာလမ်းပေါ်တွင် စေတနာလည်း အရေးကြီးကြောင်း အသိပညာ ပေးသင့်ကြောင်း တင်ပြ ရပါသည်။

❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

# ယောက္ခမ

ယောက္ခမဆိုသော စကားတစ်လုံးရှိ၏။

ထိုစကားလုံးကို ကြားလိုက်ရရုံဖြင့် နားကြောစိမ့်၊ ကျောချမ်းသွားရသူများ ရှိသလို ယိုစကားလုံးကို ကြားရရုံဖြင့် မျက်မှောင် ကြုတ်ကုန်သောသူများလည်း ရှိ၏။

သို့သော်လည်း ရှားရှားပါးပါး ယောက္ခမကို ချီးကျူးပြောဆိုသောသူများလည်း ရှိ၏။ မည်သို့ပင်ဆိုစေ ယောက္ခမဆိုသော စကားလုံးသည် မိန်းမသားများပင် ဖြစ်သော ချွေးမများအတွက် ရောပြွမ်းသော ခံစားမှုများကို ဖြစ်ပေါ်ပေးစွမ်းတတ်သည့် စကားလုံးဖြစ်သည်မှာ အမှန်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာမှအစ တရုတ်၊ ဂျပန်၊ ယိုးဒယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် အစရှိသော အရှေ့နိုင်ငံများတွင် ယောက္ခမသည် လူ့အဖွဲ့အစည်းတွင် အရေးအရာကိစ္စတစ်ရပ်ကဲ့သို့လည်းကောင်း၊ ပြဿနာတစ်ရပ်ကဲ့သို့လည်းကောင်း သဘောရှိ၏။ အရှေ့တိုင်းတွင် အမျိုးသားများသည် မိမိတို့၏ မိခင်ကို ဇနီးမယားနှင့်အတူထားတတ်ကြ၏။ အတူနေတတ်ကြ၏။ အာရှတိုက်သားတိုင်းက မုဆိုးမ မိခင်များကို မိမိတို့၌ စောင့်ရှောက်ကြည့်ရှုရန် တာဝန်ရှိသည်ဟု ယုံကြည်ကြသည်။ အာရှတိုက်သား အများစုသည် မိခင်၏ အနီးအနား၌ နေခြင်းသည် အကျင့်ပါနေ၏။ ဤသည်မှာ ယောက္ခမနှင့် ချွေးမတို့၏ ပြဿနာအစများလည်း ဖြစ်နေတတ်ကြသည်။

နှစ်ဦးနှစ်ဖက် ဝင်ငွေရှာနေရသော အိမ်ထောင်စုများမှ ယောကျ်ားများက အိမ်ကိုဖြစ်စေ ကလေးကိုဖြစ်စေ ကြည့်ရှုစောင့်ရှောက်ရန် သူတို့၏ မိခင်များလိုအပ်သည်ဟု ယုံကြည်ကြ၏။ တချို့ယောကျ်ားများမှာ ကိုယ်ပိုင်အိမ်ဖြင့် မနေနိုင်သောကြောင့် မိဘ၏အိမ်တွင် နေရန်မှတပါး အခြား ရွေးစရာမရှိကြသောကြောင့် ချွေးမနှင့် ယောက္ခမ အတူနေဖြစ်ကြရ၏။

သားမက်များက ယောက္ခမများနှင့်နေရန် မည်သို့မျှ သဘောမထားကြသော်လည်း များစွာသော ချွေးမ





များကမူ မနေရသည်ကို ပိုသဘောကျကြသည်။ ချွေးမများအမြင်တွင် ယောက္ခမများသည် ယေဘူယျအားဖြင့် တစ်သမတ်တည်း လုပ်ကိုင်တတ်သော အကျင့်များရှိတတ်ကြပြီး သူတို့၏ ပိုမိုများပြားသော အတွေ့အကြုံများအရ အရာရာ ဆရာလုပ်တတ်ကြသည်။ သူတို့သားအပေါ် ဩဇာအမြဲရှိနေကတ်ကြသည်ဟု အယူရှိကြ၏။ ချွေးမတိုင်း ယောက္ခမနှင့် မပြေလည်သည်တော့ မဟုတ်။ အချို့ အရှေ့တိုင်းမှ ချွေးမများသည် ယောက္ခမများနှင့် နေထိုင်ရန် နှစ်သက်သူများလည်းရှိ၏။ အဆင်ပြေစွာနှင့် အိမ်မှုကိစ္စများတွင် တစ်ယောက်နှင့်တစ်ယောက် ကူညီကြသည်။ ထိုသူတို့က ယောက္ခမနှင့် ချွေးမ အိမ်မှုကိစ္စများတွင် ကူဖော်ရသည်။ အိမ်စေများကို ထားသည်ထက် သူတို့သားသမီးအပေါ် အဘွားတော်သူ ယောက္ခမက ပို၍စိတ်ချရသည်ဟူသော အယူအဆရှိသည့် ချွေးမများလည်း ရှိ၏။ အချို့ကလည်း ယောက္ခမများကို လင်ပေါ်တွင်သာမက မြေးများတိုင် ဩဇာထူထောင်မှုကို ခွင့်မလွှတ်လိုကြ။

ချွေးမတချို့မှာ ယောက္ခမများနှင့် အဆင်မပြေသော်လည်း အိမ်တွင် စုစည်းမှု လျော့နည်းစေရန် နည်းလမ်းများ ရှာကြသည်။ မိတ်ဆွေတစ်ယောက်က အိမ်ပိုင်ရှင်ဖြစ်သော ခင်ပွန်း၏ မုဆိုးမ မိခင်နှင့် မလွဲသာမရှောင်သာ နေရသည်။ ချွေးများသော ထိုယောက္ခမ



www.burmeseclassic.com

www.burmeseclassic.com



ကို ရှောင်ကြဉ်ရန် ပိတ်ရက်တိုင်း ကျောင်းတွင် အလုပ်အများအပြား ရှိသေးသည်ဟု အကြောင်းပြပြီး ကျောင်းသို့မသွားဘဲ သူမ၏ အစ်မအိမ်သို့ဖြစ်စေ၊ အစ်ကိုအိမ်သို့ဖြစ်စေ သွားပြီးနေတတ်၏။

ချွေးမတစ်ယောက်က ယောက္ခထီးကြီး ကွယ်လွန်သောအခါ ယောက္ခမကြီးကို 'သူမကို အရာရာတွင်ဆရာမလုပ်ရ'ဟူသော ခံယူချက်ဖြင့် သူတို့နှင့်အတူလာနေရန် ခေါ်သည်။ ကိုယ်ပိုင်အိမ်ထောင်တွင် ဘုရင်မအမြဲတမ်းလုပ်ခဲ့သော ယောက္ခမကြီးက အံ့ဖွယ်ရာမလွဲမရှောင်သာ လက်ခံခဲ့သည်။ ခင်ပွန်းဖြစ်သူ မမျှော်လင့်ဘဲ သေဆုံးသွားသောအခါ ချွေးမက ထိုသက်ကြီးရွယ်အို ယောက္ခမကြီးကို ဆက်လက်၍ ကြည့်ရှုစောင့်ရှောက်ခဲ့သော ဖြစ်ရပ်တစ်ခုသည် အံ့သြဖွယ်ရာ ရှိခဲ့ဖူးသည်။ ချွေးမတစ်ယောက်က သူ ကံကောင်းသည်မှာယောက္ခမက သူပိုင် ကုန်စုံဆိုင်တွင် တစ်ပတ်လျှင်ခုနစ်ရက် အလုပ်လုပ်ပြီး မိုးလင်းသည်နှင့် ထွက်သွားကာ ညမိုးချုပ်မှ ပြန်လာသည်။ အဆက်အဆံနည်းပါးသဖြင့် ထိုချွေးမနှင့် ယောက္ခမ ပြဿနာမရှိပါချေဟုဆို၏။

တချို့သော ချွေးမများတွင် တကယ်ပင် ယောက္ခမ ပြဿနာ လုံးဝမရှိပါ။ အဘယ်ကြောင့်ဆိုသော် ထိုချွေးမတို့က မိခင်ဆုံးသွားပြီးဖြစ်သော ယောက်ျားများ





ကို ရွေး၍ လက်ထပ်ခဲ့ကြသောကြောင့်ဖြစ်၏။ သို့မဟုတ်ယောက္ခမနှင့်ဝေးရာ တစ်ရပ်တစ်ကျေးသို့ ပြောင်းနေခြင်းဖြင့် ယောက္ခမနှင့် ချွေးမ ပြဿနာ ကင်းဝေးသွားကြ၏။ သို့မဟုတ် နိုင်ငံခြားသို့ အလုပ်သွားလုပ်နေသောသူတို့ ခင်ပွန်းများနောက်သို့ လိုက်နေခဲ့ခြင်းဖြင့် ယောက္ခမနှင့် ချွေးမပြဿနာ ကင်းဝေးသွားကြ၏။

ကံမကောင်းသော ချွေးမတစ်ဦးမှာ ချမ်းသာသောယောက်ျားတစ်ယောက်ကို လက်ထပ်ခဲ့သည်။ ယောက္ခမ၏အိမ်ကြီးတွင် လိုက်နေရသည်။ ဗိုလ်ကျအနိုင်ယူသောယောက္ခမကို သူမက သည်းမခံနိုင်ဘဲ စိတ်ဆင်းရဲပြီးခင်ပွန်းနှင့် ကွာလိုက်ရသည်။ ကလေးတစ်ယောက်နှင့်တစ်ခုလပ် အမျိုးသမီးသည် တစ်ပင်လဲ၍ တစ်ပင်ထူသည်။ နောက်ယောက္ခမက သူတို့၏သားအား ကလေးပါသည့် တစ်ခုလပ်နှင့် လက်ထပ်ခြင်းကို လက်မခံ။ယောက္ခမက တစ်ခုလပ်ချွေးမကို မုန်းတီးပြီး သူ့သား၏နေအိမ်မှ နှင်ထုတ်သည်။ ထိုအခါ ချွေးမနှင့် သူ့ယောက္ခမတို့ တစ်ယောက်နှင့်တစ်ယောက် သတ်ရန်ခြိမ်းခြောက်ကြသည်အထိ ဖြစ်ခဲ့ကြ၏။

ချွေးမတစ်ယောက်မှာမူ ယောက္ခမ၏အိမ်တွင်အိမ်စေတစ်ယောက်ကဲ့သို့ ဆက်ဆံခြင်းခံရသည်။ တချို့ယောက္ခမများကလည်း ချွေးမများကို မိမိတို့အိမ်တွင်အခိုင်းအစေများ မရှိလျှင် အိမ်မှုကိစ္စများကို အခိုင်းအစေ



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ တာဝန်ယူရန် မျှော်လင့်သည်။ ချွေးမတစ်ဦးမှာ ပင်ပန်းလွန်းသဖြင့် ကိုယ်ဝန်ပျက်ကြသည်။ သူမက ကွာရှင်းမည်။ ကလေးတစ်ယောက်မှ မယူတော့ဟု ခြိမ်းခြောက်သဖြင့် ခင်ပွန်းဖြစ်သူက သူ့မိခင်နှင့်ခွဲ၍ နေရန် သဘောတူညီလိုက်ရသည်။

ချွေးမတစ်ဦးမှာ မုဆိုးမဖြစ်သူ ယောက္ခမနှင့် တိုက်ခန်းတစ်ခုတွင် အတူနေရသည်။ သူမ၏ တရားလွန်ချေးများသော ယောက္ခမမှာ အရာရာကို သပ်ရပ်သန့်ရှင်း ဖြစ်နေစေရန် လိုလားပြီး ချွေးမဖြစ်သူကို မီးဖိုညစ်ပတ်ရကောင်းလား၊ အဝတ်များ စင်အောင် မလျှော်ရကောင်းလား၊ အဝတ်ပေများကို ပစ်ထားရကောင်းလား စသည်ဖြင့် ပြစ်တင်ဝေဖန်တတ်၍ ချွေးမမှာ စိတ်ဆင်းရဲမှု များလွန်းသဖြင့် ခင်ပွန်းနှင့် ရန်ဖြစ်၍မဆုံးဘဲ ရှိနေသည်။ သူမ၏ ခင်ပွန်းကလည်း မုဆိုးမမိခင်ကို ကြည့်ရှုရန် တာဝန်ရှိသည်ဟု ခံယူထားသဖြင့် ခွဲနေရန် ငြင်းဆိုသည်။ နောက်ဆုံးတွင် သုံးပွင့်ဆိုင်အကြား နှစ်ပေါင်းများစွာ မပျော်ရွှင်မှုဖြစ်ကြပြီး နောက်ဆုံးမှ ခင်ပွန်းဖြစ်သူက ဇနီးဖြစ်သူနှင့်အတူ အိမ်ခွဲနေရန် သဘောတူခဲ့ ည်။

ထို့ကြောင့် ယောက္ခမများသည် ချွေးမများအပေါ် ထိုမျှလောက် တကယ်ဆိုးပါသလား၊ ယောက္ခမများသည် ဒါလောက်မဆိုး၊ လူများက ကောင်းသည့်





ယောက္ခမများအကြောင်း မပြောကြသောကြောင့် ဖြစ်ကောင်းဖြစ်ပါမည်ဟု ဆိုသူများရှိ၏။ ကျွန်တော်တို့က ဆိုးသော ယောက္ခမများ၏ ဇာတ်လမ်းများကိုသာ ပို၍ ကြားနေရသည်။

ချွေးများသည် ယောက္ခမများကို ပို၍သည်းခံရန် ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားသင့်၏။ ကလန်ကဆန်နိုင်သော ယောက္ခမများအား သည်းခံရန် မဖြစ်နိုင်ဘဲရှိ၏။ ယောက္ခမများသည် တခြားမိန်းမတစ်ယောက်က သူ၏သားကို မိမိထက်ပို၍ ပိုမိုပိုင်ဆိုင်ထားမှုအပေါ် ဘယ်လိုမှ လက်မခံနိုင်သော သူများလည်းရှိ၏။ ဤသို့ဖြင့် ချွေးမနှင့် ယောက္ခမ ဇာတ်လမ်းများသည် ဘောက်ကျ၍ မဆုံးနိုင်ဘဲရှိ၏။ ချွေးမနှင့် ယောက္ခမ ပဋိပက္ခ ပဲခေါ်ခေါ် ပြဿနာပဲခေါ်ခေါ် ဤကိစ္စများသည် ဆွေမျိုးမိသားစုများအတွင်း ဆက်ရှိနေဦးမည်ဖြစ်၏။

ယောက္ခမဆိုတာ တည့်အောင်ပေါင်း၊ ကျောင်းကိုထုတ်၊ ဥပုသ်ရက်ရှည်စောင့်ခိုင်းတာက အကောင်းဆုံးပေပဲလားဟုလည်း စဉ်းစားဖွယ်ရာ ရှိပါသတည်း။

❏



www.burmeseclassic.com